# THE STRUGGLE

10
SEPTEMBER
2024

တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး(လီနင်)

## ဆိုရှယ်လစ်စနစ်လား၊ အရင်းရှင်စနစ် ဘာဘာရစ်ဇင်လား



THE STRUGGLE
တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်ဘူး (လီနင်)
10
SEPTEMBER 2024

# CONTENTS

03 ဆိုရှယ်လစ်စနစ်လား၊ အရင်းရှင်စနစ် ဘာဘရစ်ဇင်လား
အယ်ဒီတာ့အာဘော်

08 ဗမာ့ ပြည်တွင်းစစ်နဲ့ မာ့(က်စ်)ဝါဒအမြင်

13 ကွန်မြူနစ်နာမည် မခံထိုက်တဲ့ ဗကပ


20 ဘင်္ဂလားဒေ့ရှ် လူထုရဲ့ တော်လှန်ရေး အောင်သီးအောင်ပွင့်ကို စစ်ဗိုလ်ချုပ်တွေ ခိုးယူမသွားစေနဲ့

24 အေအေ လော်ဘီ ရှုံဗင်ဝါဒီများသို့

29 လီနင်ဘက်က ခုခံချေပခြင်း (အပိုင်း -၂)

37 ဘော်ရှီဗစ်ဇင် စာအုပ် မြန်မာပြန် အခန်းဆက်

44 မာ့က်စ်ဘောဂဗေဒ အခြေခံ အပိုင်း (၁)






# ဆိုရှယ်လစ်စနစ်လား၊ အရင်းရှင်စနစ် ဘာဘရစ်ဇင်လား

အိုမင်းရင့်ရော်ပြီး ပျက်ကပ်ဆိုက်နေတဲ့ အရင်းရှင်စနစ်ဟာ သူနေရမယ့် သက်တမ်းကို ကျော်လွန်နေတာ ကြာခဲ့ပြီ။ အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့် ဖြစ်သော နယ်ချဲ့စနစ်ခေတ်မှာ နယ်ချဲ့စစ်၊ ပြည်တွင်းစစ်၊ ငတ်မွတ်ခေါင်းပါးမှုနဲ့ မရေမတွက်နိုင်သော အနိဋ္ဌာရုံတွေကိုပဲ မွေးထုတ်ပေးတယ်။ အစ္စရေး နိုင်ငံတော်က ပါလက်စတိုင်း ပြည်သူတွေအပေါ် ကျူးလွန်နေတဲ့လူမျိုးတုန်းသတ်ဖြတ်မှု စစ်ပွဲကြီးဟာ အရင်းရှင် နယ်ချဲ့စနစ်ရဲ့ အထင်ရှားဆုံး ရက်စက်ကြမ်းကြုတ်မှုကြီး ဖြစ်ပါတယ်။

## အသက်တချောင်းအတွက် အသက်တချောင်း

“မျက်လုံးတလုံးအတွက် မျက်လုံးတလုံး၊ သွားတချောင်းအတွက်သွားတချောင်း၊ အသက်တချောင်းအတွက် အသက်တချောင်း”လို့ သမ္မာကျမ်းစာမှာ ဆိုထားတယ်။ ဘန်ဂျမင် နတန်ညာဟု ခေါင်းဆောင်တဲ့ အစ္စရေး နိုင်ငံတော်ရဲ့ ရာဇဝတ်မှုတွေကို ဆန်းစစ်ကြည့်လိုက်ရင် “အသက်တချောင်းအတွက် အသက်တချောင်း” ဆိုတာ မမှန်ဘူး၊ အစ္စရေး နိုင်ငံသား တယောက်သေတိုင်း ပါလက်စတိုင်း ပြည်သူ (ယောက်ျား၊ မိန်းမ၊ ကလေးအားလုံး) ရာထောင်ချီ အသတ်ခံရတယ်။ ပြီးခဲ့တဲ့ ၂၀၂၃ အောက်တိုဘာ ၇ ကစလို့ ပါလက်စတိုင်း ပြည်သူ ၄၀၁၃၀ ကျော် အသတ်ခံထားရပြီးပြီ။

ဝမ်းနည်းဖွယ် ဒီအချက်အလက်တွေ အများသိပြီးဖြစ်လို့ထပ်ရေးမပြလိုပါ။ ဒါပေမယ့် အနောက် အရင်းရှင် နယ်ချဲ့ လက်ဝေခံ မီဒီယာတွေက ဒီအချက်အလက်တွေကို သတင်းအဖြစ် တင်ဆက်တဲ့အခါ ‘ဟားမတ်(စ်)တွေ ထိန်းချုပ်ထားသော ပါလက်စတိုင်း ကျန်းမာရေး ဝန်ကြီးဌာန၏ အဆိုအရ’ လို့ စကားခံပြီး ပြောလေ့ရှိတယ်။ ဒီလို ပြောလိုက်ခြင်းအားဖြင့် သေဆုံး စာရင်းတွေရဲ့ တိကျမှန်ကန်မှုကို သံသယ ဝင်သွားစေတယ်၊ စစ်ဖြစ်နေတဲ့ဘက်နှစ်ဘက်က တဖက်ရန်သူကို အပြစ်ဖို့လို့ ကောင်းအောင် သေဆုံးစာရင်းတွေ မဟုတ်မမှန် လုပ်ကြံလေ့ရှိတာပဲလို့ ထင်မြင်ယူဆသွားစေတယ်။ တကယ်တော့ ဂါဇာ ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြထားတဲ့ သေဆုံး စာရင်းတွေဟာ ဖောင်းပွခြင်း မရှိရုံသာမက ကုလ ကယ်ဆယ်ရေး ဝန်ထမ်းတွေ သီးခြားကောက်ယူထားတဲ့ စာရင်းတွေထက်တောင် လျော့နည်းနေတာ

တွေ့ရတယ်။[1]

အခုပြောခဲ့တဲ့ သေဆုံးစာရင်းတွေဟာ အတည်ပြုလို့ ရသလောက်ပဲ ရှိပါသေးတယ်။ တကယ့် လက်တွေ့မှာ ဒီထက် အဆမတန် များပါတယ်။ ဟားမတ်(စ်)တွေဘက်က ဒီလို ပြောထားတာ မဟုတ်ဘူး၊ ဩဇာတိက္ကမ ကြီးမားတဲ့ ဆေးပညာ ဂျာနယ် '*The Lancet*' မှာ အဲသလို ဖော်ပြထားခြင်း ဖြစ်တယ်။[2]

အစ္စရေးဘက်က လေကြောင်း တိုက်ခိုက်မှုတွေကြောင့် ဂါဇာမှာရှိတဲ့ အဆောက်အဦ ၅၆% ကျော်ဟာ အုတ်ကျိုးအုတ်ပဲ့ ဘဝ ရောက်သွားခဲ့ပြီ။ ပြိုကျပျက်စီးသွားတဲ့ ဒီအုတ်ပုံတွေအောက်မှာ မဖော်ထုတ်နိုင်သေးတဲ့ အလောင်းတွေ ၁၀၀၀၀ ကျော် ရှိမယ်လို့ ကုလသမဂ္ဂက ခန့်မှန်းထားတယ်။[3] ပါလက်စတိုင်း ပြည်သူတွေမှာ ရှိတဲ့ ကိရိယာ တန်ဆာပလာတွေနဲ့သာ ဒီအလောင်းတွေကို ဖော်ယူရရင် သုံးနှစ် ကြာသွားလိမ့်မယ်လို့ ကုလသမဂ္ဂက ပြောပါတယ်။ ဒါ့အပြင် ပါလက်စတိုင်း ကလေးငယ် ၂၀၀၀၀ ကျော် 'ပျောက်ဆုံး'နေတယ်။ ဘီဘီစီ၊ ဗွီအိုအေ၊ ခေတ်သစ်၊ ဧရာဝတီ၊ မြန်မာနောင်း၊ အစရှိတဲ့ မီဒီယာတွေမှာ ဒီသတင်းတွေ ဘာ့ကြောင့် မဖော်ပြပါသလဲ။

ဒါတင် မကသေးဘူး။ အစ္စရေး နိုင်ငံတော်ရဲ့ သားသတ်ပွဲ စစ်ဆင်ရေးကြီးကြောင့် 'တိုက်ရိုက်' သေဆုံးသွားတဲ့ လူဦးရေထက် 'သွယ်ဝိုက်' သေဆုံးသွားနိုင်တဲ့ လူဦးရေက '၃ ဆကနေ ၁၅ ဆ' အထိ ရှိနိုင်တယ်။ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အခြေခံ အဆောက်အဦတွေ ဖျက်စီးခံရတယ်၊ အစာရေစာ၊ နေစရာ ဆိုးဆိုးဝါးဝါး ပြတ်လပ်နေတယ်၊ အစ္စရေးဘက်က တမင်တကာ ဖြတ်တောက်ထားတယ်။ လွတ်ရာ ပြေးလို့ မရဘူး။ ပြေးတဲ့ နေရာ လိုက်သတ်တယ်။ လူသားချင်းစာနာမှု အကူအညီတွေ မပေးနိုင်အောင် ပိတ်ပင်တားဆီးတယ်၊ ရံပုံငွေ ဖြတ်တောက်တယ်။ ရေးပြရရင် ဆုံးမယ် မထင်။ အဲဒီလို အကြောင်းတရားတွေကြောင့် သွယ်ဝိုက် သေဆုံးနိုင်သော လူဦးရေကို လျှော့လျှော့ပေါ့ပေါ့ တွက်ရင်တောင် ၁၈၆၀၀၀ ကျော်သွားနိုင်တယ်လို့ 'The Lancet' မှာ ဖော်ပြထားတဲ့ ဆောင်းပါးက ဆိုပါတယ်။

ဒါကိုမှ ဂျီနိုဆိုက် မခေါ်ရင် ဘယ်လို ခေါ်ရမလဲ။ အစ္စရေး နိုင်ငံတော်ရဲ့ ဂျီနိုဆိုက် စစ်ပွဲကို အမေရိကန် ခေါင်းဆောင်တဲ့ အရင်းရှင် နယ်ချဲ့ ပါဝါတွေက အင်တိုက်အားတိုက် ထောက်ပံ့ပေးထားတယ်။ နတန်ညာဟာ အစိုးရကို ဒေါ်လာ ဘီလျံပေါင်းများစွာ ပံ့ပိုးပြီး ပါလက်စတိုင်း ပြည်သူတွေရဲ့ ဒုက္ခကို မိကျောင်းမျက်ရည် ကျပြတယ်။

ဂျီနိုဆိုက် စွပ်စွဲချက် တင်ခံထားရတဲ့ မင်းအောင်လှိုင်ဟာ မိုက်မိုက်ကန်းကန်းနဲ့ စစ်အာဏာသိမ်းပြီး ပြည်သူကို ရက်ရက်စက်စက် ချေမှုန်း သတ်ဖြတ်နေသလိုပဲ စစ်မိစ္ဆာ နတန်ညာဟု အနေနဲ့လဲ ဒီစစ်ပွဲကို ရပ်လိုက်လို့ မရဘူး။ သူ့နိုင်ငံရေး ဘဝ ကြမ္မာနဲ့ ဆက်စပ်နေတယ်။ သူသာ နိုင်ငံရေး အာဏာ ပလ္လင်ပေါ်က ဆင်းသွားရရင် ထောင်နှစ်ရှည်ကျဖို့ သေချာသလောက်ပဲ။ ဒါ့ကြောင့် စစ်ကို ဆွဲဆန့်နေတယ်။

မေ ၃၁ မှာ ဘိုင်ဒင် အစိုးရဘက်က အပစ်ရပ်ရေး အစီအမံ မူကြမ်းတခု ကြေညာခဲ့တယ်။ ဟားမတ်(စ်)ဘက်က သဘောတူခဲ့တယ်။ စစ်ကို ဆွဲဆန့်လိုတဲ့ နတန်ညာဟုဘက်က နောက်ထပ် တောင်းဆိုချက်တွေ တမျိုးပြီးတမျိုး ထပ်ဖြည့်ခိုင်းပြီး စေ့စပ်ညှိနှိုင်းမှုကို ဖျက်ပစ်တယ်။ နောက်ဆုံး ဟားမတ်(စ်)ဘက်က စေ့စပ်ညှိနှိုင်းရေး ခေါင်းဆောင် Ismail Haniyeh ကို အီရန်မှာ ရောက်နေချိန် အစ္စရေး အစိုးရဘက်က သတ်ပစ်ခဲ့တယ်။

အလားတူပဲ၊ ဘေရွတ်(ထ်)မှာ ရှိနေတဲ့ ဟစ်(ဇ်)ဘိုလာ ခေါင်းဆောင် Fuad Shukr ကိုလဲ အစ္စရေးဘက်က လေကြောင်းကနေ လုပ်ကြံသတ်ဖြတ်ပစ်ခဲ့တယ်။ ဒါတွေဟာ အပစ်ရပ်ရေး ဆွေးနွေးပွဲတွေ ပျက်စီးသွားအောင် အစ္စရေး အစိုးရဘက်က တမင်ဖျက်ပစ်တဲ့ လုပ်ရပ်တွေပဲ။ ဒါ့အပြင် အရှေ့အလယ်ပိုင်း တခုလုံး စစ်မီး တောက်လောင်သွားအောင် ရန်စတဲ့ လုပ်ရပ်တွေလဲ ဖြစ်တယ်။ အီရန်သာ စစ်ထဲပါလာရင် အမေရိကလဲ တိုက်ရိုက် ဝင်ပါလာမယ်။ အဲဒါ အာဏာ လက်မလွှတ်လိုတဲ့ နတန်ညာဟုရဲ့ စစ်သွေးကြွ အစီအမံပဲ။

---

1-https://www.thelancet.com/journals/lancet/article/PIIS0140-6736(23)02713-7/fulltext
2-https://www.thelancet.com/journals/lancet/article/PIIS0140-6736(24)01169-3/fulltext
3-https://www.ungeneva.org/en/news-media/news/2024/05/93055/10000-people-feared-buried-under-rubble-gaza

## နတန်ညာဟု ပလ္လင်ကို ကိုင်လှုပ်လိုက်တဲ့ အထွေထွေ သပိတ်

စစ်မီးသာ ပါလက်စတိုင်း နယ်မြေကို ကျော်လွန်ပြီး အရှေ့အလယ်ပိုင်း ဒေသကို ကူးစက် တောက်လောင်သွားရင် တကမ္ဘာလုံးကို အကြီးအကျယ် ရိုက်ခတ်သွားလိမ့်မယ်။ ယူကရိန်း စစ်ရဲ့ ရိုက်ခတ်မှုဆိုတာ ပမွှားလောက်ပဲ ဖြစ်သွားမယ်။ အမေရိကန် နယ်ချဲ့ အစိုးရအနေနဲ့ နတန်ညာဟုကို ကိုင်ချင်ရင် စစ်ရေး၊ ငွေကြေး အကူအညီတွေ ချက်ချင်း ဖြတ်တောက်လိုက်ရုံပဲ ရှိပါတယ်။ ဒါပေမယ့် အမေရိကန် အစိုးရ တပြားမှ မဖြတ်ပါဘူး။ စစ်မီးကို လောင်စာဆီ ထပ်လောင်းတာပဲ လုပ်တယ်။

စစ်ပွဲတပွဲ စဖြစ်ပြီဆိုရင် မျိုးချစ်ဝါဒ၊ လူမျိုးကြီးဝါဒ ကြွေးကြော်သံတွေကို လူအများ နားယောင်လေ့ရှိတယ်။ ယူကရိန်း စစ်ကို ကြည့်မလား၊ ဂါဇာ စစ်ပွဲကို ကြည့်မလား။ အဲသလို war hysteria ထနေတဲ့ အစောပိုင်း ကာလကို ဖြတ်သန်းပြီးတဲ့ နောက်မှာတော့ လူတွေရဲ့ အသိစိတ်ဟာ တဟုန်ထိုး ပြောင်းလဲသွားတာ တွေ့ရလိမ့်မယ်။ ဘဝက အသိကို ပြဋ္ဌာန်းတယ်လို့ ကား(လ်)မာ့(က်စ်) ပြောခဲ့တယ် မဟုတ်ပါလား။ ဖြစ်ရပ်တွေက လူတွေရဲ့ အသိစိတ်ကို ဆွဲကိုင်လှုပ်ရမ်းပစ်လိုက်တယ်။ အုပ်စိုးသူတွေ ဝါဒဖြန့်သမျှ နားမယောင်တော့ဘူး။ ဒါ့ကြောင့်ပဲ အစ္စရေး အဖိနှိပ်ခံ လူထုက ဓားစာခံ (၆) ဦး အသတ်ခံရတာကို နတန်ညာဟုမှာပဲ တာဝန်ရှိတယ်လို့ မှန်မှန်ကန်ကန် ကောက်ချက်ဆွဲကြတယ်။ သွေးဆာနေတဲ့ လက်ယာစွန်း နတန်ညာဟု အစိုးရကိုပဲ ဒေါသပုန်ထကြတယ်။ လူထု ဒေါသဟာ အထွေထွေ သပိတ် အသွင်နဲ့ အုံကြွ ပေါက်ကွဲသွားခဲ့တယ်။

လွန်ခဲ့တဲ့ တပတ်ကျော်က အစပြုခဲ့တဲ့ အစ္စရေး လူထု အုံကြွမှုကြီးဟာ မကြုံစဖူး ကြီးမားလှတယ်လို့ ဆိုနိုင်တယ်။ တဲလ်ဗီး တမြို့တည်းမှာတင် လူ ၅ သိန်းလောက် လမ်းပေါ်ထွက်လာတယ်လို့ လူထု လှုပ်ရှားမှု ဦးဆောင်သူတွေက ပြောပါတယ်။

နတန်ညာဟု ခေါင်းဆောင်တဲ့ ကက်ဘိနက် အဖွဲ့ထဲမှာကို သဘောထား ကွဲလွဲမှုတွေ ပြင်းထန်နေတယ်။ နတန်ညာဟု ပါတီက ကာကွယ်ရေး ဝန်ကြီး Yoav Gallant နဲ့ ဝန်ကြီးချုပ် နတန်ညာဟုတို့ ကက်ဘိနက် အစည်းအဝေးမှာ အော်ကြီးဟစ်ကျယ် ရန်ထဖြစ်တဲ့အထိ[4] ကွဲအက်မှုတွေ ဖြစ်ပေါ်လာခဲ့တယ်။ ဂယ်လန့်(ထ်)




"တဲလ်ဗီး တမြို့တည်းမှာတင် ဆန္ဒပြသူ ၅၀၀၀၀၀ ကျော် ရှိခဲ့ပြီး အခြားမြို့အသီးသီးမှာလဲ  လူ ၂၅၀၀၀၀ လောက် လမ်းပေါ်ထွက်လာခဲ့ပါတယ်"။ (ပုံခရက်ဒစ် - Ariel Schalit/AP Photo)

4 -https://www.axios.com/2024/08/30/netanyahu-gallant-shouting-match-israel-cabinet

က အပစ်ရပ် ဆွေးနွေးရေး လမ်းကြောင်းကို သွားသင့်ကြောင်း ပြောတယ်။ နတန်ညာဟုက အစ္စရေး စစ်တပ် ဖီလာဒဲဖီး ကော်ရစ်ဒါမှာ ဆက်ထားရှိရေးကို ဇန်းတင် ပြောတယ်၊ ဒီအချက်ကို ဟားမတ်(စ်)နဲ့ အီဂျစ်ဘက်က ဆန့်ကျင်ကြောင်း သိပြီးသား။ အဲဒီကက်ဘိနက် အစည်းအဝေးမှာ နတန်ညာဟုက အစ္စရေး စစ်တပ်ထိန်းချုပ်ထားရမယ့် စစ်မြေပုံတွေ ဆွဲထုတ်ပြတယ်၊ ကာကွယ်ရေး ဝန်ကြီးဘက်က သဘောမတူတဲ့အခါ မဲခွဲ ဆုံးဖြတ်ဖို့ တွန်းတင်တဲ့အထိပဲ။

ဒီအခါ ကာကွယ်ရေး ဝန်ကြီး ဂယ်လန့်(ထ်) ပြန်ပြောတဲ့စကားကို ကောက်နှုတ်ပြလိုတယ် - “ဝန်ကြီးချုပ် တယောက်အနေနဲ့ ခင်ဗျား ကြိုက်တဲ့ ဆုံးဖြတ်ချက်ကို ကြိုက်သလို မဲခွဲ အတည်ပြုပိုင်ခွင့် ရှိတယ်၊ ဓားစာခံတွေ ကွပ်မျက်ပစ်တဲ့ ဆုံးဖြတ်ချက် အပါအဝင်ပေါ့လေ”။ အစ္စရေး ကာကွယ်ရေး ဝန်ကြီးက ပါလက်စတိုင်း ပြည်သူတွေနဲ့ အစ္စရေး ဓားစာခံတွေကို စာနာလို့ အပစ်ရပ်ရေး လမ်းကြောင်းကို တွန်းတင်နေတာ မဟုတ်မှန်း စာရှုသူများ သဘောပေါက်ပြီး ဖြစ်ပါလိမ့်မယ်။ ဒီအဖြစ်အပျက်က အစ္စရေး အုပ်စိုးသူ လူတန်းစားအတွင်း ကွဲအက်မှုတွေ နက်နက်ရှိုင်းရှိုင်း ရှိနေကြောင်း မီးမောင်း ထိုးပြလိုက်တာပဲ။ ဂျီနိုဆိုက် စစ်ပွဲကို ပြောင်ပြောင်တင်းတင်း ထောက်ခံပြတဲ့ အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်လဲ လူထု မကျေနပ်ချက်တွေ တိုးမြှင့်လာလို့ လာမယ့် ရွေးကောက်ပွဲမှာ သမ္မတနေရာ ဝင်မပြိုင်ရဲတော့ဘူး၊ တိတိကျကျ ပြောရရင် အမေရိကန် အုပ်စိုးသူ လူတန်းစားက သူ့ကို ဝင်ပြိုင်ခွင့် မပေးတော့ဘူး။

တော်လှန်ရေးတွေဟာ ထိပ်ပိုင်း အက်ကွဲမှုတွေက အစပြုလေ့ရှိတယ်လို့ လီနင် ပြောခဲ့ဖူးတယ်။ အခု အစ္စရေး အုပ်စိုးသူတွေကြား ဖြစ်ပေါ်နေတဲ့ အက်ကွဲကြောင်းကြီးတွေကနေ အဖိနှိပ်ခံ လူထုရဲ့ မကျေနပ်ချက်တွေ ပေါက်ကွဲထွက်ပြီး လူထုအုံကြွမှုကြီး ဖြစ်လာခဲ့ပြီ။ အစ္စရေး လူထု လှုပ်ရှားမှုကြီးကသာ နတန်ညာဟု အစိုးရကို ဖြုတ်ချနိုင်ခဲ့ရင် အရှေ့အလယ်ပိုင်း ဒေသကြီး စစ်မီး တောက်လောင်မယ့် အန္တရာယ်ကို အချိန်မီ တားဆီးနိုင်လိမ့်မယ်။

## စစ်နဲ့ တော်လှန်ရေးဟာ ဒွန်တွဲ လာလေ့ရှိတယ်

စစ်မီးဟာ ကူးစက်တတ်သလို တော်လှန်ရေးမီးဟာလဲ ကူးစက်တတ်ကြောင်း အာရပ် နွေဦးက သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။ တော်လှန်ရေးမီး ကူးစက် တောက်လောင်နိုင်တဲ့ ရေခံမြေခံတွေက အရှေ့အလယ်ပိုင်း နိုင်ငံအသီးသီးမှာ ရှိနေပြီးသား ဖြစ်ပါတယ်။ အုပ်စိုးသူ လူတန်းစားအနေနဲ့ စစ်မီး ကျယ်ပြန့်သွားမှာကို မလိုလားဘူးဆိုတာ နောက်ဆက်တွဲ ဖြစ်ပေါ်လာမယ့် ကမ္ဘာ့



ပုံခရက်ဒစ် - Al Jazeera

စီးပွားရေးအပေါ် ရိုက်ခတ်ချက်တွေကို မလိုလားလို့ ဖြစ်သလို တော်လှန်ရေး လှုပ်ရှားမှုတွေ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာမှာကို ကြောက်ရွံ့လို့လဲ ဖြစ်ပါတယ်။

စစ်နဲ့ တော်လှန်ရေးဟာ ဒွန်တွဲလာလေ့ရှိတယ်။ ပထမ ကမ္ဘာစစ် မပြီးဆုံးခင် ရုရှား အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေးကြီး ဖြစ်ခဲ့တယ်။ ဒီနောက် ဂျာမနီအပါအဝင် နိုင်ငံ အတော်များများမှာ တော်လှန်ရေး လှိုင်းတွေ အားကောင်းခဲ့တယ်။ ဒုတိယ ကမ္ဘာစစ်နဲ့အတူ ကိုလိုနီ ထမ်းပိုးအောက်က ရုန်းထတဲ့ တော်လှန်ရေးတွေ အမြောက်အများ ဖြစ်ခဲ့တယ်။

ဒါ့ကြောင့် အရင်းရှင် နယ်ချဲ့ခေတ်မှာ စစ်နဲ့ အနိဋ္ဌာရုံတွေကိုပဲ မြင်နေရင် တဖက်သတ်ဆန်ပြီး အဆိုးမြင်ရာ ရောက်တယ်။ ဖြစ်စဉ်၊ ဖြစ်ရပ်တွေကို မျက်နှာစာတခုတည်းက မကြည့်ဘဲ ပြောင်းလဲဖြစ်ပေါ်မှု၊ အပြန်အလှန် ယှက်နွယ်နေမှု၊ အပြန်အလှန် လှမ်းမိုးသက်ရောက်မှု၊ တိုးတက်ဖြစ်ထွန်းမှုတွေကိုပါ မြင်အောင်ကြည့်တာ ဒိုင်ယာလက်တစ် အမြင်ပဲ။ ဒိုင်ယာလက်တစ် နည်းလမ်းကို လက်ကိုင်သုံးတဲ့ ကျနော်တို့ ကွန်မြူနစ်တွေရဲ့ အမြင်က

-

'ဖောက်ပြန်သော နယ်ချဲ့စစ်ကို ဆိုရှယ်လစ် တော်လှန်ရေးနဲ့ပဲ တားဆီးနိုင်တယ်'။ အရင်းရှင်စနစ် ရှိနေသရွေ့ ဖောက်ပြန်သော စစ်တွေ ဆက်ဖြစ်နေဦးမှာပဲ။

ဒါ့ကြောင့် စစ်ဝါဒနဲ့ နယ်ချဲ့စနစ်ကို အမြစ်ကနေ ဖြိုဖျက်ပစ်ဖို့အရင်းရှင်စနစ်ကို ဆိုရှယ်လစ် တော်လှန်ရေးနဲ့ ဖြိုလှဲပစ်ရမယ်။ ဒါဟာ ဒီကနေ့ အလုပ်သမား လူတန်းစားပေါ် ကျရောက်နေတဲ့ အရေးကြီး သမိုင်း တာဝန်လဲ ဖြစ်တယ်။

- Socialism or Barbarism
- Fight for Socialist Revolution
- Workers of the World, Unite!

စာပြီးရက်စွဲ - ၉၊ စက်တင်ဘာ၊ ၂၀၂၄

**အယ်ဒီတာ့အာဘော်**

The Struggle






# ဗမာ့ပြည်တွင်းစစ်နှင့်မာ့(က်စ်)ဝါဒအမြင်

သူရိန်မွန်

၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်းနဲ့အတူ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့တွေဘက်က အောင်ပွဲတွေ ကြီးကြီးမားမား ရရှိထားတယ်။ အာဏာသိမ်း စစ်တပ်ဟာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီ။ သမ္မတရူး ဗိုလ်မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ စစ်အစိုးရအဖို့ အလွန်ပြင်းထန်တဲ့ ထိုးနှက်ချက်ကြီး ဖြစ်ပါတယ်။ ဗိုလ်မင်းအောင်လှိုင်တို့ စစ်အုပ်စုအတွင်းမှာလဲ အကြီးအကျယ် အကျပ်ရိုက်နေပါပြီ။

စစ်ဗိုလ်ချုပ်ဟောင်းတွေကိုယ်တိုင်က ဗိုလ်မင်းအောင်လှိုင်ဂိုဏ်းကို ကျေနပ်တဲ့ လက္ခဏာ မရှိဘူး။ သူ့လက်အောက်ငယ်သားတွေကလဲ မကျေနပ်ကြသလို စစ်တပ် မိသားစုတွေကလဲ မကျေနပ်ကြဘူး။ စစ်တပ် ဒေါက်တိုင် မဘသ တွေ၊ ကြံ့ ဖွံ့တွေ၊ ပျူစောထီးတွေကတောင် ဗိုလ်မင်းအောင်လှိုင်ကို တိုးတိုးတမျိုး၊ကျယ်ကျယ်တဖုံ ဝေဖန်နေကြပြီ။ သူတို့ကတော့ ဗိုလ်မင်းအောင်လှိုင်ထက် ပိုရက်စက်၊ ပိုကြမ်းကြုတ်တဲ့ နောက်ဗိုလ်ချုပ်တယောက်ကိုအလိုရှိနေကြပုံပဲ။

သူတို့နားမလည်တာက လက်ရှိ အာဏာရ စစ်ဗိုလ်ချုပ်တွေ စစ်ရှုံးနေတာ ပျော့သေးလို့၊ လုံလုံလောက်လောက် မရက်စက်သေးလို့မဟုတ်ဘူး။ စဉ်းစားကြည့်ပါ။ ဗိုလ်မင်းအောင်လှိုင် စစ်တပ်က ရွာလုံးကျွတ် မြို့လုံးကျွတ် မီးတင်ရှို့တယ်၊ အရှင်လတ်လတ် မီးရှို့သတ်တယ်၊ အရပ်သား ကလေးငယ်တွေ ရှိနေတဲ့ ကျောင်းတွေ၊ ဆေးရုံတွေကို လေယာဉ်နဲ့ ဗုံးကြဲသတ်ဖြတ်တယ်။ ဒီလောက် ကမ်းကုန်အောင် ရက်စက်နေတဲ့ စစ်တပ်ကို လုံလုံလောက်လောက် မရက်စက်သေးဘူးလို့ သူတို့မို့ တွေးကြပလေ။ ရက်စက်တိုင်း စစ်နိုင်ရောလား။ စစ်ရှုံးတာ မရက်စက်သေးလို့လား။ မဟုတ်ပါဘူး။ ဒီထက် ရက်စက်စရာလဲ မကျန်တော့ပါဘူး။ အဲသလို ရက်စက်လေ ရန်သူ ပတ်လည်ဝိုင်းလေပါပဲ။ ရန်သူ ပတ်လည်ဝိုင်းနေတဲ့ စစ်တပ်၊ တိုက်လိုခိုက်လိုစိတ်ယိုယွင်းကျဆင်းနေတဲ့ စစ်တပ်၊ စစ်ညောင်းနေတဲ့ စစ်တပ်၊ အကျင့်ပျက် ခြစားမှုတွေ အတွင်းကနေ လှိုက်စားနေတဲ့ စစ်တပ်၊ လူထု ထောက်ခံမှု ကင်းမဲ့ပြီး အတင်းအဓမ္မနည်းနဲ့ စစ်သားစုဆောင်းနေရတဲ့ စစ်တပ်၊ ကြီးနိုင်ငယ်ညှဉ်း အထက်အောက်ဖိနှိပ်မှုတွေ ဒင်းကြမ်းပြည့်နေတဲ့ စစ်တပ်။ ဒီလို စစ်တပ် အရှုံးပွဲဆက်လာတာ ဆန်းသလား။ တိုက်ပွဲ အနည်းအကျဉ်း ရှုံးတာမျိုး မဟုတ်ဘဲ တစစီ ပြိုကွဲသွားမလားတောင် သူတို့ စိုးရိမ်နေကြပြီ။ သူတို့ စိုးရိမ်မယ်ဆိုလဲ စိုးရိမ်စရာပါပဲ။

သူတို့ ခေါင်းဆောင် ပြောတာကို ကြည့်လေ။ တဖက်ရန်သူက အဆင့်မြင့် နည်းပညာတွေ သုံးနေလို့ သူတို့ စစ်ရှုံးနေရတာပါတဲ့။ အောက်ခြေ စစ်သားတယောက်က ပြောတဲ့စကား မဟုတ်



ဘူး၊ တိုင်းပြည်ဘဏ္ဍာတွေ ထင်တိုင်းကြဲနေနိုင်တဲ့ အာဏာသိမ်း စစ်ခေါင်းဆောင်က ပြောလိုက်တာ။ ဒီလို စစ်ခေါင်းဆောင်ကို ဆရာတင်ထားရတဲ့ အုပ်စိုးသူ လူတန်းစားအဖို့ ရှေ့ရေးကို မတွေးရဲစရာ။

ဒါဖြင့် ဗိုလ်မင်းအောင်လှိုင်ကို ဖြုတ်ချပြီး စစ်ခေါင်းဆောင် အပြောင်းအလဲ လုပ်လိုက်ရင်ဖြင့် အဆင်ပြေသွားနိုင်မလား။ စစ်တပ် ထိပ်သီး အသိုင်းအဝိုင်းကြားမှာ ဒီလို ကြိတ်ကြံနေသူတွေ ရှိနိုင်တယ်။ သမ္မတရူး ဗိုလ်မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ အာဏာသိမ်း စစ်အစိုးရကို မျက်မာန်တော်ရှနေတဲ့ တရုတ် အစိုးရကလဲ မင်းပြောင်းမင်းလွှဲ ဇာတ်ကို ရိုက်ဖို့ ကြံနေပုံရတယ်။

ဗမာပြည်မှာ ပြည်တွင်းစစ်ဖြစ်ပြီး မတည်မငြိမ် ဖြစ်နေတာကို အိမ်နီးချင်း တရုတ် အစိုးရက သဘောမကျလှဘူး။ ဗမာပြည်သူတွေ ပြည်တွင်းစစ်ဒဏ်ခံနေရလို့ သဘောမကျတာ မဟုတ်ပါဘူး။ အရင်းရှင်နယ်ချဲ့ စီမံကိန်းတခုဖြစ်တဲ့ BRI အပါအဝင် တခြားသူ့အကျိုးစီးပွားတွေ အထိခိုက်မခံနိုင်လို့ပါ။ တရုတ် အစိုးရရဲ့ မဟာဗျူဟာမြောက် အကျိုးစီးပွားတွေ ဗမာပြည်တွင်းမှာ ရှိနေတယ်။ ကျောက်ဖြူ ရေနက်ဆိပ်ကမ်း၊ ဓာတ်ငွေ့ပိုက်လိုင်း၊ မီးရထားလမ်း၊ စသဖြင့်။

အာဏာသိမ်း စစ်အစိုးရရဲ့ လုပ်ရပ်တွေက သူ့အကျိုးစီးပွားကို မကာကွယ်နိုင်တဲ့အပြင် မတည်ငြိမ်မှုကို ပိုဆိုးရွားစေခဲ့တယ်။ တရုတ် အကျိုးစီးပွားနဲ့ အာဏာသိမ်း စစ်အုပ်စု အကျိုးစီးပွား ပဋိပက္ခဟာ ကျားဖြန့် အရေးမှာ ကြီးထွားလာခဲ့တယ်။ ဒီနောက် ဖြစ်ပေါ်လာတဲ့ ဖြစ်ရပ်တွေကို ကြည့်မယ်ဆိုရင် တရုတ် အစိုးရ အနေနဲ့ မင်းအောင်လှိုင် စစ်အုပ်စုကို အလိုမရှိဘူး ဆိုတာ ထင်ရှားတယ်။

အမေရိကန် အစိုးရလို CIA သုံးပြီး အစိုးရတရပ်ကို ဖြောင်ဖြုတ်ချတဲ့ နည်းမျိုး တရုတ် အစိုးရ သုံးမလာသေးဘူး။ ဒါပေမယ့် မျက်နှာပေါင်းစုံ ဘက်ပေါင်းစုံကနေ အာဏာသိမ်း စစ်အုပ်စုကို ဖိအားပေးပြီး ကိုင်နေတာ တွေ့ရလိမ့်မယ်။ ဇူလိုင်လဆန်းတုန်းက စစ်ဗိုလ်ချုပ်ဟောင်း သမ္မတဟောင်း ဗိုလ်သိန်းစိန်နဲ့ လက်ရှိ စကစ ထိပ်သီး ဗိုလ်စိုးဝင်းတို့ကို တရုတ်ပြည် ခေါ်တွေ့ခဲ့တယ်။ တဖက်မှာလဲ တရုတ် အစိုးရ ကျောထောက်နောက်ခံပြု ပြည်တွင်း လက်နက်ကိုင် အဖွဲ့တွေကတဆင့် မအလ စစ်အုပ်စုကို စစ်ရေးနည်းနဲ့ ပြင်းပြင်းထန်ထန် ဖိအားပေးနေတယ်။ သံတမန်မျက်နှာစာကနေ ရွေးကောက်ပွဲကျင်းပပြီး အရပ်သား မျက်နှာဖုံး တပ် အစိုးရပုံစံ ပြောင်းဖို့လဲ ထုတ်ပြောလာတယ်။ ဒါတွေအားလုံးကို ချုပ်လိုက်ရင် တရုတ် အစိုးရက မင်းအောင်လှိုင်

ခေါင်းဆောင်တဲ့ စစ်အစိုးရကို အလိုမရှိဘူး၊ မင်းအောင်လှိုင်ဂိုဏ်းကို ဖယ်ရှားချင်တယ်၊ သူ့အကျိုးစီးပွားတွေ ကာကွယ်ပေးနိုင်မယ့်၊ ပြည်တွင်း တည်ငြိမ်မှုကို ဖော်ဆောင်ပေးနိုင်မယ့် အစိုးရတရပ်ကို အလိုရှိနေတယ်၊ ဒါ့ကြောင့် 'မင်းပြောင်းမင်းလွှဲ' ဇာတ်ကို ရိုက်ကူးနေတယ်လို့ပဲ ကောက်ချက်ဆွဲရလိမ့်မယ်။ တည်ငြိမ်မှုရှိအောင် ထိန်းနိုင်တဲ့၊ သူ့အကျိုးစီးပွားတွေကို အကာအကွယ် ပေးနိုင်မယ့် အစိုးရတရပ်ဟာ စစ်အာဏာရှင် အစိုးရတရပ်တော့ မဖြစ်နိုင်ဘူး။ အရပ်သားမျက်နှာဖုံး၊ ရွေးကောက်ပွဲ လုပ်ထုံးလေးတွေနဲ့ တက်လာတဲ့ အသွင်ပြောင်း ပုံစံတမျိုးမျိုးတော့ ဖြစ်မှရမယ်။ ဒီလောက်မှ သကာလိမ်းမထားရင်လဲ ဗမာ ပြည်သူတွေကလက်ခံမှာ မဟုတ်ဘူး ဆိုတာလဲ တရုတ် အစိုးရ ရိပ်မိပုံရပါတယ်။ တခုပဲ ပြဿနာ ရှိတယ်။ အာဏာသိမ်း စစ်ဗိုလ်ချုပ်တွေအဖို့တော့ အဲသလောက် လိုက်လျောမှုလေးကိုက သူတို့လည်ပင်းကို ကြိုးကွင်းစွပ်ရာ ရောက်သွားနိုင်တယ်။ ဒီတော့ သူတို့ မလိုက်လျောနိုင်ဘူး။

စစ်အုပ်စုအဖို့ ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းထုပ် ဖြစ်နေပြီ။ အဲလောက်မှ မလုပ်နိုင်ရင်လဲ သူတို့ အရှင်သခင် တရုတ်အစိုးရက လက်မခံနိုင်ဘူး။ အာဏာသိမ်း စစ်အုပ်စုခမျာ မျောက်သစ်ကိုင်းလွတ် ဖြစ်ပြီး ရုရှားကို ပြေးကပ်တယ်။ နေတိုး စစ်အုပ်စုနဲ့ 'proxy war' တိုက်နေရတဲ့ ရုရှားက ဗမာ ပြည်တွင်းစစ်ကို ဘယ်လို ဝင်ပါနိုင်မလဲ၊ ဘာအတွက် ဝင်ပါရမလဲ။ အာဏာသိမ်း စစ်အုပ်စုက ရုရှားကို စစ်ကူလှမ်းတောင်းတဲ့ လုပ်ရပ်ဟာ ဗမာ ပြည်တွင်းစစ်ကို 'proxy war' ဖြစ်အောင် ခြေလှမ်းပြင်တာပဲ။ ဒါပေမယ့် လက်ရှိ ကမ္ဘာ့ အခြေအနေအရ သူတို့မီးမွှေးသလို ဖြစ်မလာနိုင်သေးဘူး။ သူတို့အာဏာ တည်မြဲရေး ဘယ်သူ့မဆို ဖအေတော်ဖို့ ဝန်မလေးတဲ့ စစ်အုပ်စုပဲ။ သမိုင်းမှာ ပျက်သုဉ်းကာနီး အုပ်စိုးသူ လူတန်းစားတိုင်း အဲသလို မိုက်မိုက်ကန်းကန်း လုပ်လေ့ရှိတယ်။

## စစ်ရေးအောင်ပွဲ နေပြည်တော်အထိ ရောက်နိုင်မလား

ရခိုင်မှာ အေအေက အောင်ပွဲတွေဆက်နေသလို ရှမ်းမြောက်က တိုက်ပွဲဟာလဲ မန္တလေးနားအထိ ရောက်လာခဲ့ပြီ။ စစ်ဖြစ်တဲ့ အရပ်ဒေသက ပြည်သူတွေ အိုးပစ်အိမ်ပစ် ထွက်ပြေးနေရသလို ပြင်ဦးလွင်က မြို့ခံတချို့နဲ့ စစ်တပ် မိသားစုတွေလဲ စစ်ဖြစ်တော့မယ် အထင်နဲ့ ပြေးကြပြီလို့ သတင်းတွေ တက်လာတယ်။ ပြင်ဦးလွင်နဲ့ မန္တလေးကို လက်နက်ကိုင် တော်လှန်ရေး အဖွဲ့တွေ မကြာခင် သိမ်းနိုင်တော့မလား။

ဒီနှစ်မြို့သာ ဆက်တိုက်ကျသွားရင် မင်းအောင်လှိုင်တို့ စစ်အုပ်စုလဲ ဘင်္ဂလားဒေ့(ရှ်) ဝန်ကြီးချုပ်လို အိန္ဒိယ မပြေးရင်တောင် ရုရှားကို စစ်လေယာဉ်နဲ့ ထွက်ပြေးသွားလိမ့်မယ်။ ဒါပေမယ့် အာဏာကို အသေဖက်တွယ်ထားတဲ့ စစ်အာဏာရှင်တွေဟာ တွင်းဆုံးထိ မိုက်ပါလိမ့်မယ်။ မန္တလေးကိုသာ ပြာအကျခံလိမ့်မယ်၊ အာဏာကိုတော့ စွန့်လွှတ်မှာ မဟုတ်ဘူး။

သူတို့စစ်အုပ်စုအဖို့ ဒီနှစ်မြို့ဟာ မဟာဗျူဟာမြောက် ခံကတုတ်မြို့တွေလဲ ဖြစ်ပါတယ်။ ဒီနှစ်မြို့သာ ကျသွားရင် အင်အားချိန်ခွင်လျှာဟာ ပြောင်းပြန်ဖြစ်သွားလိမ့်မယ်။ နေပြည်တော်ကို ဆက်ကာကွယ်ဖို့ မဖြစ်နိုင်တော့ဘူး။ ရန်ကုန်လဲ ကြာမှာ မဟုတ်ဘူး။ ဒါ့ကြောင့် အတော်များများ မျှော်လင့်စိတ်ကူးယဉ်နေကြသလို ဖြစ်လာဖို့ အတော် ခဲယဉ်းပါတယ်။ ဒါက ရန်သူ့အခြေအနေကို သုံးသပ်ပြောတဲ့ ခန့်မှန်းချက်။

တဖက်က လက်နက်ကိုင် တော်လှန်ရေး အဖွဲ့တွေဘက်မှာ ပြင်ဦးလွင်၊ မန္တလေးအထိ ဆင်းတိုက်နိုင်လောက်အောင် အဆင်သင့် ဖြစ်နေပြီလား။ စစ်ရေး ပြင်ဆင်မှုသာမက၊ နိုင်ငံရေးအရ ပြင်ဆင်မှု ဘယ့်လောက် ရှိထားပြီလဲ။ စစ်ရေး ပြင်ဆင်မှု ဆိုရာမှာ လက်နက်ခဲယမ်း၊ ထောက်လှမ်းရေးနဲ့ ထောက်ပို့၊ စစ်ရေး အင်အားနဲ့ မဟာမိတ် ဖွဲ့စည်းမှု၊ စသဖြင့်။ ဒီအချက်တွေ ပြည့်စုံအောင် ပြင်ဆင်ရတာကိုက အလွန်ခက်ခဲမှန်း လူတိုင်း သိပြီးသား။ အရေးလဲ ကြီးပါတယ်၊ ဒါပေမယ့် ဒီထက် အခြေခံကျတာကနိုင်ငံရေး ပြဿနာ။

ပြင်ဦးလွင်၊ မန္တလေးကို ဆင်းသိမ်းမယ်လို့ အတော်များများ ယူဆနေတဲ့ လက်နက်ကိုင် အဖွဲ့တွေကို နိုင်ငံရေး ဦးဆောင်မှု ဘယ်သူက ပေးနေလဲ၊ သူတို့အားလုံး လက်ခံထားတဲ့ နိုင်ငံရေး ဦးဆောင်မှုရော ရှိနေပြီလား။ သူတို့ရဲ့ နိုင်ငံရေး မဟာဗျူဟာနဲ့ ပရိုဂရမ်က ဘာတွေလဲ။ တရုတ် အစိုးရရဲ့ ဩဇာ ဘယ်အတိုင်းအတာထိ လွှမ်းမိုးမှု ရှိနေလဲ။ မန္တလေးကို သိမ်းနိုင် မသိမ်းနိုင် အပထား၊ မန္တလေးအထိ ဆင်းတိုက်မတိုက် ဆိုတဲ့ ပြဿနာကို ဒီအချက်တွေက အဆုံးအဖြတ်ပေးပါလိမ့်မယ်။

## ထည့်သွင်းစဉ်းစားရမယ့် အရေးကြီး အချက်တချို့

လက်ရှိ စစ်ရေး အောင်ပွဲ ကြီးကြီးမားမား ရထားတဲ့ မြောက်ပိုင်း ညီနောင်မဟာမိတ် အဖွဲ့တွေရဲ့ အင်အားနဲ့တင် ပြင်ဦးလွင်၊ မန္တလေးကို သိမ်းလို့ မရနိုင်ဘူးဆိုတာ ထင်ရှားပါတယ်။ မန္တလေးကို သိမ်းဖို့ဆိုတော့ အညာမြေပြန့်ဒေသမှာ ကျင်လည်လှုပ်ရှားနေတဲ့ လက်နက်ကိုင် အဖွဲ့ပေါင်းစုံကိုလဲ ထည့်တွက်ရလိမ့်မယ်။ NUG လက်အောက်ခံ အဖွဲ့တွေရှိသလို NUG အောက် မဝင်တဲ့ သီးခြားအဖွဲ့တွေလဲ ရှိတယ်။ တကယ့် မြေပြင်မှာ NUG အောက် ဝင်ထားတယ်ဆိုတဲ့ အဖွဲ့တွေအပေါ်မှာတောင် NUG ရဲ့ ဩဇာလွှမ်းမိုးမှုက မပြောပလောက်ပါဘူး။ [၂၀၂၄၊ မေလမှာ Lowy Institute က ထုတ်ဝေခဲ့တဲ့ စာတမ်း "Outrage is not a policy: Coming to terms with Myanmar's fragmented state" အဖွင့်မှာပဲ ဒီအချက်ကို ထောက်ပြထားသေးတယ်။]

အန်ယူဂျီအောက် မဝင်ရင် ပြဿနာအရှာခံရ၊ အထောက်အပံ့ ရှာမရ ဖြစ်လို့သာ ဝင်ထားကြရတယ်၊ တကယ့်မြေပြင်မှာ ကိုယ့်အုပ်စုနဲ့ကိုယ် လှုပ်ရှားနေကြတာ ပကတိ အရှိတရားပဲ။ အန်ယူဂျီ လက်အောက်ခံ ပသုံးလုံး အဖွဲ့တွေ ထင်ရာစိုင်း မင်းမူနေတဲ့ လုပ်ရပ်တွေ တိုင်းသိပြည်သိ ဖြစ်လာရင်တောင် လွင်ကိုလတ်တို့ ခေါင်းဆောင်ပိုင်းက တာဝန်ယူ ဖြေရှင်းပေးခဲ့တာ မရှိပါဘူး။ ဒါ့အပြင် လွင်ကိုလတ်တို့ အန်ယူဂျီ ခေါင်းဆောင်ပိုင်းက ဗျူရိုကရေစီ ယန္တရား တည်ဆောက်ပြီး ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးချင်တယ်။ သူတို့လက်အောက် မဝင်လိုသူတွေကို ခါးပိုက်ဆောင်တပ်နဲ့ ဗိုလ်ကျနှိမ်နင်းပစ်လေ့ရှိတယ်။ စစ်ရေး ပြင်ဆင်မှုထက် အခြေခံကျတဲ့ နိုင်ငံရေး ပြဿနာတွေ ဆိုတဲ့အထဲမှာ ဒီပြဿနာတွေက ထိပ်ဆုံးက ပါလိမ့်မယ်။ ဒီလို လစ်ဘရယ် အာဏာရှူးတွေ ခေါင်းဆောင်တဲ့ လက်နက်ကိုင် အဖွဲ့တွေကို လူထုက တကယ် ထောက်ခံပါ့မလား။ ပသုံးလုံးကို ဆန့်ကျင်တဲ့ လူထု ဆန္ဒပြပွဲတွေ ထွက်ပေါ်လာတာကို ကြည့်ရင်ပဲ အဖြေပေါ်နေပါပြီ။

အခုပြောနေတဲ့ လက်နက်ကိုင် အဖွဲ့အားလုံးဟာ ကျေးလက်ဒေသမှာ ကျင်လည်နေရတဲ့ အဖွဲ့တွေချည်းပဲ။ အန်ယူဂျီနဲ့ တခြား လက်နက်ကိုင် ပြောက်ကျားအဖွဲ့တွေ မြို့ပြ စစ်မျက်နှာ ဖွင့်ဖို့ ကြိုးပမ်းခဲ့သမျှ ဘာမှ အရာမထင်ခဲ့ဘူးလို့ အထက်ပါ စာတမ်းမှာ ထောက်ပြထားတယ်။ ဒါဆိုရင် လက်နက်ကိုင် တော်လှန်ရေး အဖွဲ့တွေ ချီတက်လာတဲ့အခါ မြို့ပြ လူထုက အထွေထွေ သပိတ်ကြီး ဆင်နွှဲပြီး ကြိုဆိုနေမလား။ ဒါလဲ ပြောဖို့ ခက်ပါတယ်။ အခုထိ ဖြစ်ခဲ့သမျှ မြို့တိုင်းကို ကြည့်လိုက်ပါ။ မြို့ခံလူထုက အိုးအိမ်စွန့်ပြီး လွတ်ရာ ပြေးခဲ့ရတာချည်းပဲ။ AS ဖက်တွယ်သူ မော်ဝါဒီတွေက လက်နက်ကိုင် တော်လှန်ရေးနဲ့ မြို့ပေါ် လူထုအုံကြွမှု ပေါင်းစပ်ရမယ်လို့ ကျူးရင့်လေ့ရှိတယ်။ ဒီတိုက်ပွဲပုံစံ နှစ်မျိုးကို ဘယ်လို ပေါင်းစပ်မလဲဆိုတဲ့ သူတို့ရဲ့ နည်းဗျူဟာကို ဒီအချိန်မှာ ချပြသင့်ပြီ။

ရှမ်းမြောက်နဲ့ ရခိုင်မှာ ကြီးမားတဲ့ စစ်ရေး အောင်ပွဲတွေ ရရှိထားတယ်။ သို့သော် အရင်းအနှီး ကြီးကြီးမားမား ပေးခဲ့ရပေမယ့် အောင်ပွဲ လောက်လောက်လားလား မရခဲ့တဲ့ မြို့တွေလဲ ရှိပါတယ်။ ဒါ့အပြင် အောင်ပွဲ ရခဲ့တယ်ဆိုရင်တောင် "လွတ်မြောက်သွားပြီ" ဆိုတဲ့ မြို့မှာ လူမကျန်တော့တာမျိုး၊ လူနေလို့ မရလောက်အောင် မြို့ပျက်သွားတာမျိုး ဖြစ်ခဲ့ရတယ်။ လူ့အသက်ပေါင်းများစွာ ရင်းပြီးမှ မြို့တမြို့ကို သိမ်းနိုင်မယ်၊ သိမ်းပြီးရင် ရေရှည်ထိန်းထားနိုင်မယ့် အင်အားလဲ မရှိဘူး။ ဒီလို အခြေအနေတွေ အားလုံး အမြင်ပဲ။ လော်ဘီ မီဒီယာတွေက ဒီအချက်ကို ဖုံးဖုံးဖိဖိ လုပ်ပေးကြပေမယ့် Lowy Institute က ထုတ်တဲ့ စာတမ်းမှာတော့ ထည့်ပြောထားတယ်။ ဒီစာတမ်းကို DVB သတင်းဌာန

က ဘာသာပြန် ဖော်ပြထားတာ ရှိပါတယ်။ မူရင်း စာတမ်းမှာ အာဏာသိမ်းပြီးမှ ပေါ်ပေါက်လာတဲ့ လက်နက်ကိုင် အဖွဲ့တွေ အားလုံးကို ရည်ညွှန်းပြီး “people’s militias” လို့ သုံးထားပေမယ့် DVB ဘာသာပြန်မှုမှာတော့ PDF တွေလို့သာ လိုရာဆွဲပြန်ထားတယ်။ လက်နက်ကိုင် အဖွဲ့အားလုံးကို အန်ယူဂျီ လက်အောက်ခံလို့ အနက်ထွက်အောင် ပြန်ပေးလိုက်တာပဲ။ တချို့အကောက်အယူ လွဲမှားမှုတွေ ရှိပေမယ့် ဒီဆောင်းပါး အပြင်ဘက်ကို ရောက်သွားမှာမို့ ချန်ထားခဲ့ပါတယ်။

နယ်မြေစိုးမိုးမှုနဲ့ ပတ်သက်လို့ ရာခိုင်နှုန်းတွေနဲ့ ပြောကြတာ ရှိပါတယ်။ ၆၀-၇၀% ကို ဖက်ဒရယ် အင်အားစုတွေက စိုးမိုးထားပြီလို့ အန်ယူဂျီဘက်က ထုတ်ပြန်ဖူးတယ်။ ဒီလို ရာခိုင်နှုန်းတွေနဲ့ ပြောတဲ့အခါ နယ်မြေဒေသ တခုနဲ့တခု အချက်အချာကျပုံချင်း မတူတဲ့အချက်ကို မမြင်တော့ဘူး။ စီးပွားရေးအရ အချက်အချာကျပြီး လူဦးရေ အသိပ်သည်းဆုံး စက်မှုမြို့ကြီးအားလုံး အာဏာသိမ်း စစ်အစိုးရ ထိန်းချုပ်မှုအောက်မှာပဲ ရှိသေးတယ်။ ဒီအချက်ဟာ စစ်ရေးမှာ ဘယ့်လောက် အရေးကြီးသလဲ သိချင်ရင် ရခိုင် ပြည်သူတွေကိုသာ လှမ်းကြည့်ရုံပဲ။

အာဏာသိမ်း စစ်တပ်ဟာ ပြိုကွဲလုနီးပြီ ဆိုပေမယ့် သာလွန်စစ်အင်အား၊ ခေတ်မီ စစ်လက်နက်နဲ့ လေတပ်ကို အသုံးချနေနိုင်တုန်းပဲ။ မန္တလေးလို မြေပြန့်လွင်ပြင်က မြို့ကြီးတွေမှာ စစ်ဖြစ်လာရင် ဒီအချက်ဟာ သူ့အားသာချက် ဖြစ်လာလိမ့်မယ်။

## စစ်ရေးနဲ့ စိတ်ကူးဖဲ မရိုက်နဲ့


ဒီအချက်တွေကနေ ဘယ်လို ကောက်ချက်ဆွဲမလဲ။ အာဏာသိမ်း စစ်တပ်ကို အလဲမထိုးနိုင်ဘူးလို့ ကောက်ချက်ဆွဲရမှာ မဟုတ်ဘူး။ အာဏာသိမ်း စစ်တပ် ပြိုကျသွားနိုင်ချေ အတော်များနေပြီ၊ ဒါပေမယ့် ရပြီးသား စစ်ရေး အောင်ပွဲကို ထပ်ချဲ့သွားရင် နိုင်တော့မှာပဲလို့ စိတ်ကူးဖဲ မရိုက်ပါနဲ့။ မြို့ပြ လူထု အုံကြွမှု ဖြစ်မလာဘဲ စစ်ပြေးဒုက္ခသည်ချည်း ဖြစ်ကုန်ရင် စစ်ရေးသက်သက်နဲ့ အောင်ပွဲတွေ ဆက်ခံနိုင်မယ် ထင်သလား။

ကျနော်တို့ကတော့ အဲသလို မထင်ပါ။ အဖိနှိပ်ခံ လူထုကြီးကိုယ်တိုင် တခဲနက် အင်တိုက်အားတိုက် ပါဝင်လာမှ တော်လှန်ရေးလို့ပဲ မြင်တယ်။ ဒါ့ကြောင့် လူထုအုံကြွမှုကြီး ထပ်ဖြစ်ဖို့ အရေးတကြီး လိုအပ်နေတယ်လို့ ယူဆပါတယ်။ စက်မှုမြို့ကြီးတွေဟာ စစ်ရေးမှာ ဘယ့်လောက် အရေးကြီးကြောင်း အထက်မှာ ဆိုခဲ့တယ်။ ဒါဆိုရင် မြို့ပြ စက်မှု အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး ဦးဆောင် အခန်းကဏ္ဍ ဘယ့်လောက် အရေးကြီးကြောင်း မြင်နိုင်ဖို့ မခဲယဉ်းဘူး ထင်ပါတယ်။

တနည်းဆိုရရင်၊ မဟာဗျူဟာမြောက် အရေးပါတဲ့ စက်မှုမြို့ကြီးတွေက အလုပ်သမား လူတန်းစား ခေါင်းဆောင်တဲ့ မြို့ပြ လူထု ပုန်ကန်မှုကြီး မဖြစ်ဘဲ တော်လှန်ရေး အောင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ မြို့ပြ လူထုအုံကြွမှုကို မဖြစ်နိုင်ဘူး၊ အရေးမပါဘူးလို့ ထင်မြင်စိတ်လေးများ ပေါ်လာခဲ့ရင် ပူပူနွေးနွေး အောင်ပွဲရထားကာစ ဘင်္ဂလားဒေ့(ရှ်) လူထု အုံကြွမှုကြီးကိုပဲ လှမ်းကြည့်လိုက်ပါ။

စစ်ရေးနဲ့ စိတ်ကူးဖဲ ရိုက်နေရမယ့် အချိန် မဟုတ်သလို ငါတို့ဘာမှ မတတ်နိုင်ဘူး ဆိုပြီး လက်မှိုင်ချ စိတ်ပျက်နေရမယ့် အချိန်လဲ မဟုတ်ပါဘူး။ ကျနော်တို့ဟာ အလုပ်သမား လူတန်းစား ခေါင်းဆောင်တဲ့ ဆိုရှယ်လစ် တော်လှန်ရေး ဖြစ်နိုင်တယ်လို့ ယုံကြည်သလို အဲသလို ဖြစ်မှပဲ မပြီးပြတ်သေးတဲ့ ဒီတော်လှန်ရေးရဲ့ ထွက်ပေါက်ကို ရှာတွေ့မယ်လို့ မြင်ပါတယ်။ ဒီအမြင်ကို အခြေခံပြီး ကေဒါ တည်ဆောက်ရေး အလုပ်တွေ၊ ပြင်ဆင်ရေး အလုပ်တွေ အင်တိုက်အားတိုက် လုပ်ထားရလိမ့်မယ်။

သူရိန်မွန်




# ကွန်မြူနစ်အမည်မခံထိုက်တဲ့ ဗကပ

ရဲထွေး

ဗကပက ပါတီသက်တမ်း (၈၅)နှစ်ပြည့် ထုတ်ဝေမယ့် 'ပြည်သူ့အာဏာ' ဂျာနယ်မှာ 'အိုနာကျိုးကန်း သီအိုရီများ' ဆိုတဲ့ 'ဆဲစာ' တပုဒ် ထည့်ထားတယ်။ ဘယ်သူဘယ်ဝါရေးတယ်လို့ ဖော်ပြမထားပါဘူး။ ဗကပရဲ့ အာဘော်ပါပဲ။ ဗကပအုပ်စုဝင်တွေက 'ဒီမိုကရေစီသစ်' စာမျက်နှာကနေ ကျနော်တို့ကို ပုံဖျက်ဆဲရေးဖူးတယ်။ သူတို့လုပ်သလို ခိုးကြောင်ခိုးဝှက် ဆဲရေးတာ၊ တဖက်သားရဲ့ အဆိုတခုကို လိုရာဆွဲ ပုံဖျက်ပြီး 'straw man fallacy' နည်းနဲ့ အောက်လုံးထိုးတာမျိုး ကျနော်တို့ မလုပ်ခဲ့၊ မာ့(က်စ်)ဝါဒီတွေပီပီ အတွေးအခေါ်အရပဲ ချေဖျက်တိုက်ခိုက်ခဲ့တယ်။ အဲသလို ဖြောင့် 'polemic' လုပ်တဲ့အခါ သူတို့ပြန်ချေပနိုင်စွမ်းမရှိ။

သဘောတရားရေး တိုက်ပွဲကို ရိုးရိုးသားသား လုပ်နိုင်စွမ်း မရှိတဲ့အခါ ဘယ်သူဘယ်ဝါရေးတဲ့ ဆောင်းပါးကို ဝေဖန်နေတယ်လို့လဲ မပြောရဲဘူး၊ သူတို့ဆဲနေတဲ့ ဆောင်းပါးတခုခုထဲက စာတပိုဒ်တလေလောက်တောင် ကောက်နှုတ်မပြရဲဘူး။ အဲသလိုသာ ကောက်နှုတ်ပြလိုက်မယ်ဆိုရင် ဗကပ အုပ်စုဘက်က လိုသလို ပုံဖျက်ထားမှန်း စာဖတ်သူတွေ ဒက်ခနဲ တန်းသိသွားမယ်။ အဲတော့ အခြေအမြစ်မရှိ စွပ်စွဲ ပုံဖျက်ထားမှန်း သူတို့နောက်လိုက်တွေ နားလည်သွားနိုင်တယ်။ ဗကပ ခေါင်းဆောင်ပိုင်းက 'ဒီလိုပါလား'လို့ အောက်ခြေ ပါတီဝင် လူငယ်တွေ သဘောပေါက်သွားနိုင်တယ်။

ဗကပက ဒီမိုကရေစီ ဗဟိုဦးစီးစနစ် (Democratic Centralism) ကို ကျင့်သုံးတယ်လို့ အမြဲ အော်လေ့ရှိတယ်။ တကယ်တော့ သူတို့ဟာက ဗျူရိုကရက်တစ် ဗဟိုချုပ်ကိုင်မှုစနစ်ပဲ။ ပါတီသက်တမ်း (၈၅) နှစ် ရှိပြီသာ ဆိုတယ်။ ဒီကနေ့အထိ ပါတီကွန်ဂရက် (၃) ကြိမ်ပဲ လုပ်နိုင်ခဲ့တယ်။ 'ပါတီတွင်း ဒီမိုကရေစီရှိတယ်၊ မရှိဘူး' ကြိုက်သလိုပြော၊ ဒီအချက်ကို သူတို့မငြင်းနိုင်ဘူး။ ငြင်းမရတဲ့အဆုံး ဗကပကိုယ်တိုင် ထုတ်ပြောလာရတယ်။ ဒါပေမယ့် ဆင်ခြေလေးတော့ ပေးသေးတယ်။ စစ်တိုက်နေရတဲ့ ကာလမို့၊ ဒီကနေ့ခေတ်လို အင်တာနက်ခေတ် မဟုတ်လို့တဲ့။ ဒါဖြင့် အင်တာနက် ရနေတဲ့ ၂၀၁၀ နောက်ပိုင်းမှာ ဘာ့ကြောင့် ပါတီ ကွန်ဂရက် မလုပ်နိုင်သလဲ။

တကယ်တော့ မခိုင်လုံလှတဲ့ ဆင်ခြေပါ။ လီနင်တို့ ဘော်ရှီဗစ်ပါတီ အာဏာမရခင် မြေအောက်ပါတီဘဝမှာ ဘယ့်လောက်ခက်ခဲနေပါစေ ပါတီ ကွန်ဂရက်ကို ပုံမှန် လုပ်နိုင်ခဲ့တယ်။ အာဏာရပြီးတော့လဲ နယ်ချဲ့စစ်တပ်တွေ ဝိုင်းနေတဲ့ကြားက တတိယ အင်တာနေရှင်နယ်ကို ၁၉၁၉ မှာ ထူထောင်နိုင်ခဲ့တယ်။ နယ်ချဲ့စစ်တပ်တွေက ဆိုဗီယက် နိုင်ငံကို ဝိုင်းပတ်ထား

ချိန်၊ ပြည်တွင်းစစ် အသည်းအသန် တိုက်နေရချိန်မှာတောင် ကွန်မြူနစ် အင်တာနေရှင်နယ် ကွန်ဂရက်တွေကို နှစ်စဉ် ပြုလုပ်နိုင်ခဲ့တယ်။ ရုရှား ဘော်ရှီဗစ် ပါတီတခုတည်းရဲ့ ကွန်ဂရက် မဟုတ်ဘူး၊ ကမ္ဘာ့နေရာ ဒေသအသီးသီးက အင်တာနေရှင်နယ် အဖွဲ့ဝင် ကွန်မြူနစ် ပါတီတွေ ပါဝင်တဲ့ ကမ္ဘာ့ ကွန်ဂရက်ကို ရန်သူပတ်လည်ဝိုင်းနေချိန် စစ်အတွင်းမှာ နှစ်စဉ် ကျင်းပနိုင်ခဲ့ခြင်း ဖြစ်တယ်။ ကွန်ဂရက် လုပ်ရတာ လွယ်လွန်းလို့ အပျော်သဘော လူစုပြီး အာချောင်ကြတာတော့ မဟုတ်တန်ရာ။

တတိယ ကွန်မြူနစ် အင်တာနေရှင်နယ်ကို လီနင်၊ ထရော့စကီးတို့ ခေါင်းဆောင်နေချိန် အဲသလို နှစ်စဉ် ကွန်ဂရက် ကျင်းပနိုင်ခဲ့ပေမယ့် လီနင် ကွယ်လွန်သွားပြီး ထရော့စကီးကို စတာလင် -ဇီနိုးဗီးယက်-ခါမေးညက် ဂိုဏ်းက ဖယ်ရှားပစ်လိုက်တဲ့နောက် ကွန်ဂရက် ဘယ်နှကြိမ် ထပ်လုပ်နိုင်သေးလဲ။ နယ်ချဲ့အုပ်စုကို မျက်နှာလုပ်လိုတဲ့ စတာလင်က လီနင်၊ ထရော့စကီးတို့ ဦးဆောင် တည်ထောင်ခဲ့တဲ့ တတိယ အင်တာနေရှင်နယ်ကို ၁၉၄၃ မှာ ဖျက်သိမ်းပစ်လိုက်တယ်။ အဲသလို ဖျက်သိမ်းလိုက်ချိန်မှာ အင်တာနေရှင်နယ် ကွန်ဂရက်ကို အယောင်ပြလောက်တောင် မခေါ်ခဲ့ဘူး။ ၁၉၂၃ ခုနှစ်ကနေ ၁၉၄၃ ခုနှစ်အတွင်း စတာလင် လက်ထက် တတိယ အင်တာနေရှင်နယ်ဟာ ကွန်ဂရက် သုံးကြိမ်ပဲ လုပ်နိုင်ခဲ့တယ်။

တကယ်တော့ ၁၉၄၃ မှာ ဖျက်ပြီလို့ မကြေညာခင်ကတည်းက တတိယ အင်တာနေရှင်နယ်ဟာ အင်တာနေရှင်နယ် မမည်တော့ပါဘူး။ စတာလင် ဗျူရိုကရေစီရဲ့ လက်ကိုင်တုတ် ဖြစ်နေပါပြီ။ ဗကပ စပေါ်လာတာ စတာလင် ဗျူရိုကရေစီ မင်းမူနေတဲ့ ကာလပဲ။ စတာလင်နစ်ဇင်ကို မာ့(က်စ်)လီနင်ဝါဒလို့ အဟုတ်မှတ်ခဲ့ရတဲ့ ဗကပဟာ ဒီကနေ့အထိလဲ အဲသလို ထင်မှတ်နေတုန်းပဲ။ သူတို့ရောဂါကို ဘယ်သူမှ ကုလို့ မရတော့ဘူး။ နေမြင့်လေ အရူးရင့်လေ။ သမိုင်းအမှန်ကို ချက်ကျလက်ကျ ရှင်းပြလဲ နားလည်နိုင်စွမ်း ကုန်ခမ်းသွားကြပြီ။ သက်တမ်း (၈၅) နှစ်အတွင်း ကွန်ဂရက် သုံးကြိမ်ပဲ လုပ်နိုင်တယ်ဆိုတာ ဗကပ အုပ်စု ဆင်ခြေပေးသလို အင်တာနက် မရှိတဲ့ခေတ်မို့ မဟုတ်ဘူး၊ စစ်တိုက်နေရလို့ မဟုတ်ဘူး၊ စတာလင်နစ်(စ်) အဖွဲ့တခု ဖြစ်နေလို့ပဲ။ ပါတီ နာမည်ခံထားပေမယ့် ပါတီအဆင့်မရှိဘဲ သင်းကွဲဂိုဏ်း (sect) တခုသာ ဖြစ်နေလို့ပဲ။

ချုပ်ပြောရရင် လီနင်၊ ထရော့စကီး အစရှိတဲ့ မာ့(က်စ်)ဝါဒီ စစ်စစ်တွေ ကျင့်သုံးခဲ့တာက 'Democratic Centralism' ဖြစ်ပြီး၊ စတာလင် ဗျူရိုကရေစီက မွေးထုတ်လိုက်တဲ့ ဗကပလို စတာလင်နစ်(စ်) ပါတီတွေအားလုံး တောက်လျှောက် ကျင့်သုံးခဲ့တာက'Bureaucratic Centralism' ဖြစ်တယ်။ ဒီနှစ်ခုဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပါတယ်။ ဒီနှစ်ခုကြား ခြားနားချက်ကြီးကို သိသာထင်ရှားအောင် ကွန်ဂရက် စစ်စစ်မှန်မှန် ကျင်းပနိုင်ခြင်း ရှိမရှိ ပေတံနဲ့ နမူနာ တိုင်းပြခြင်း ဖြစ်ပါတယ်။ တခြား သမိုင်းဆိုင်ရာ အထောက်အထားတွေ အမြောက်အများ ရှိပါတယ်။ စာရှည်ပြီး ဘေးရောက်သွားမှာစိုးလို့ နမူနာတခုပဲ ထုတ်ပြပါမယ်။

အောက်တိုဘာ တော်လှန်ရေး ဆင်နွှဲချိန်က ရှိခဲ့တဲ့ ဘော်ရှီဗစ်ပါတီ ဗဟိုကော်မတီဝင် ဘယ်နှယောက်များ စတာလင် ဗျူရိုကရေစီအောက်မှာ အသက်ရှင်ကျန်ခဲ့သလဲ။ ဗကပ မှန်မှန်ကန်ကန် ဖြေရဲလား။ စတာလင်ဆီ အညှံ့ခံသွားတဲ့ Kollontai တယောက် ကလွဲရင် တယောက်မှ စတာလင် အရှင်မထားခဲ့ဘူး။ တချို့ကို စတာလင် ဗျူရိုကရေစီ လုပ်ဇာတ်ခင်းထားတဲ့ တရားခွင်တွေမှာ အရှက်ခွဲပြီး ပစ်သတ်ခဲ့တယ်။ အကျဉ်းထောင်ထဲမှာ သေဆုံးခဲ့ရသူတွေ ရှိခဲ့တယ်။ မက်စီကိုမှာ ခိုလှုံနေရတဲ့ ထရော့စကီးကို ၁၉၄၀ ခုနှစ်မှာ စတာလင်က နှစ်ကြိမ်တိတိ ချောင်းမြောင်း လုပ်ကြံခိုင်းခဲ့တယ်။ စတာလင် အမိန့်ပေးခိုင်းစေထားတဲ့ လုပ်ကြံရေးသမား လက်ချက်နဲ့ ထရော့စကီး သေဆုံးခဲ့ရတယ်။ ဒါတွေ ဘာ့ကြောင့် လုပ်ခဲ့သလဲ။ အလွန်ဆိုးရွားတဲ့ ရာဇဝတ်ကောင်တွေဟာ သူတို့အကြောင်း ကောင်းကောင်းသိတဲ့ မျက်မြင်သက်သေတွေကို ရှင်းပစ်လေ့ရှိတယ်။ စတာလင် ရှင်းပစ်ခဲ့တဲ့ ဘော်ရှီဗစ် ခေါင်းဆောင်တွေဟာ စတာလင် ဘာကောင်လဲ ကောင်းကောင်း သိတဲ့သူတွေ၊ အောက်တိုဘာ တော်လှန်ရေးမှာ စတာလင်ရဲ့ အခန်းကဏ္ဍ ဘယ့်လောက်မှ မရှိခဲ့မှန်း သိခဲ့သူတွေ ဖြစ်သလို စတာလင် ဘယ်နည်းဘယ်ပုံ အာဏာရလာမှန်း ကောင်းကောင်း

သိထားသူတွေ။ အောက်တိုဘာ တော်လှန်ရေးရဲ့ အစဉ်အလာနဲ့ အနှစ်သာရကို ထဲထဲဝင်ဝင် အသိဆုံးသူတွေ၊ ဒီလို မျက်မြင်သက်သေတွေ ဆက်ရှိနေရင် စတာလင် ဗျူရိုကရေစီရဲ့ ရာဇဝတ်မှုတွေ၊ တန်ပြန်တော်လှန်ရေး လုပ်ရပ်တွေကို လိမ်ညာ ဖုံးဖိထားဖို့ မဖြစ်နိုင်ဘူး။ တန်ပြန် တော်လှန်ရေးဟာ တော်လှန်ရေးကို ဖျက်စီးပစ်ရုံနဲ့ မကျေနပ်နိုင်ဘူး။ တော်လှန်ရေး မျိုးဆက်ပြတ်သွားအောင်၊တော်လှန်ရေးရဲ့ memory ပျက်သွား အောင် ဖျက်ပစ်ရတယ်။ ရှစ်လေးလုံး လူထု တော်လှန်ရေးကြီး ကို တန်ပြန် တော်လှန်ရေးသမားတွေ ဘယ်လို ပုံဖျက်ပစ်ခဲ့သလဲ ပြန်စဉ်းစားကြည့်ပါ။ ဒါဆိုရင် စတာလင် ဘာ့ကြောင့် ဘော်ရှီဗစ် ခေါင်းဆောင်တွေကို အရှင်မထားဝံ့သလဲ မြင်ရလိမ့်မယ်။

ဒါ့အပြင် လီနင် ကွယ်လွန်ခဲ့ရခြင်း နောက်ကွယ်မှာ စတာလင် လက်ချက် ကင်းတယ်လို့ ဗကပ ပြောရဲလား။ အရှက်မရှိလို့ ဘူး ကွယ်ပြီး ပြောမယ်ဆိုရင် လီနင့် ရုပ်အလောင်းကို စတာလင် ဗျူရို ကရေစီက autopsy လုပ်ခွင့် မပေးခဲ့တာ ဘာ့ကြောင့်လဲ။ ဗကပက စတာလင်ရဲ့ အဆိုးရွားဆုံး ရာဇဝတ်မှုကြီးတွေကို လိမ်ညာဖုံးဖိ ပေးထားတာ ဘာ့ကြောင့်လဲ။ ကွန်မြူနစ်ဆိုတာ အမှန်တရား အပေါ်မှာပဲ ရပ်တည်ရတယ်။ သမိုင်းကို လိမ်ညာပြီး တော်လှန်ရေး လုပ်လို့မရဘူး။ အလိမ်အညာတွေနဲ့ တည်ဆောက် ထားတဲ့ ဂိုဏ်းအစုလေးတခုဟာလဲ ကွန်မြူနစ် ပါတီ မဟုတ် ဘူး။

ဗကပကို ကွန်မြူနစ် ပါတီလို့ ထင်နေသူ လူငယ်တွေအနေနဲ့ စတာလင်က ဘော်ရှီဗစ် ပါတီ ဗဟိုကော်မတီဝင် အားလုံးကို ရှင်း ပစ်ခဲ့တာ (literally physical destruction) ဘာ့ကြောင့်လဲလို့ မေး ကြည့်ရမယ်။ ဗကပက စတာလင်နစ်ဇင်ဟာ လီနင်ဝါဒနဲ့ အတူတူ ပဲလို့ တလျှောက်လုံး သမိုင်းလိမ်ခဲ့တယ်။ ဒါ့ကြောင့် အဲဒီ မေးခွန်း ကို မှန်မှန်ကန်ကန် ဖြေနိုင်လား၊ ဖြေရဲလား ဆန်းစစ်ကြည့်ရလိမ့် မယ်။ ကျနော်တို့ ကြိုဖြေပေးရရင် စတာလင်ဟာ ဘယ်တုန်းက မှ အဲသလို မလုပ်ခဲ့ပါဘူးလို့ပဲ သူတို့ ဘူးကွယ်ကြလိမ့်မယ်။ ဒါန မူနာ မေးခွန်းပဲ ရှိသေးတယ်။ စတာလင် ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေ ၊ စတာလင်ကြောင့် ဘဝပျက် အသက်ဆုံးခဲ့ရသူတွေ အမြောက် အများ ရှိခဲ့တယ်။

ဗကပက ပါတီတွင်း ဖြုတ်ထုတ်သတ် လုပ်ခဲ့တာ အချင်းချင်း ကျူးလွန်တဲ့ အမှား၊ ပြည်သူအပေါ် ကျူးလွန်တဲ့ အမှား မဟုတ် ဘူးလို့ ပြောပြီး အမြဲဖာထေးခဲ့တယ်။ အခု နမူနာ ပေးခဲ့တဲ့ စတာ လင် ဗျူရိုကရေစီရဲ့ ရာဇဝတ်မှုတွေကိုသာ သိထားရင် စတာလင် နစ် ဗကပရဲ့ ပါတီတွင်း ဖြုတ်ထုတ်သတ် ကိစ္စဆိုတာ အကင်းပဲ ရှိသေးမှန်း မြင်ရလိမ့်မယ်။ လက်တွေ့ နမူနာ ပေးကြည့်မယ်။

ဗကပ ပါတီဝင် လူငယ်တဦးက သူ့ပါတီတွင်း တောထဲတနေရာ မှာ အခု ဒီစာရေးသူ မေးခွန်းထုတ်သလို ထုတ်ရဲမယ် ထင်သ လား။ ထုတ်မိရင် DC ကျင့်သုံးပြီး ရိုးရိုးသားသား ဆွေးနွေးငြင်း ခုန်မှုတွေ လုပ်ခွင့်ရမယ်လို့ရော ဘယ်သူ ယုံပါသလဲ။ ဗကပ အ မာခံ ထောက်ခံသူများ ယုံကြည်တယ်ဆိုရင် စမ်းကြည့်ပါ။

ဗကပရဲ့ 'အိုနားကျိုးကန်း သီအိုရီများ' မှာ ဆဲထားသမျှ 'ဆန် စင်ရာ ကျည်ပွေ့လိုက်နေရင်' စာဖတ်သူတွေ မျက်စိညောင်းကုန် လိမ့်မယ်။ အဲဒီ ဆဲစာရဲ့ ခေါင်းစဉ်နဲ့ အဖွင့်ကို ဖတ်လိုက်တာနဲ့ ဗ ကပဟာ မာ့(က်စ်)၊ လီနင် တို့လို သီအိုရီကို တကယ် အလေး အနက် မရှိဘူး၊ အထင်သေး စက်ဆုပ်မှုပဲ ရှိနေတယ်ဆိုတာ တွေ့ ရမယ်။ 'စစ်ဘောင်နဲ့ ဒီမိုကရေစီဘောင်' ခေါင်းစဉ်ခွဲအောက်မှာ လစ်ဘရယ် အချောင်သမားတွေကို ဆဲထားပုံရပါတယ်။ "အခု သူတို့ပြောနေတာတွေအားလုံးကို ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က အကုန်စမ်းသပ်ပြီးပြီ" လို့ ဗ ကပက ရေးတယ်။ မှန်ပါတယ်၊ နောက်ထပ် မှန်တဲ့ တချက်ကိုပဲ ဗကပက တိတ်တိတ်လေး ချန်ထားခဲ့တယ်။ ရှစ်လေးလုံး လူထု တော်လှန်ရေးကြီးကစလို့ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင် တဲ့ လစ်ဘရယ် အုပ်စုကို တလျှောက်လုံး နောက်မြီးဆွဲလုပ်ခဲ့ တာ၊ထောက်ခံခဲ့တာ ဗကပ ကိုယ်တိုင်ပဲ မဟုတ်ပါလား။ ဒီအချက် ကလေးကို ဘာ့လို့များ ထိန်ချန်ထားပါလိမ့်။ ဗကပ အမြင်မှာ အရေးမကြီးဘူး ထင်လို့လား။

ဒီပေါ်လစီက ဗကပ တလျှောက်လုံး ကိုင်စွဲလာတဲ့ စတာလင် နစ်(စ်) Stagist "သီအိုရီ" ဆိုတာနဲ့ ကိုက်ညီသလို ဗကပ ကိုးကွယ် တဲ့ မော်စီတုန်း ပြောနေကျ 'လူတန်းစား လေးရပ် ပေါင်းစည်းရေး

’ (bloc of four classes) အမြင်နဲ့လဲ တထပ်တည်းပါပဲ။ (ဩဂုတ်လ ၂၀ ရက်နေ့ကပဲ ဗကပရဲ့ စာမျက်နှာမှာ လူတန်းစား လေးရပ်ပေါင်းစည်းရေး အမြင်ကို ‘ဗမာပြည်ရဲ့ ဒီမိုကရေစီ တော်လှန်ရေး’ ခေါင်းစဉ်နဲ့ ဖော်ပြထားသေးတယ်။) အဲသလို ‘သီအိုရီ’တွေကိုင်စွဲကျင့်သုံးလာလို့ ဗကပခမျာ အိုနာကျိုးကန်း ဖြစ်နေတဲ့အထိ အမြင်မှန် မရနိုင်သေးဘူး။ သမိုင်း အမှန်ကို လက်မခံနိုင်သေးဘူး။

ဒါ့ကြောင့်လဲ ဒီကနေ့အထိ စတာလင်နစ်(စ်) ဝါဒဖြန့်ချိရေးယန္တယားအောက်က အလိမ်အညာတွေကို အမှန်ထင်ပြီး ထရော့စကီးကို ပထွေးမုန်း မုန်းနေတာပဲ။ ထရော့စကီးရေးတဲ့ စာတပုဒ်၊ စာတအုပ်လောက်တောင် မဖတ်ဖူးလို့သာ စတာလင် ဗျူရိုကရေစီရဲ့ လိမ်ညာပုံဖျက်မှုတွေကို ယုံကြည်နေတာပဲ။ အောက်တိုဘာတော်လှန်ရေးအတွင်း ထရော့စကီးရဲ့ အခန်းကဏ္ဍ၊ တော်လှန်ရေး အောင်ပြီး ပြည်တွင်းစစ် တိုက်နေရချိန် တပ်နီတော်ကို ဦးစီးထူထောင်ခဲ့တဲ့ သမိုင်းဝင် လုပ်ရပ်တွေ၊ တတိယ အင်တာနေရှင်နယ်ကို လီနင်နဲ့အတူ လက်တွဲ ဦးဆောင်ခဲ့တာတွေ၊ လီနင် မကွယ်လွန်ခင် စတာလင် ခေါင်းဆောင်တဲ့ ဗျူရိုကရေစီကို တိုက်ဖို့ ထရော့စကီးနဲ့ လက်တွဲခဲ့တာတွေ၊ ပြောရရင် အများကြီးပဲ။

လီနင်ရဲ့ သေတမ်းစာထဲမှာ “စတာလင်ဟာ ပါတီအထွေထွေအတွင်းရေးမှူး ဖြစ်လာပြီး (ဒါကို လီနင် ဆန့်ကျင်ခဲ့တယ်) သူ့လက်ထဲ အာဏာတွေ အကန့်အသတ်မရှိ စုပြုံနေတယ်။ ဒီအခွင့်အာဏာတွေကို အမြဲတမ်း သတိတရားရှိရှိနဲ့ သုံးနိုင်ပါ့မလားဆိုတာ ကျနော် သံသယရှိတယ်”လို့ လီနင် ရေးထားခဲ့တယ်။ “တခြားတဖက်မှာတော့ ရဲဘော် ထရော့စကီးဟာ သူမတူတဲ့ စွမ်းဆောင်ရည်ကြောင့်တင် ထင်ရှားနေတာ မဟုတ်ဘူး။ ပြောရမယ်ဆိုရင် လက်ရှိ ဗဟိုကော်မတီဝင်တွေထဲ ရဲဘော် ထရော့စကီးဟာ အရည်အချင်း အရှိဆုံးပဲ”လို့ လီနင် မှတ်ချက်ပြုခဲ့တယ်။ ၁၉၂၂ ဒီဇင်ဘာ ၂၅ မှာ ဒီသေတမ်းစာကို ရေးခဲ့တယ်။ အဲဒီအချိန်မှာ ဘော်ရှီဗစ် ပါတီ အကွဲအပြဲ ဖြစ်သွားမှာကို လီနင် စိုးရိမ်နေတယ်။ ဒါ့ကြောင့် တတ်နိုင်သမျှ ထိန်းရေးထားတယ်။


ထရော့စကီးနဲ့ အခြားရဲဘော်တွေကို လီနင်နဲ့ ကူညီဆက်သွယ်ပေးလို့ဆိုပြီး (လီနင့် ဇနီး) ကရုပ်စ်ကားယာကို စတာလင်က ဆဲဆိုကြိမ်းမောင်းခဲ့တယ်။ ဒီနောက် နှစ်ပတ်အကြာမှာ လီနင်က သူ့သေတမ်းစာထဲ ဖြည့်စွက်ချက်တခု ထပ်ထည့်ခဲ့တယ်။ စတာလင်နဲ့ ပုဂ္ဂိုလ်ရေး ဆက်ဆံမှုအားလုံး ဖြတ်ပစ်လိုက်တယ်။ “စတာလင်က အလွန် ရိုင်းစိုင်းတယ်။ ဒီပြစ်ချက်ဟာ ကျနော်တို့ အချင်းချင်း၊ ကွန်မြူနစ်တွေအချင်းချင်း ဆက်ဆံရေးမှာ အတန်အသင့် သည်းခံလို့ရသော်ငြား ပါတီ အထွေထွေ အတွင်းရေးမှူး တယောက်အနေနဲ့ဆိုရင် လုံးဝ သည်းခံနိုင်စရာ မရှိတော့ဘူး။” လို့ လီနင် ရေးခဲ့တယ်။ သစ္စာမဲ့ခြင်း၊ အာဏာ အလွဲသုံးစား လုပ်လိုခြင်းကြောင့် စတာလင်ကို အထွေထွေ အတွင်းရေးမှူး တာဝန်ကနေ ထုတ်ပစ်ဖို့ လီနင် တိုက်တွန်းခဲ့တယ်။

“Postscript: Stalin is too rude, and this fault, entirely supportable in relations among us communists, becomes unsupportable in the office of General Secretary. Therefore, I propose to the comrades to find a way to remove Stalin from that position and appoint to it another man who in all respects differs from Stalin only in superiority – namely, more patient, more loyal, more polite and more attentive to comrades, less capricious, etc.”

လီနင်က သူ့ကျန်းမာရေးကို စိတ်မချလို့ သူသေသွားခဲ့ရင် ဒီစာတွေကို ပါတီ ကွန်ဂရက်မှာ ဖတ်ပြဖို့ရာ တိတ်တဆိတ် ရေးထားခဲ့ခြင်း ဖြစ်တယ်။ သူ့ကျန်းမာရေး ပြန်ကောင်းလို့ ပါတီကွန်ဂရက်ကို ကိုယ်တိုင် တက်နိုင်ခဲ့ရင် စတာလင်ရဲ့ ပြစ်မှုတွေ ပါတီဝင်ထု တရပ်လုံးရှေ့ ဖွင့်ချပြီး တိုက်ပွဲဝင်ဖို့ လီနင် ပြင်ဆင်ထားခဲ့တယ်။ တကယ်လည်း လီနင့် ကျန်းမာရေးဟာ ထူထောင်စပြလာပြီးမှ ရုတ်တရက် ကွယ်လွန်သွားခဲ့ရခြင်း ဖြစ်တယ်။ လီနင်သာ ကွန်ဂရက်ကို တက်နိုင်ခဲ့ရင် အထွေထွေ အတွင်းရေးမှူး နေရာကနေ အဖယ်ခံရဖို့ သေချာသလောက် ရှိနေတဲ့ စတာလင် လက်ချက် ဘယ်လောက် ရှိနေမလဲ။ လီနင် ကွယ်လွန်သွားတဲ့အခါ ဒီစာတွေကို ကွန်ဂရက်မှာ ဖတ်ပြဖို့ ကရုပ်စကားယာက တောင်းဆိုခဲ့ပေမယ့် စတာလင်ဂိုဏ်းက လျှို့ဝှက်ထားခဲ့တယ်။

---

https://www.marxists.org/history/etol/newspape/ni/vol02/no01/lenin.htm




266. Gallery of the Bolshevik CC in 1917 and their fates published in the American *Socialist Worker* in March 1938, in response to Stalin's purges

သမိုင်းကို လိမ်ညာဖုံးဖိတတ်တာ စတာလင်နစ်(စ်)တွေရဲ့ အစဉ်အလာပဲ။

လီနင်နဲ့ ထရော့စကီးကြား သဘောထား ကွဲလွဲမှု တချို့ ရှိခဲ့တာ မှန်တယ်။ ဒါပေမယ့် သူတို့နှစ်ဦးကြား ကွဲလွဲချက်ဟာ ‘tactical’ အဆင့်ပဲ ရှိတယ်၊ အခြေခံ တော်လှန်ရေး သဘောတရားပိုင်းမှာ ဘာမှ မကွဲပြားဘူး။ ဥပမာ၊ ၁၉၁၇၊ ဧပရယ်လ် (၃)ရက်နေ့ ရုရှားကို လီနင် ပြန်ရောက်တော့ သူ့ရဲ့ ဧပြီ စစ်တမ်းတွေကို တင်ခဲ့တယ်။ ဒုတိယတချီ ရုရှား တော်လှန်ရေးဟာ ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးရဲ့ ပထမ ခြေလှမ်း ဖြစ်ရမယ်လို့ ဆိုထားတယ်။ လီနင်ရဲ့ ဧပြီစစ်တမ်းတွေဟာ ထရော့စကီးရဲ့ ‘permanent revolution’ သီအိုရီနဲ့ အနှစ်သာရ အတူတူပဲ။ ဒါ့ကြောင့် ၁၉၁၇ နိုဝင်ဘာ (၁)ရက်နေ့၊ ပီထရိုဂရက် ကော်မတီ အစည်းအဝေးမှာ လီနင် အခုလို ပြောခဲ့တယ်။ မင်ရှီဗစ်တွေနဲ့ ညီညွတ်ရေး တည်ဆောက်လို့ မဖြစ်နိုင်မှန်း ထရော့စကီး အခိုင်အမာ ယုံကြည်သွားတဲ့အခါ“သူ့ထက်ပိုတော်တဲ့ ဘော်ရှီဗစ်မရှိတော့ဘူး”။

ဒီတော့ “လီနင်ကိုယ်တိုင်က ထရော်စကီရဲ့ ဖောက်ပြန်သွေဖည်မှုတွေကို အကြိမ်ကြိမ်ထောက်ပြ ဝေဖန်ခဲ့တာကိုတော့ မသိကျိုးကျွံ ပြုနေကြတယ်” လို့ ရမ်းသမ်းရေးထားတဲ့ ဗကပကို စိန်ခေါ်ပါတယ်။ လီနင်နဲ့ ထရော့စကီးကြားက သဘောတရားရေး ကွဲလွဲချက်ကို အတိအလင်း ထုတ်ပြနိုင်ရင် ပြပါ။ မဟုတ်ရင်တော့ ဒီလို ရမ်းတုတ်တာမျိုးက လူတိုင်း လုပ်လို့ရတာပဲ။ ‘ပြည်သူ့အာဏာဂျာနယ်’ ဆိုတာ ဗကပရဲ့ သဘောတရားရေး ဂျာနယ်ပဲလေ။ ဒီလို အခြေအမြစ်မရှိ ရမ်းသမ်းရေးတဲ့ နေရာတခုအဖြစ် မြင်ရတာတော့ စိတ်မကောင်းစရာပဲ။

“Show me another man”, he (Lenin) said, thumping the table “capable of organising in a year an almost exemplary army and moreover of winning the esteem of the military specialists.”

ဂေါ်ကီရေးတဲ့ ပြန်ပြောင်းအမှတ်ရချက်များထဲက ကောက်နှုတ်ချက် ဖြစ်ပါတယ်။ ထရော့စကီးရဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်လို့ လီနင်ရဲ့ သဘောထားပါပဲ။

လီနင်၊ ထရော့စကီးတို့ဟာ အင်တာနေရှင်နယ်ဝါဒီတွေ ဖြစ်ပါတယ်။ ၁၉၂၄ မှာ လီနင် ကွယ်လွန်သွားတော့ စတာလင်က ‘Socialism in one country’ ဆိုပြီး ထလုပ်ပါတယ်။ မာ့(က်စ်)ဝါဒနဲ့ ပြဒါးတလမ်း၊ သံတလမ်း ခွဲထွက်သွားတဲ့ ဖောက်ပြန်မှု ဖြစ်ပါတယ်။ စတာလင် ဗျူရိုကရေစီက လီနင်၊ ထရော့စကီးတို့ တလျှောက်လုံး ရပ်တည်တိုက်ပွဲဝင်လာတဲ့ ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေး အမြင်ကို စွန့်ပယ်ပြီး nationalist reformist အလံထူလိုက်တာ ဖြစ်ပါတယ်။ လီနင်၊ ထရော့စကီးတို့က ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးအတွက် တတိယ အင်တာနေရှင်နယ်

ကို ထူထောင်တယ်။ စတာလင်က 'တိုင်းပြည်တခုအတွင်း ဆိုရှယ်လစ် စနစ် တည်ဆောက်ရေး' လို့ ဖောက်ပြန်တဲ့ သဘောတရားတရပ် အလံထူပြီး တတိယ အင်တာနေရှင်နယ်ကို ဖျက်စီးပစ်ခဲ့တယ်။ စတာလင်နစ်(စ်) အမြင်ကို ဒီကနေ့အထိ တရားသေ ဖက်တွယ်ထားတဲ့ ဗကပက တရုတ် အစိုးရရဲ့ 'ဆိုရှယ်လစ် ပဏ္ဏာမအဆင့်' ဝါဒဖြန့်ချက်ကို ယုံကြည်နေတာ မထူးဆန်းတော့။

## ဗကပရဲ့ straw man

ထရော့စကီးဝါဒီတွေက "အလုပ်သမား လူတန်းစားက အဆင့်သင့်မဖြစ်သေးလို့ တော်လှန်ရေး လုပ်လို့ မရသေးဘူး" လို့ ပြောကြောင်း ဗကပက စွပ်စွဲပုံဖျက်တယ်။ ဒါဖြင့် ဘယ်နေရာမှာ ပြောထားတာလဲ။ အဲသလိုလဲ အထောက်အထား အကိုးအကား မပြနိုင်။ ဗကပဘက်က မဟုတ်မမှန် လီဆည် ပြောထားတဲ့ စွပ်စွဲချက် ဖြစ်နေတော့ ဘယ်ပြနိုင်မလဲ။ ထရော့စကီးဝါဒီလို့ စွပ်စွဲတာတော့ နာစရာ မရှိပါဘူး။ ထရော့စကီးကို သဘောတရားရေး အရ မချေပနိုင်တာနဲ့ ချောင်းမြောင်းလုပ်ကြံခိုင်းတဲ့ စတာလင်ဝါဒီလို့ တံဆိပ်ကပ် မခံရတဲ့အတွက်လဲ ဂုဏ်ယူပါတယ်။

ဗကပက အခုလို ဆက်ပုံဖျက်ပြန်တယ် -

"ထရော်စကီတွေရဲ့ အပြောက တရုတ် တော်လှန်ရေးဟာ လယ်သမား တော်လှန်ရေးမို့လို့ အဲဒါ ကွန်မြူနစ်မဟုတ်၊ ဗီယက်နမ် တော်လှန်ရေးဟာ လယ်သမား တော်လှန်ရေးမို့ အဲဒါ ကွန်မြူနစ် မဟုတ်၊ ကျူးဘား တော်လှန်ရေးဟာ ခနရှင်ပေါက်စ တော်လှန်ရေးမို့ အဲဒါ ကွန်မြူနစ် မဟုတ် အဲဒါတွေ အားလုံးဟာ စတာလင်နစ်တွေ လို့ ဆိုနေတယ်"။

ထုံးစံအတိုင်း ဒီလို စွပ်စွဲရာမှာလဲ အကိုးအကား မပြနိုင်ပြန်ဘူး။ ဗကပ အုပ်စုက လိုရာဆွဲ ပုံဖျက်ထားတာကို စာဖတ်သူတွေ မြင်သွားမှာကြောက်ပြီး အကိုးအကား မပြရဲတာ။ စတာလင်နစ်(စ်) ခေါင်းဆောင်ပိုင်းရဲ့ ပေါ်လစီ၊ မဟာဗျူဟာနဲ့ နည်းဗျူဟာပိုင်းကို ဝေဖန်တာဟာ တော်လှန်ရေးကို စတာလင်နစ်(စ်)လို့ ပြောတာ မဟုတ်ဘူး။ လစ်ဘရယ် အန်ယူဂျီကို ဝေဖန်တာနဲ့ပဲ ဗမာပြည် တော်လှန်ရေးကို လစ်ဘရယ် တော်လှန်ရေးမို့ ဆဲနေပါပြီ ပြောရင် မှန်မလား။ ဗကပကို ဝေဖန်တာနဲ့ ဗမာပြည် တော်လှန်ရေးကို 'စတာလင်နစ်တွေ'လို့ ပြောရာ ရောက်သွားပြီလား။ ဗကပရဲ့ လီဆည်ချက်တွေကိုသာ ထိုင်ရေးပြနေရရင် စာမျက်နှာ ရာချီ သွားလိမ့်မယ်။

ကျနော်တို့ ဝေဖန်ချက်တွေ မှန်လား၊ မှားသလား မှတ်ကျောက်တင်ကြည့်ရအောင် ဗကပအနေနဲ့ ကျနော်တို့ ရေးသားချက်ကို အပြည့်အစုံ ကိုးကားပြီး သဘောတရားရေး တိုက်ပွဲ ဝင်ရဲလား။ ရိုးသားရင်၊ သတ္တိရှိရင် စိန်ခေါ်ပါတယ်။ ဆိုဗီယက် ပြည်ထောင်စုမှာ၊ တရုတ်ပြည်မှာ အရင်းရှင်စနစ်ကို ဘာ့ကြောင့် ပြန်ရောက်သွားသလဲ ဗကပရဲ့ ဆန်းစစ်ချက်ကို ထုတ်ပြပေးနိုင်မလား။ ဆိုဗီယက် ပြည်ထောင်စုမှာ အလုပ်သမား လူတန်းစားက စတာလင် ဗျူရိုကရေစီကို ဖြိုချပစ်တဲ့ 'political revolution' ဆင်နွှဲဖို့ လိုအပ်တယ်၊ မအောင်မြင်ရင် အရင်းရှင်စနစ်ကို ပြန်ရောက်သွားလိမ့်မယ်လို့ ထရော့စကီးက 'Revolution Betrayed' စာအုပ်မှာ ၁၉၃၇ ခုနှစ်ကတည်းက ရှင်းပြခဲ့တယ်။ ဗကပလို စတာလင်နစ်(စ်)တွေကတော့ ရုရှား၊ အရှေ့ဥရောပနဲ့ တရုတ်ပြည်တို့မှာ ဘာ့ကြောင့် အရင်းရှင်စနစ် ပြန်ရောက်သွားသလဲ အခုထိ နားမလည်သေးဘူး။

အခြေခံ သဘောလောက်ကို နားလည်နိုင်စွမ်း မရှိတဲ့အပြင် ကယ်တင်ရှင်စိတ် ဝင်နေတဲ့ ရောဂါကလဲ မသေးလှဘူး။ "အဲဒါဆိုရင် ထရော်စကီတွေ လွတ်မြောက်အောင် လုပ်ပေးထားတဲ့ နိုင်ငံက ဘယ်နိုင်ငံလဲ ဆိုတော့လည်း ပြစရာမရှိ" တဲ့။ ဗကပရဲ့ စကားနာထိုးသံ။ ရုရှားပြည်သူ၊ ကျူးဘားပြည်သူ၊ တရုတ်ပြည်သူ၊ ဗီယက်နမ်ပြည်သူတွေကို စတာလင်ဝါဒီ-မော်ဝါဒီတွေ ကယ်တင်ထားတယ်လို့ ဗကပက ယူဆထားပုံပဲ။ ဒါ့ကြောင့် အခုလို အောက်ကလိအာတဲ့ စကားလုံးတွေ ထွက်လာတာ။ ကယ်တင်ရှင် ဘယ်သောအခါမှ မရှိပေ ဆိုသော်ငြား စတာလင်နစ်တွေ လွတ်မြောက်အောင် ကယ်ပေးထားတာ ဒုနဲ့ဒေး ရှိနေပြီလို့ ဗကပက ပြောချင်နေတယ်။

သေချာ ပြောနိုင်တာကတော့ စတာလင်နစ် ပေါ်လစီတွေကိုသာ ကျင့်သုံးခဲ့ရင် သမိုင်းမှာ အောက်တိုဘာ တော်လှန်ရေးဆိုတာ ရှိလာမှာ မဟုတ်ခဲ့ဘူး။ အောင်မြင်ဖို့ကား ဝေးစွ။ စတာလင်ဗျူရိုကရေစီက လွဲမှားတဲ့ ပေါ်လစီတွေ ချပေးခဲ့လို့ တရုတ်ပြည်၁၉၂၅-၂၇ တော်လှန်ရေး သွေးချောင်းစီး ရှုံးနိမ့်ခဲ့တာကိုရော ဗကပ ဘာပြောမလဲ။ ၁၉၂၃ ဂျာမနီ တော်လှန်ရေး၊ ၁၉၃၇ စပိန် တော်လှန်ရေး ရှုံးနိမ့်ခဲ့ရတာ စတာလင်နစ်တွေကြောင့်ပဲ။ အောင်ပွဲကျမှ ခရက်ဒစ် ဝင်ယူချင်ပြီး အရှုံးကျတော့ တာဝန်မယူရဲတာ စတာလင်နစ်တွေပဲ။ စတာလင်နစ်(စ်)တွေ ကယ်တင်ပေးခဲ့လို့ လွတ်မြောက်သွားသူတွေ ဘယ်နှယောက်ရှိသလဲ မသိရပေမယ့် သေကျေပျက်စီးသွားသူတွေ သန်းပေါင်းများစွာ ရှိခဲ့တာတော့ ဗကပ ငြင်းနိုင်မယ် မထင်။ ငြင်းမရပေမယ့် မျက်စိမှိတ် ငြင်းဦးမယ် ဆိုတာတော့ သံသယ မဝင်ပါဘူး။

ကျနော်တို့ မာ့(က်စ်)ဝါဒီတွေ၊ ကွန်မြူနစ်စစ်စစ်တွေကတော့ အလုပ်သမား လူတန်းစားကိုယ်တိုင် အဖိနှိပ်ခံ လူထုကို ခေါင်းဆောင်ပြီး တော်လှန်ရေး ဆင်နွှဲတာကို အလိုရှိတယ်၊ အလုပ်သမား လူတန်းစားမှာ အဲသလို တော်လှန်ရေး ခေါင်းဆောင် အခန်းကဏ္ဍ ရှိကြောင်း အခိုင်အမာ ယုံကြည်ထားတယ်။ အလုပ်သမား လူတန်းစားဟာ လူ့အဖွဲ့အစည်းကို အခြေအမြစ်ကနေ တော်လှန်ပြောင်းလဲနိုင်တယ်ဆိုတဲ့ သိပ္ပံနည်းကျ အမြင်ကို အခြေခံပြီး အလုပ်လုပ်ပါတယ်။ ကွန်မြူနစ်တွေ (ဗကပ စွပ်စွဲသလို ထရော့စကီးဝါဒီတွေ) ကယ်တင်ပေးရမယ့် သနားစရာ သတ္တဝါလေးတွေလို့ မမြင်ပါဘူး။

လီနင်၊ ထရော့စကီးတို့ ခေါင်းဆောင်ခဲ့တဲ့ အောက်တိုဘာ တော်လှန်ရေး အစဉ်အလာကို ကျနော်တို့ ကွန်မြူနစ် စစ်စစ်တွေက ဆက်ခံပါတယ်။ ဗကပတို့လို ကွန်မြူနစ် နာမည် မခံထိုက်တဲ့ စတာလင်နစ်တွေကတော့ ဒါကို ကျေနပ်ဟန် မတူဘူး။ မော်ဝါဒလမ်းကြောင်းကို မလိုက်တာနဲ့ အချောင်သမား တံဆိပ်ကပ်ဖို့လောက် သိပုံရတယ်။ သူတို့ မကျေနပ်လဲ မတတ်နိုင်ဘူး၊ အောက်တိုဘာ တော်လှန်ရေး လမ်းကြောင်းအတိုင်း ဆက်လျှောက်ရေးဟာ ဒီကနေ့ တော်လှန်ရေးရဲ့ လိုအပ်ချက်ပဲ။ ဗမာပြည်အတွက်တင် မဟုတ်၊ ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေးဟာ အောက်တိုဘာ တော်လှန်ရေး လမ်းကြောင်းကို ဆက်လျှောက်ရဦးမယ်။ မဝေးတော့တဲ့ အနာဂတ်မှာ ဒီသမိုင်းအမြင် မှန်သလား၊ မှားသလား သဲသဲကွဲကွဲ သိလာရပါလိမ့်မယ်။

ရီထွေး

ဆောင်းပါးရှင်ရဲ့ ဝေဖန်ချက်ကို ဆန်းစစ်သုံးသပ်နိုင်အောင် အောက်မှာ ဗကပရဲ့ ‘အိုနာကျိုးကန်း သီအိုများ’ ပို့စ်လင့်ခ်ကို ထည့်ပေးလိုက်ပါတယ်။

https://m.facebook.com/story.php?story_fbid=pfbid0VFM-63RJLzvqefBzvfxbWnC9PM99p2Kvt4zs9sgtwd5ooa4KeK-cmabk1mzLTpDECal&id=100068219790564&mibextid=Nif5oz



# ဘင်္ဂလားဒေ့ရှ် လူထုရဲ့ တော်လှန်ရေး အောင်သီးအောင်ပွင့်ကို စစ်ဗိုလ်ချုပ်တွေ ခိုးယူမသွားစေနဲ့

မေဆန်

ဘင်္ဂလားဒေ့ရှ် ကျောင်းသားတွေ စတင်ဖောက်ခွဲလိုက်တဲ့ ဆန္ဒပြပွဲတွေဟာ ရှိတ်(ခ်)ဟာဆီးနာ အစိုးရရဲ့ အကြမ်းဖက် ဖြိုခွဲမှုတွေကြောင့် တော်လှန်ရေး လှုပ်ရှားမှုကြီး ဖြစ်လာခဲ့တယ်။ ကျောင်းသား လှုပ်ရှားမှုအနေနဲ့ စတင်ခဲ့ပေမယ့် အလုပ်သမားထုကြီး ပါဝင်လာတဲ့အခါ အထွေထွေ အုံကြွမှု သပိတ်ကြီး ဖြစ်သွားခဲ့တယ်။ ဗမာပြည် ရှစ်လေးလုံး လူထု တော်လှန်ရေးကြီးကို ပြန်သတိရစေတယ်။ ရှစ်လေးလုံးထက်တော့ အရှိန်ပိုမြန်တယ်။

သန်းပေါင်းများစွာသော ဘင်္ဂလားဒေ့ရှ် လူထုကြီးဟာ ဒါကာမြို့တော် လမ်းမတွေထက် အလုံးအရင်း ချီတက်လာခဲ့ကြတယ်။ ဒီကနေ့ ဩဂုတ်လ (၅)ရက်နေ့မှာပဲ လူထု တော်လှန်ရေး လှိုင်းလုံးကြီးက ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်(ခ်)ဟာဆီးနာကို ဖြိုချပစ်လိုက်ပြီ။ ဝန်ကြီးချုပ် ဂေဟာကို တော်လှန်သော လူထုကြီးက သိမ်းပိုက်ထားလိုက်ပြီ။ ဒေသစံတော်ချိန် ၂နာရီ ၂၅ မိနစ်မှာ ရှိတ်(ခ်)ဟာဆီးနာနဲ့ ညီမဖြစ်သူတို့ ကူမီတိုလာက လေတပ်စခန်းဆီ ထွက်ပြေးသွားတယ်။ အဲဒီကနေ ပြည်ပကို ထွက်ပြေးသွားလိမ့်မယ်။ တချိန်တည်းမှာပဲ လူထု အောင်ပွဲကို ခိုးယူဖို့ ဘင်္ဂလားဒေ့ရှ် စစ်တပ်ထဲမှာ ခြေပုန်းခုတ်နေကြပြီ။ အောင်ပွဲရထားကာစ ဘင်္ဂလားဒေ့ရှ် လူထုကြီး သတိကြီးကြီးထားရမယ့် အချိန်။ အလုပ်သမားထု၊ ကျောင်းသားထု ကော်မတီတွေကိုယ်တိုင် အာဏာအားလုံး အရယူရမယ့်အချိန်။

ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေကတည်းက ဖြစ်ရပ်တွေဟာ တဟုန်ထိုးပြောင်းလဲသွားခဲ့တယ်။ တနင်္ဂနွေနေ့မှာ ရဲနဲ့စစ်သားတွေ တွေဝေယိမ်းယိုင်နေပြီ။ တချို့နေရာတွေမှာ လူထုကို ပစ်သတ်ခဲ့လို့ လူပေါင်း ၉၀ ကျော် သေဆုံးခဲ့ရတယ်။ တခြားနေရာတွေမှာတော့ လူထု လှုပ်ရှားမှု လှိုင်းလုံးကြီးအောက်မှာ သူတို့ နောက်ဆုတ်သွားခဲ့ရတယ် ဒါမှမဟုတ် ပစ်ခတ်တာမျိုး မလုပ်ဘဲ ရပ်ကြည့်နေခဲ့ရတယ်။ ဒီပုံတိုင်း သူတို့ ဆက်မတောင့်ခံနိုင်မှန်း စစ်တပ်လဲ သိတယ်။ သူတို့စစ်တပ်ကိုယ်တိုင် တစစီ ကွဲထွက်သွားနိုင်တယ်။ ကျောင်းသား ခေါင်းဆောင်တွေက လှုပ်ရှားမှုကို အရှိန်ဆွဲတင်လိုက်တယ်။ လူထုကိုယ်တိုင် ကော်မတီတွေ ဖွဲ့စည်းကြဖို့ ဆော်ဩခဲ့တယ်။ ဒါ့အပြင် နောက်ဆုံးပိတ်တိုက်ပွဲ ဆင်နွှဲဖို့ရာ လူထုကြီးတရပ်လုံး ဒါကာမြို့လမ်းမတွေဆီ ချီတက်လာဖို့ တိုက်ပွဲ

ခေါ်ခဲ့ကြတယ်။ 'လက်ဗလာနဲ့ မလာကြနဲ့၊ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ဖို့ ရရာလက်နက် ဆွဲကိုင်ခဲ့ကြ' လို့ လှုံ့ဆော်ထားကြတယ်။

အရေးအကြီးဆုံးကတော့ အလုပ်သမားထုကို အထွေထွေသပိတ်မှာ ဝင်ပါဖို့ လှုံ့ဆော်ခဲ့တာပဲ။ လူထုကြီးက ဒီတိုက်ပွဲခေါ်သံတွေကို အင်အားအလုံးအရင်းနဲ့ ပါဝင်ပြီး တုံ့ပြန်လိုက်တယ်။ ဒီလို လူထု ပါဝင်မှုမျိုး ၁၉၇၀ ခုနှစ်တွေ နောက်ပိုင်း မကြုံဖူးသေးဘူး။ ဒီမနက်က သန်းပေါင်းများစွာသော လူထုကြီး ဒါကာ မြို့ဆီ ချီတက်လာခဲ့တယ်။ ရဲနဲ့ စစ်တပ်က ဒီလူထုကြီးကို မတားဆီးနိုင်ဘူး။ လူထု လှိုင်းကြီးက သူတို့ကို ဝါးမြိုသွားခဲ့တယ်။ အထည်ချုပ်အလုပ်သမားထုကြီးကလဲ စက်ရုံ အသီးသီးက သူတို့ရဲဘော်တွေကို တော်လှန်ရေးထဲ ပါဝင်လာဖို့ ဆော်ဩနေတာ တွေ့ခဲ့ရတယ်။ Don't let the army steal victory!

ဒီကနေ့အချိန်မှာ တော်လှန်ရေးက အဆုံးအဖြတ် အောင်ပွဲ တခုရရှိထားတယ်။ ဒီလို အခြေအနေမှာ ဟာဆီးနာလို အစိုးရခေါင်းဆောင်ပိုင်းကို ဖယ်ရှားပေးပြီး သူတို့လူတန်းစားတရပ်လုံးကို ကယ်တင်ဖို့ စစ်တပ် ထိပ်သီးတွေ လုံးပမ်းနေကြတယ်။

စစ်ဦးစီးချုပ် Waker-uz-Zaman က 'စနစ်တကျ အသွင်ကူးပြောင်းရေး' ဆိုတာကို ဖော်ဆောင်ဖို့ ကြိုးစားနေလေရဲ့။ သဘောကတော့လူထု အောင်ပွဲကို မောင်ပိုင်စီးပြီး လူထုလက်ထဲ အာဏာရောက်မသွားအောင် စစ်တပ်က ကြိုးစားနေတာပဲ။ ဒီမနက်ကတည်းကစစ်ဦးစီးချုပ်နဲ့ ပါတီ ခေါင်းဆောင်တွေ ခြေပုန်းခုတ်နေကြပြီလို့ စာနယ်ဇင်းတွေမှာ ဖော်ပြနေပြီ။ အစိုးရ ထိပ်ပိုင်း ခေါင်းဆောင် အပြောင်းအလဲလေး လုပ်ပြပြီး တည်ဆဲဖိနှိပ်ရေးစနစ်တခုလုံးကိုပိုနေမြဲ ကျားနေမြဲ ဆက်ထားဖို့ သူတို့ ကြံနေကြတာပဲ။

ခွဲခြားဆက်ဆံမှု တိုက်ဖျက်ရေး ကျောင်းသားလှုပ်ရှားမှု ခေါင်းဆောင်တွေကတော့ အခုလို ပြောထားတယ် - "စစ်အစိုးရကို ငါတို့ အလိုမရှိ၊ လူထု အစိုးရပဲ ငါတို့ အလိုရှိတယ်။" ဒါ အမှန်ပဲ။ ဗိုလ်ချုပ် Waker-uz-Zaman ဆိုတာ တခြားသူ ဟုတ်ရိုးလား၊ ရှိတ်(ခ်)ဟာဆီးနာရဲ့ (အဒေါ်ဖက်ကတော်တဲ့) ဦးကြီးပဲလို့ သူတို့ ထောက်ပြကြတယ်။ ဒီလို လူတွေက ကျဆုံးအာဇာနည်တွေအတွက် ဘယ်လို တရားမျှတမှုကိုမှ ဖော်ဆောင်ပေးမှာ မဟုတ်ဘူးလို့ ကျောင်းသား ခေါင်းဆောင်တွေက ပြောထားပါတယ်။

## ဒီအောင်ပွဲကို ဘယ်လို ဆက်ထိန်းသိမ်းမလဲ

ကျောင်းသားထုနဲ့ အလုပ်သမားထု လက်ထဲ အာဏာ အပြည့်အဝ မရမချင်း လူထု အုံကြွမှုကို ဆက်လုပ်သွားရမယ်။ ဒါကို ဘယ်လို လုပ်နိုင်မလဲ။

တော်လှန်ရေး တရပ်ဟာ အာဏာ ပြဿနာကို မဖြေရှင်းနိုင်ရင် တန်ပြန် တော်လှန်ရေးရဲ့ ဝါးမြိုဖျက်စီးခြင်းကို အလူးအလဲခံရမှာပဲ။ မနေ့ကပဲ ကျောင်းသားခေါင်းဆောင်တွေက အာဏာပြဿနာကို ဖော်ထုတ်ဆွေးနွေးခဲ့တယ်၊ ဒီတော်လှန်ရေးဟာ ရှိတ်(ခ်)ဟာဆီးနာ ပြုတ်ကျဖို့သက်သက်ပဲ မဟုတ်ဘူး၊ "သူမ ခေါင်းဆောင်တဲ့ ဖက်ဆစ် စနစ်ကို တိုက်ဖျက်ပစ်မယ့်" တော်လှန်ရေး ဖြစ်တယ်၊ "ကျောင်းသားထုဟာ အရေးပေါ် စစ်အုပ်ချုပ်ရေး ဒါမှမဟုတ် ဖက်ဆစ်စနစ်ကို အလုပ်အကျွေးပြုတဲ့ ဘယ်လို စနစ်မျိုးကိုမှ လက်ခံမှာ မဟုတ်ဘူး" လို့ ရှင်းပြခဲ့တယ်။ မှန်ပါတယ်။ သူမကိုယ်စားပြုထားတဲ့ စနစ်တခုလုံး ပျက်သုဉ်းရလိမ့်မယ်။

အဲဒီထုတ်ပြန်ချက်မှာ ဆက်ပြောထားသေးတယ် -

"ကျောင်းသား-ပြည်သူ အုံကြွမှုကြီးရဲ့ ခေါင်းဆောင်မှုက ကြားဖြတ်အစိုးရအဖွဲ့မှာ အဓိက အင်အားစုအဖြစ် ပါဝင်လိမ့်မယ်။ သူတို့ရဲ့ အဓိကတာဝန်က ဘင်္ဂလားဒေ့ရှ် နိုင်ငံအသစ် ထူထောင်ရာမှာ ကျောင်းသားထုရဲ့ မျှော်လင့်ချက်၊ လိုလားတောင့်တချက်တွေကို ထင်ဟပ်ဖော်ဆောင်ပေးဖို့ပဲ။

အရပ်ဖက် အဖွဲ့အစည်းရဲ့ ကိုယ်စားပြုမှုနဲ့ နိုင်ငံရေး ခေါင်းဆောင်မှုကို သေချာပေါက် အာမခံပေးရလိမ့်မယ်၊ ဒီထဲမှာ ၁၆ နှစ်ကြာ အုပ်စိုးခဲ့တဲ့ ဖက်ဆစ် အစိုးရနဲ့ သူ့လက်ဝေခံတွေ ပါဝင်ခွင့် မရှိစေရ။"

တကယ်တော့ ဒီအောင်ပွဲကို ရရှိစေခဲ့တဲ့ တော်လှန်သော



ကျောင်းသားထုနဲ့ အလုပ်သမား လူထုပဲ ကြားဖြတ်အစိုးရမှာ ပါဝင်ရလိမ့်မယ်။ စစ်တပ် ထိပ်သီးတွေက တရားမဝင်တဲ့ သူတို့ ဘူဇွာ အစိုးရအဖွဲ့ထဲ ကျောင်းသား ခေါင်းဆောင် အနည်းအကျဉ်းကို 'မိတ်ဖက်' အနေနဲ့ ဆွဲသွင်းပြီး အာဏာကိုတော့ သူတို့ကပဲ ချုပ်ကိုင်ထားတာမျိုး လုပ်လိမ့်မယ်။ ဒီနည်းနဲ့ သူတို့မှာ မရှိတဲ့ တရားဝင်မှု မျက်နှာဖုံးလေး စွပ်ပြချင်တယ်။

သူတို့လဲ ဟာဆီးနာ ကိုယ်စားပြုတဲ့ အရင်းရှင်ကြီးများ အုပ်စိုးတဲ့ စနစ်ကိုပဲ ကိုယ်စားပြုထားသူတွေ။ လုပ်ငန်းရှင်များ ဖက်ဒရေးရှင်းတွေလို 'အရပ်ဖက် အဖွဲ့အစည်း' အမည်ခံတွေဟာလဲ ဟာဆီးနာရဲ့ အဓိက ဒေါက်တိုင်တွေပါပဲ။ အလုပ်သမား လူတန်းစားကို အလွန်အကျွံ သွေးစုပ်ခြယ်လှယ်လို့ ရနိုင်မယ့် စနစ်မျိုး အဲဒီလုပ်ငန်းရှင်ကြီးတွေအတွက် ဟာဆီးနာ ဖန်တီးပေးခဲ့တာပဲ။

ဒါ့ကြောင့် ကျောင်းသားထုနဲ့ အလုပ်သမားထုဟာ မိမိတို့ရဲ့ စွမ်းပကားကိုသာ ယုံကြည်ကိုးစားရမယ်။ ဒီတော်လှန်ရေးမှာ တော်လှန်သော ကျောင်းသားထုနဲ့ အလုပ်သမား လူထုကြီးက တဖက်၊ ဟာဆီးနာ အုပ်စု၊ လူငန်းရှင်ကြီးတွေနဲ့ အစိုးရ ဗျူရိုကရက်ကြီးတွေက တဖက်ဆိုပြီး ရင်ကြားစေ့မရနိုင်လောက်အောင် နှစ်ခြမ်းကွဲသွားခဲ့ပြီ။ တတိယ ပါတီဆိုတာ မရှိဘူး။ အလုပ်သမားထု နဲ့ ကျောင်းသားထုကိုယ်တိုင် အာဏာကို သိမ်းယူရလိမ့်မယ်။

ရှေ့ဆက်လျှောက်ရမယ့်လမ်းကို လူထု လှုပ်ရှားမှုကြီးက ဖော်ထုတ်ပေးလိုက်ပြီးသားပဲ။ ကျောင်းသားထုနဲ့ အလုပ်သမားထုမှာ စည်းရုံးစုစည်းနိုင်စွမ်း အများအပြား ရှိပါတယ်။ အခုဆိုရင် နိုင်ငံတဝှမ်း တိုက်ပွဲ ဦးဆောင် ကော်မတီတွေ စဖွဲ့နေကြပြီ။ အထွေထွေ သပိတ်ကြီးကို ဆက်မှောက်ရမယ်။ အဲဒီလို ကော်မတီတွေ အလုပ်ခွင်တိုင်း၊ ရပ်ကွက်တိုင်းမှာ ပေါ်ထွန်းလာဖို့၊ ပညာရေး အင်စတီကျူးရှင်းအားလုံးမှာ ပေါ်ပေါက်လာဖို့ တော်လှန်ရေး ခေါင်းဆောင်ပိုင်းက ဆော်ဩပေးရမယ်။ သာမန် အောက်ခြေ စစ်သားတွေကြားမှာလဲ အရာရှိတွေ မပါဝင်တဲ့ ကိုယ်စားပြု ကော်မတီတွေ ဖွဲ့စည်းရေး ဆော်ဩပေးရမယ်။

အဲဒီကော်မတီတွေဟာ စက်ရုံတွေထဲက ဘော့(စ်)တွေရဲ့ အာဏာကို ဖယ်ရှားနေရာယူသွားရမှာ ဖြစ်သလို ဒေသန္တရ ရဲတွေ၊ တရားရုံးတွေရဲ့ နေရာမှာ အစားထိုး နေရာယူသွားရလိမ့်မယ်။ဒေသန္တရအဆင့်ကနေ မြို့၊ ခရိုင်ကနေ ပြည်လုံးကျွတ် အတိုင်းအတာနဲ့ အဲသလို လူထု တိုက်ပွဲကော်မတီတွေ ချိတ်ဆက်သွားနိုင်ရင် ပုပ်သိုးဆွေးမြေ့နေတဲ့ နိုင်ငံတော် အဟောင်းကို ဖယ်ရှားပြီး အာဏာ အားလုံး အဲဒီကော်မတီတွေ လက်ထဲ

လွှဲပြောင်းရေး သူပုန်ထ အုံကြွမှုဆိုတာ ဘာမှ မခဲယဉ်းတော့ဘူး။

အဲ့တော့မှ လူ့အဖွဲ့အစည်းရဲ့ ဓနကို အမှန်တကယ် ဖန်တီးပေးသူ (အလုပ်သမားထု) နဲ့ ကျောင်းသားတွေ လက်ထဲ အာဏာရောက်သွားလိမ့်မယ်။ ဒီတော့မှ တိုင်းပြည်ကို နှစ်ပေါင်းများစွာ ဒုက္ခပေးလာတဲ့ မင်းဆိုးမင်းညစ်တွေကို တရားမျှတမှု ရရှိရေး စီရင်ပေးနိုင်လိမ့်မယ်။ ဒီလို ထူထောင်ထားတဲ့ တော်လှန်ရေးအာဏာ တရပ်ဟာ သွေးစုပ်သူ လူတန်းစားရဲ့ ပိုင်ဆိုင်မှုတွေနဲ့ သူတို့ကို ကျောထောက်နောက်ခံပြုပေးထားတဲ့ နိုင်ငံဖြတ်ကျော်ကော်ပရေးရှင်းကြီးတွေရဲ့ ပိုင်ဆိုင်မှုတွေကို သိမ်းယူရလိမ့်မယ်။

ဒီလို အဆုံးထိ ချီတက်သွားမယ်ဆိုရင် ဘင်္ဂလားဒေ့ရှ် တော်လှန်ရေးဟာ အိန္ဒိယတိုက် ကုန်းမြေကြီးသာမက ကမ္ဘာတလွှားက အဖိနှိပ်ခံ ကျောမွဲတွေရဲ့ မီးရှူးတန်ဆောင် ဖြစ်လာလိမ့်မယ်။

Victory to the students of Bangladesh!

Down with Hasina’s system!

No trust in the army! No trust in the ruling class’ parties!

All power to workers’ and students’ committees!

Workers of the world unite!

မေဆန် ဆီလျော်အောင် မြန်မာပြန်သည်



# အေအေ လော်ဘီ ရှူဗင်ဝါဒီများသို့

သူရိန်မွန်

ဆောင်းပါးခေါင်းစဉ် မြင်လိုက်ရင်ပဲ မြန်မာ့မျိုးချစ်တွေ နှာခေါင်းရှုံ့ချင်မလား မပြောတတ်ဘူး။ မင်းတို့ဟာကလဲ အင်္ဂလိပ်စကားကို တိုက်ရိုက်မွေးစားထားတာချည်းပါလားလို့ ဆိုချင်ဆို။ မတတ်နိုင်ဘူး။ စစ်ရေး အောင်ပွဲတွေ ရလာတဲ့ အေအေကို မှားမှားမှန်မှန် မျက်စိမှိတ်ထောက်ခံလိုက်မဟဲ့ ဆိုသူတွေ၊ ရိုးတွင်းခြင်ဆီအထိ မဟာလူမျိုးကြီးဝါဒ စိမ့်ဝင်နေသူတွေကို ဒီလိုပဲ လိပ်မူရလိမ့်မယ်။ လူမျိုးကြီးဝါဒလို့ ပြောလိုက်ရင် ဗမာလူမျိုးကြီးဝါဒတမျိုးပဲ ရှိနေတယ်လို့ မထင်လိုက်နဲ့။

ရိုဟင်ဂျာကို ရိုဟင်ဂျာလို့တောင် မခေါ်နိုင်ရှာတဲ့ အေအေခေါင်းဆောင် ဗိုလ်ချုပ် ထွန်းမြတ်နိုင်မှာ မဟာရခိုင် လူမျိုးကြီးဝါဒ တင်းပြည့်ကျပ်ပြည့် ရှိနေတာပဲ မဟုတ်လား။ ဒါလဲ ရှူဗင်ဝါဒ တမျိုးပါပဲ။ အေအေရဲ့ ရက္ခိတ လမ်းစဉ်ကို ဆန်းစစ်ကြည့်ရင် ရှူဗင်နစ်(စ်) အတွေးအခေါ်တွေ လွှမ်းမိုးနေတာ အထင်အရှား တွေ့ရမယ်။

ဒါတွေ ဘာ့လို့ ပြောနေရသလဲ။ ပြီးခဲ့တဲ့ မေလ ၁၈ ရက်နေ့မှာ ဘူးသီးတောင်မြို့ကို အေအေက အလုံးစုံ ထိန်းချုပ်လိုက်ပြီလို့ ကြေညာခဲ့တယ်။ တချိန်တည်းမှာပဲ ဘူးသီးတောင်မြို့လဲ ပြာကျသွားခဲ့ပြီ။ သိန်းနဲ့ချီတဲ့ ရိုဟင်ဂျာတွေ အိုးမဲ့အိမ်မဲ့ ထွက်ပြေးနေရတယ်။ ထွက်ပြေးနေရတယ် ဆိုသော်ငြား တကယ့်တကယ်ကျ ပြေးစရာမြေ မရှိပါဘူး။ အရေအတွက် အတိအကျ မသိနိုင်တဲ့ ရိုဟင်ဂျာတွေ အသတ်ခံရ၊ လုယက်ခံခဲ့ရတယ်။

ဖုန်းလိုင်း၊ အင်တာနက်လိုင်းတွေ ဖြတ်တောက်ခံထားရတဲ့ ဒေသမို့ အများပြည်သူအနေနဲ့ ဒီဖြစ်စဉ်တွေကို ရေရေရာရာ မသိနိုင်ဘူး။ ဒါ့ကြောင့်မို့ အငြင်းပွားသံတွေ ပိုကျယ်လောင်လာခဲ့တယ်။ အေအေဘက်က သူတို့လုပ်တာ မဟုတ်ဘူးလို့ ငြင်းတယ်။ စစ်ကောင်စီက လေကြောင်းကနေ ဗုံးကြဲလို့ ဘူးသီးတောင်မြို့ မီးလောင် ပြာကျသွားခဲ့တာလို့ ဆိုထားတယ်။

သို့သော် ဒေသခံ မျက်မြင်သက်သေတွေ၊ ဂြိုဟ်တုဓာတ်ပုံတွေရဲ့ ထွက်ဆိုချက်ကတော့ အေအေကို လက်ညှိုးထိုးနေတယ်။ အမှန်တရားကို ကြာကြာဖုံးထားလို့ မရပါဘူး။ တကယ်လို့သာ

အေအေဘက်က မကျူးလွန်ခဲ့ရိုးမှန်ရင် လွတ်လပ်အမှီအခိုကင်းတဲ့ စုံစမ်းစစ်ရေးကို ဘာကြောက်စရာလိုသလဲ။ အခုလို ဘူးကွယ်ငြင်းပြီး စစ်ကောင်စီနဲ့ ပုလင်းတူဖူးဆို့တွေလို့ စွပ်စွဲနေစရာ မလိုပါဘူး။ အေအေ အပြည့်အဝ ထိန်းချုပ်ထားတဲ့ အရပ်ဒေသမှာ ခိုလှုံနေတယ် (ဝါ) အေအေက ကယ်တင်ထားရပါတယ်ဆိုတဲ့ ရိုဟင်ဂျာတွေကို လွတ်လပ်စွာ အသံထွက်ခွင့်၊ ပြောဆိုခွင့် ပေးရဲရမယ်။

မြို့လုံးကျွတ် မီးရှို့ခံထားရသူ၊ အသက်အိုးအိမ် ဆုံးရှုံးထားရသူ အဖိနှိပ်ခံ လူမျိုးစုတခုဘက်က ရပ်တည်ပေးသူတွေကို ဝါးလုံးရှည်သိမ်းရမ်းပြီး အနောက်အလိုတော်ရိတွေ၊ စစ်ကောင်စီဘက်တော်သားတွေလို့ စွပ်စွဲပုတ်ခတ်နေသူ အေအေ လော်ဘီရှူဗင်ဝါဒီတွေကို မေးရလိမ့်မယ်။ အေအေက ဘူးခါလိုက်ရုံနဲ့ပဲ အေအေ မကျူးလွန်ခဲ့ပါဘူးလို့ ဘာ့ကြောင့် မျက်စိမှိတ် အော်ရဲတာလဲ။ အေအေ ကျူးလွန်ခဲ့ပါတယ်လို့ ပြောနေသူတွေက အကြောင်းမဲ့၊ အထောက်အထားမဲ့ စွပ်စွဲနေတာ မဟုတ်ဘူး။ ဒီတော့ အေအေ လော်ဘီတွေအနေနဲ့ ကိုယ့်လူကိုယ် ယုံတယ်ဆိုရင် လွတ်လပ်အမှီအခိုကင်းတဲ့ စုံစမ်းစစ်ဆေးရေး အဖွဲ့ ပေါ်ထွက်လာရေး၊ ကျူးလွန်ခံထားရသူ ရိုဟင်ဂျာတွေကိုယ်တိုင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိရေးကို ပြတ်ပြတ်သားသား တောင်းဆိုပေးသင့်တယ် မဟုတ်လား။ ခင်ဗျားတို့ မျက်စိမှိတ်အော်နေသလို အေအေ မကျူးလွန်ခဲ့ဘူးဆိုရင်လဲ မကျူးလွန်ကြောင်း သက်သေနဲ့တကွ ပြနိုင်သလို အေအေရဲ့ ဂုဏ်တောင် တက်သွားနိုင်သေးတယ်။ အဲသလို မဟုတ်ရင်တော့ ခင်ဗျားတို့ဟာ အေအေရဲ့ စစ်အင်အားကိုကြည့်ပြီး မျက်စိမှိတ်ထောက်ခံနေတဲ့ လူယုတ်မာတွေပဲ ဖြစ်လိမ့်မယ်။

လူယုတ်မာတွေလို့ ပြောတာ မနာပါနဲ့။ မြို့လုံးကျွတ် မီးရှို့ဖျက်ဆီးခံထားရသူ၊ အသက်အိုးအိမ် ဆုံးရှုံးထားသူ၊ ဂျီနိုဆိုက် ကျူးလွန်ခံထားရသူ လူမျိုးစုတစုကိုတောင် မစာမနာ ပြောနေကြသေးတာပဲ၊ ကိုယ့်အလှည့်ကျမှ လူယုတ်မာလို့ အပြောခံရတာ မနာသင့်ပါဘူး။

အေအေက စစ်ပြေး ဒုက္ခသည် ရိုဟင်ဂျာတချို့ကို ခိုလှုံခွင့် ပေးထားတာပဲ၊ ရိုဟင်ဂျာတွေရဲ့ အိုးအိမ်ကို မီးရှို့ဖျက်ဆီးတာမျိုး လုပ်မှာမဟုတ်ဘူးလို့ ဆိုကြတယ်။ ခေတ်အဆက်ဆက်က မြန်မာစစ်တပ်လဲ လူထု အကျိုးပြု ပုံရိပ်တွေ ထုတ်ပြခဲ့တာပဲ။ ဒါပေမယ့် ပြည်သူလူထုကို ပြန်သတ်ခဲ့တာပဲ မဟုတ်လား။ ဒါ့ကြောင့် ရိုဟင်ဂျာ ကယ်ဆယ်ရေး ပုံရိပ်လေး ထုတ်ပြပြီး အေအေမှာ လူမျိုးကြီးဝါဒ မရှိဘူး၊ ရိုဟင်ဂျာတွေအပေါ် စစ်ရာဇဝတ်မှုတွေ မကျူးလွန်ပါဘူးလို့ ပြောရင် မြန်မာပေါကား ဆန်လွန်းပါတယ်။

အေအေ ပြောခွင့်ရ ခိုင်သုခ နရဥ္စရာမှာ ပြောသွားတာလေးကလဲ ‘သင်း’သဗျ။ လူ့အခွင့်အရေးလို့ ပြောရင် လူမျိုးတမျိုးတည်းကိုချည်း ကွက်မပြောပါနဲ့၊ ကျနော်တို့ နိုင်ငံသားအားလုံးရဲ့ အခွင့်အရေးကို ပြောပါတဲ့။ သူတို့ကို ခွဲခြားခွဲခြား မလုပ်ပါနဲ့တဲ့။ ‘ တယ်ဆိုတဲ့ စာပဲ’။

ခိုင်သုခကို ပြန်မေးရမယ်။ ရွှေတောင်ကြားက မြန်မာတယောက်နဲ့ မောင်တောက ရခိုင်တယောက်ကို ညီမျှခြင်းချပြီး လူ့အခွင့်အရေးစကားပြောရင် ခိုင်သုခ လက်ခံနိုင်မလား။ စစ်တွေမြို့နဲ့ အနီးအနားဒေသမှာ အတူနေကြတဲ့ ရခိုင်နဲ့ ရိုဟင်ဂျာတောင် အခြေအနေချင်း တခြားစီပဲ။ မယုံရင် မိုခါကို ပြန်ကြည့်။ မိုခါမှာ စစ်တွေမြို့ပေါ်က မြန်မာတွေ၊ ရခိုင်တွေ၊ နိုင်ငံခြားသားတွေ ဘယ့်နှယောက် သေခဲ့လဲ။ စစ်တွေအနီးအနား ရွာတွေ၊ ဒုက္ခသည်စခန်းတွေက ရိုဟင်ဂျာတွေ ဘယ့်နှယောက် သေခဲ့လဲ။ ဒါတွေ ဘာ့လို့ မတူတာလဲ။ အဖြေက ရှင်းတယ်။ အခြေအနေချင်း မတူလို့ပေါ့။ ဒါဆိုရင် အခြေခံချင်း မတူတာကို ညီမျှခြင်းချပြီး abstract ဆန်ဆန် ပြောတာဟာ စကားကပ်ပြောတာပဲ။

ရိုဟင်ဂျာတွေကို racial segregation လုပ်ထားပြီး စစ်တွေမြို့ပေါ်လောက်ကို သွားလာခွင့် မပေးခဲ့ဘူး။ ဒီအခြေအနေကို တိုက်ဖျက်ပြောင်းလဲပစ်ဖို့ ရခိုင်လူထုကြား လှုံ့ဆော်စည်းရုံးတာမျိုး အေအေ အပါအဝင် ဘယ်ရခိုင်နိုင်ငံရေး အဖွဲ့အစည်းက လုပ်ခဲ့ဖူးလဲ။ ဒါ အနိမ့်ဆုံး လုပ်သင့်တဲ့ လုပ်ငန်းစဉ်တရပ်ကို နမူနာထောက်ပြတာ။ အနိမ့်ဆုံး ဒီလောက်လေးမှ မလုပ်ခဲ့ဖူးဘဲ ‘မင်းတို့က ရိုဟင်ဂျာတွေရဲ့ အခွင့်အရေးချည်း ပြောနေတာပဲ’လို့ အော်ရင် အတော်ကြောင်သူတော်ဆန်တာပဲ။ အနိမ့်ဆုံးအဆင့် ဒီ

လောက်ကလေးမှ အသံမထွက်ခဲ့ဖူးဘဲ လူမျိုးစုနှစ်ခုကြား သွေးစည်းညီညွတ်မှု ဘယ်လို ရှိလာနိုင်မလဲ။ မယုံကြည်မှုတွေ ဘယ်လို ချေဖျက်နိုင်မလဲ။

စစ်တွေက အေအေ ထိန်းချုပ်မှုအောက် မရောက်သေးတဲ့မြို့ မို့ အဲသလို မဝေဖန်နဲ့လို့ စောဒက တက်ချင်သေးလား။ ရပါတယ်။ အေအေ အပြည့်အဝ ထိန်းချုပ်ထားတဲ့ မြေပုံကို နမူနာပေးမယ်။ မြေပုံက ရိုဟင်ဂျာတွေ လွတ်လပ်စွာ သွားလာခွင့် ရပြီလား။ မြို့ပြင် ပင်လယ်စပ် တောင်ကုန်းဘေးက ဝက်အိုင်တောထဲ မောင်းထုတ်ခံထားရတဲ့ ရိုဟင်ဂျာ မူဆလင်တွေ မြေပုံမြို့ထဲ ဝင်ခွင့်ရပြီလား။ အေအေနဲ့ သူ့လော်ဘီတွေ သက်သေအထောက်အထားနဲ့တကွ ဖြေရမယ့် မေးခွန်းတွေမို့ စာရှုသူများ သိချင်ရင် သူတို့ကိုသာ မေးကြပေတော့။ ဒါမှသာ 'အေအေဟာ ရိုဟင်ဂျာတွေရဲ့ မိတ်ဆွေအစစ်၊ ရိုဟင်ဂျာတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ဖျက်စီးသူ မဟုတ်' ဆိုတဲ့ သူတို့ narrative နဲ့ ရှေ့နောက်ညီမယ်။

ဒီမြေပြင် ပကတိ အချက်အလက်တွေကို ခိုင်သုခ အင်တာဗျူးတွေ၊ ထွန်းမြတ်နိုင် အင်တာဗျူးတွေမှာ မိတ်ဆွေတို့ ကြားဖူးပါသလား။ မကြားဖူးဘူးဆိုရင် သူတို့ဘာ့ကြောင့် အသံတိတ်နေတာလဲ။ ဒီအချက်တွေ ထည့်မပြောဘဲ အကြမ်းဖက်လိုသော အစွန်းရောက် မူဆလင် လူငယ်တွေလို့ အေအေရဲ့ ကြေညာချက်မှာ ဘာ့ကြောင့် စွပ်စွဲထားသလဲ။

၂၀၂၄ ခုနှစ်၊ မေလ (၂၀)ရက်နေ့ထုတ် အေအေရဲ့ ကြေညာချက်မှာ 'အကြမ်းဖက်လိုသော အစွန်းရောက် မူဆလင် လူငယ်အရေအတွက် အများအပြားအား အကြမ်းဖက်သင်တန်းများပေးကာ လက်နက်တပ်ဆင်ပေးခြင်း၊ လက်ရှိ ဖြစ်ပွားနေသော အာရက္ခဒေသ တိုက်ပွဲများအတွင်း အသုံးပြုခြင်း' လို့ စွပ်စွဲထားတယ်။

အာဏာသိမ်း မင်းအောင်လှိုင် စစ်တပ်က စစ်မှုမထမ်းမနေရ ဥပဒေထုတ်ပြီး နေရာအသီးသီးက လူငယ်တွေကို အတင်းအကြပ် စစ်တပ်ထဲဆွဲသွင်းနေတာ အားလုံးအသိပဲ။ အဲသလိုပဲ ပြေးစရာမြေမရှိ၊ ထွက်ပေါက်မဲ့နေတဲ့ ရိုဟင်ဂျာတွေကိုလဲ အတင်းအကြပ် စစ်ထဲဆွဲသွင်း၊ ရက်တိုစစ်သင်တန်းပေး၊ မီးကျိုးမောင်းပျက် သေနတ်လောက် ပေးပြီး အသေခံ တိုက်ခိုင်းနေတာလဲ အားလုံးအမြင်ပဲ။ မမြင်သေးရင် အေအေ လက်ထဲ စစ်သုံ့ပန်းဖြစ်သွားတဲ့ ရိုဟင်ဂျာတွေ၊ စစ်ပြေးပြီး ဘင်္ဂလားဒေ့ရှ်ရောက်သွားတဲ့ ရိုဟင်



ပုံစာ - မေလ ၁၇ နှင့် ၁၈ ရက်နေ့တွင် မြင်တွေ့ရသော ဘူးသီးတောင်မြို့၏ ဂြိုဟ်တုမှတ်တမ်းဓာတ်ပုံများ
[Images © 2024 Maxar Technologies, accessed via CNN news]

ဂျာတွေကို ကြည့်ပါ။ ဒီလူတွေကို forced conscription အလုပ်ခံထားရသူတွေလို့ အေအေ ခေါင်းဆောင်တွေက မြင်ပုံမရဘူး။ ဗိုလ်ချုပ်ထွန်းမြတ်နိုင်ကိုယ်တိုင် လှောင်ပြောင်ခဲ့သေးတယ် မဟုတ်လား။ ဒါတင် အားမရသေးဘဲ၊ အဖွဲ့အစည်း ထုတ်ပြန်ချက်ထဲမှာပါ 'အကြမ်းဖက်လိုသော အစွန်းရောက်တွေ'အဖြစ် စွပ်စွဲထားတာ။

အဲသလို စွပ်စွဲ၊ ဘင်္ဂါလီ စစ်သွေးကြွတွေလို့ တံဆိပ်ကပ်ပြီးမှ လူမျိုးရေး ဘာသာရေး အဓိကရုဏ်းဖြစ်အောင် စစ်ကောင်စီဘက်က ကြိုးပမ်းနေတယ်လို့ ဆိုပြန်တယ်။ စစ်ကောင်စီဘက်က ကြိုးပမ်းနေမှန်း သိသာထင်ရှားပါတယ်။ စစ်ကောင်စီ ထိန်းချုပ်မှုအောက်က ရိုဟင်ဂျာ ဆန္ဒပြပွဲတွေ၊ forced conscription လုပ်ရပ်တွေကို သက်သေအနေနဲ့ ဆွဲထုတ်လို့ရတယ်။ ဒါပေမယ့် အေအေရဲ့ သဘောထားနဲ့ လုပ်ရပ်တွေကရော လူမျိုးစုနှစ်ခုကြား ချစ်ကြည်မှု ပိုတိုးစေမယ့် အရာတွေလား။

RSO, ARSA, ARA တို့ကို ဖော်ပြပြီး ကျန်ရိုဟင်ဂျာ လူငယ်တွေကို အခုလို စွပ်စွဲလိုက်တဲ့ အေအေရဲ့ လုပ်ရပ်က ဟမတ်(စ်)တွေကို လက်ညှိုးထိုးပြီး ပါလက်စတိုင်းတွေကို လူမျိုးတုန်းသတ်ဖြတ်နေတဲ့ ဇိုင်ယင်နစ်(စ်) အစ္စရေး နိုင်ငံတော်နဲ့ သွားတူနေတယ်။

ဒီဆောင်းပါးမှာ အေအေ လော်ဘီတွေကို နာမည်တပ်ပြီး တဦးချင်းဝေဖန်တာမျိုး မလုပ်လိုဘူး။ ဒါပေမယ့် ရခိုင်သတင်းထောက် တဦး လူလည်လုပ် မေးခွန်းထုတ်ထားတာတော့ နည်းနည်းထည့်ပြောချင်တယ်။ ရခိုင် သတင်းထောက်ဆိုလို့ ရခိုင်စစ်မြေပြင်မှာ ဒုက္ခခံနေရသူ မဟုတ်ပါဘူး။ အနောက်နိုင်ငံတခုမှာ ဘေးကင်းကင်းနဲ့ နေနေရသူပါ။ ဒီတော့ အဖိနှိပ်ခံ ကိုရခိုင်လေးကို မဟာမြန်မာကြီးက မစာမနာ ပြောနေတယ်လို့ လာမစွပ်စွဲလေနဲ့။ သူမေးတာက ရိုဟင်ဂျာတွေ ဘယ်သူ့ ဦးဆောင်မှုနောက် လိုက်မှာလဲ၊ ရိုဟင်ဂျာတွေကို ဘယ်အဖွဲ့အစည်းက ကိုယ်စားပြုစကားပြောမှာလဲတဲ့။

မုန်တိုင်းတိုက်လို့တောင် ပြေးခိုစရာ မြေမရှိတဲ့ လူမျိုးစုတခု၊ မြို့လုံးကျွတ် မီးရှို့သတ်ဖြတ်ခံရချိန်မှာတောင် လက်သည်မပေါ်တဲ့ လူမျိုးစုတခု။ သူတို့ နစ်နာချက်တွေကို ပီပီမြည်မြည် အသံထွက်ခွင့်မရလို့ စာနာသူတွေက အသံထုတ်ပေးပြန်တော့ စစ်ကောင်စီနဲ့ ပေးစားသူကပေးစား၊ အနောက်အုပ်စု အလိုတော်ရိလို့ စွပ်စွဲသူက စွပ်စွဲ။ အဲသလို လူမျိုးစုတခုမှာ လွတ်လပ်စွာ အသံထွက်ခွင့်၊ သွားလွှာခွင့် နတ္ထိ၊ နေရတော့ ဝက်လှူးအိုင်သာသာ ဒုက္ခသည်စခန်းတွေမှာ။ အဲသလို လူမျိုးစုတခုကို နိုင်ငံရေးအရ ကိုယ်စားပြု အဖွဲ့အစည်းတခု ပီပီပြင်ပြင် ရှိပြီလား၊ မရှိရင် အေအေ ခေါင်းဆောင်ကို မင်းတို့ လက်ခံနိုင်သလားလို့ မေးတာလောက် လူလည်ကျတာ ရှိဦးမလား။ တနည်းပြောရရင် အငုံ့စိတ်ထဲကိန်းအောင်းနေတဲ့ ရှိုဗင်ဝါဒကို လှစ်ဟပြလိုက်တာပဲ။ ရိုဟင်ဂျာတွေကို အဲသလို မေးရအောင် သူတို့တတွေ အသက်ရှင်ရပ်တည်နိုင်ရေး အနိမ့်ဆုံး အဆင့် လိုအပ်ချက်တွေလောက်ကို နိုင်ငံရေးအရ ဘယ့်လောက်များ အသံထွက်ပြောခဲ့ဖူးလဲလို့ အဲဒီရခိုင်သတင်းထောက်ကို ပြန်မေးရလိမ့်မယ်။ ခြေနှစ်ဖက်ပြတ်နေသူ ရှေ့သွားပြီး မင်းနဲ့ငါ စက်ဘီးပြိုင်စီးရအောင် မင်း စက်ဘီးပေါ် အရင်တက်ပြစမ်းလို့ မျက်နှာပြောင်တိုက် ပြောနေသလိုပဲ။

အေအေ လော်ဘီ ရှိုဗင်ဝါဒီ ဗားရှင်းတမျိုးကျ တော်လှန်ရေးမျက်နှာဖုံးကလေးနဲ့ဗျ။ ဒီအုပ်စုကလဲ မနည်းလှဘူး။ ဒီကနေ့အချိန်မှာ အားလုံးရဲ့ ဘုံရန်သူဟာ စစ်အုပ်စုပဲတဲ့။ ဒီအချိန်မှာ စစ်အုပ်စုကို အထိနာအောင် တိုက်နေတဲ့ အေအေကို မျက်မာန်တော်ရှအောင် သွားမလုပ်ရဘူး။ သွားလုပ်သူတွေဟာ အလကားနေရင်း အာချောင်ပြီး စစ်ကောင်စီ အားပေး လုပ်ရာကျသတဲ့။ ဒါ့ကြောင့် သူတို့က ရိုဟင်ဂျာအရေး ပြောသူတိုင်းကို 'သခွပ်ပင်ကမီးတကျည်ကျည်' လုပ်သလို ပုတ်ခတ်လေ့ရှိတယ်။

သူတို့ စွပ်စွဲချက်ကို တချက် ဆန်းစစ်ကြည့်ရအောင်။ အဖိနှိပ်ခံ လူထုတရပ်လုံးရဲ့ ဘုံရန်သူဟာ စစ်အာဏာရှင်စနစ် ဆိုတာ ငြင်းစရာမရှိဘူး။ အဲဒါကြောင့်ပဲ အေအေက မြို့လုံးကျွတ် မီးရှို့လဲ ပါးစပ်ပိတ်နေရမယ်ဆိုတာ ဘာဆိုင်သလဲ ပြန်မေးရမယ်။ မြို့တမြို့ကို သိမ်းနိုင်ပြီဆိုရင် ဘာ့ကြောင့် မီးရှို့ဖို့ လိုအပ်တာလဲ။ မြို့ကို မီးရှို့လိုက်လို့ တော်လှန်ရေးအတွက် ဘာအကျိုးရှိသလဲ။ တကယ်တော့ အဲဒီလော်ဘီတွေ အော်နေတာ တော်လှန်ရေးအတွက် မဟုတ်ပါဘူး။ စစ်အင်အားကြီးသူတွေ လုပ်တဲ့ လုပ်ရပ်မို့

တော်လှန်ရေး နာမည်တပ် ဖုံးဖိပေးနည်းတမျိုးပါပဲ။ သူတို့စိတ်ထဲ ကိန်းအောင်းနေတဲ့ ရိုဟင်ဂျာ မုန်းတီးရေး အခံကြောင့်လဲ အခုလို ပြောတာ ဖြစ်လိမ့်မယ်။ မြင့်မြတ်သော တော်လှန်ရေးကြီးမှာ ဒီရိုဟင်ဂျာတွေအရေးက တဒုက္ခလို့ သူတို့တွေးနေပုံပဲ။ သူတို့မတွေးရဲတာက ရန်သူထွက်ပြေးသွားတဲ့ မြို့တမြို့ကို ဘာ့ကြောင့် မီးရှို့တာလဲ ဆိုတဲ့ မေးခွန်း။

ဒီလိုပြောရင် အေအေက မြို့လုံးကျွတ် မီးရှို့တာ မဟုတ်ပါဘူးလို့ တွင်တွင်ငြင်းဦးမှာပဲ။ ဒါဆိုရင်တော့ မဟုတ်ပါဘူးလို့ ဘူးခါနေသူတွေကို အပေါ်မှာ မေးခွန်းထုတ်ထားတာသာ ပြန်ဖတ်ကြည့်။ ဟုတ်နေရင် ဘယ်လိုလုပ်မှာလဲလို့ သူတို့တခါမှ မစဉ်းမိဘူးလား။

ရိုအရေး တက်ကြွသူတွေ၊ အရပ်ဖက်အဖွဲ့အစည်းတွေ၊ စသဖြင့် လက်ညှိုးမျိုးစုံထိုး တံဆိပ်မျိုးစုံကပ် ပြောချင်ရာ ပြောလို့ရပေမယ့် ဘူးသီးတောင်မြို့ ပြာကျသွားပြီး အသတ်ခံရသူ၊ လုယက်ခံရသူတွေလဲ ရှိခဲ့တယ်ဆိုတဲ့ အချက်ကိုတော့ ဘယ်အကြောင်းပြချက်နဲ့မှ ဖုံးကွယ်လို့ မရပါဘူး။ အဲသလိုပဲ အခုချိန်မှာ သက်သေအစုံအလင် ထွက်မလာသေးပေမယ့် တချိန်ချိန်မှာ မျက်မြင်သက်သေတွေ၊ ရုပ်သံအထောက်အထား၊ ဓာတ်ပုံအထောက်အထားတွေ၊ မြေပြင်အထောက်အထားတွေ ပေါ်လာလိမ့်မယ်။ အဲဒီအချိန်ကျရင် ဘယ်သူမှ ဖုံးကွယ်လို့ ရမှာမဟုတ်ဘူး။ ၂၀၁၇ ဆိုတာ ဘာမှမဝေးသေးပါဘူး။ အဲဒီတုန်းကလဲ အခုခိုင်သုခတို့ ပြောသလို ရိုဟင်ဂျာတွေ ကိုယ့်အိမ်ကိုယ် မီးရှို့ထွက်ပြေးသွားကြတာပဲလို့ ပြောခဲ့ကြတယ်၊ ရေးခဲ့ကြတယ် မဟုတ်လား။ နောက်မကြာခင် အဖြစ်မှန် ပေါ်တာပါပဲ။ သမိုင်းကို ကြာကြာလိမ်လို့ မရစကောင်း။

အန်းဂယ်(လ်စ်) စကားနဲ့ပဲ ဒီဆောင်းပါးကို နိဂုံးချုပ်ချင်တယ်

-

"A people which oppresses another cannot emancipate itself. The power which it uses to suppress the other finally always turns against itself." [Frederick Engels 1874]

သူရိန်မွန်

# လီနင်ဘက်က ခုခံချေပခြင်း

## အပိုင်း (၂)



# IN DEFENCE OF LENIN

### အာဏာရလာခြင်း

မင်ရှီဗစ်တွေနဲ့ ညီညွတ်ရေး တည်ဆောက်လို့ မဖြစ်နိုင်မှန်း ထရော့စကီး အခိုင်အမာ ယုံကြည်သွားတဲ့အခါ "သူ့ထက်ပိုတော်တဲ့ ဘော်ရှီဗစ် မရှိတော့ဘူး" လို့ ၁၉၁၇ နိုဝင်ဘာ (၁)ရက်နေ့၊ ပီထရိုဂရက် ကော်မတီ အစည်းအဝေးမှာ လီနင် ပြောခဲ့တယ်။ နောက် (၂)နှစ်အကြာ တော်လှန်ရေးကို ပြန်သုံးသပ်တဲ့အခါ လီနင်က အခုလို ရေးသားခဲ့တယ်။ "အာဏာရလာပြီး၊ ဆိုဗီယက် သမ္မတနိုင်ငံကို ထူထောင်တဲ့အချိန်မှာ ဗော်ရှီဗစ်ဇင်ဟာ ဆိုရှယ်လစ် အတွေးအခေါ် ရေစီးကြောင်းထဲက သူ့နဲ့ အနီးစပ်ဆုံး၊ အကောင်းဆုံး အစိတ်အပိုင်းတွေကို ဆွဲယူသိမ်းသွင်းနိုင်ခဲ့တယ်"

"လီနင်က ကျနော့်ဘက်ကို ပြောင်းလာတာ မဟုတ်ပါဘူး။ ကျနော်က လီနင့်ဘက်ကို ပြောင်းသွားတာပါ။ တခြားသူတွေထက် အများကြီး နောက်ကျပြီးမှ ကျနော် သူနဲ့ ပူးပေါင်းဖြစ်ခဲ့တယ်လို့ ထရော့စကီးက ရိုးရိုးသားသားပဲ ပြောခဲ့ပါတယ်။ "ဒါပေမဲ့ အရဲစွန့်ပြီး ပြောရရင်ဗျာ သူ့ကို နားလည်တဲ့နေရာမှာတော့ တခြားသူတွေထက် မညံ့ပါဘူး"

၁၉၁၇ အောက်တိုဘာ တော်လှန်ရေး မတိုင်မီ ရှေ့ပိုင်းလပိုင်းတွေမှာ မင်ရှီဗစ်နဲ့ ဆိုရှယ်လစ် ရက်ဗလူရှင်နရီတွေ လွှမ်းမိုးထားတဲ့ ဆိုဗီယက်တွေကို အရင်းရှင် ဝန်ကြီးတွေနဲ့ လမ်းခွဲပြီး အာဏာအရယူဖို့ လီနင်က တိုက်တွန်းခဲ့တယ်၊ ဒါပေမဲ့ သူတို့က ခေါင်းမာမာနဲ့ပဲ ငြင်းပယ်ခဲ့ကြတယ်။ ဒါပေမဲ့ "ပေါင်မုန့်၊ မြေယာနဲ့ ငြိမ်းချမ်းရေး ချက်ချင်းပေး၊ အာဏာအားလုံး ဆိုဗီယက် လက်ကိုအပ်" ဆိုတဲ့ ဘော်ရှီဗစ် ကြွေးကြော်သံတွေကို လူထုက တခဲနက် ထောက်ခံလာကြတယ်။ ဇွန်လ လူထု အင်အားပြပွဲကြီးတွေဟာ ဒီအပြောင်းအလဲကို ထင်ဟပ်ပြသနေတယ်။ ဒါ့ကြောင့်ပဲ ဝန်ကြီးချုပ်အသစ် ကယ်ရင်(န်)စကီက ဘော်ရှီဗစ်တွေကို စတင်နှိပ်ကွပ်လာတော့တယ်။ "ဇူလိုင် နေ့ရက်များ"မှာတော့ ဘော်ရှီဗစ်တွေ မြေအောက်လျှိုးသွားရပြီ။ ဘော်ရှီဗစ်တွေကို "ဂျာမန်သူလျှိုတွေ"လို့ စွပ်စွဲပြီး ကယောင်ချောက်ချား စစ်ဆင်ရေးကြီး လုပ်လာတယ်။ ဒါ့ကြောင့် လီနင်နဲ့ ဇီနိုဗီယက်(ဗ်)တို့ မြေအောက်လျှိုးခဲ့ရပြန်တယ်၊ ထရော့စကီး၊ ကာမီညက်ဖ်၊ ကိုလွန်တိုင်းနဲ့ တခြား ဘော်ရှီဗစ် ခေါင်းဆောင်တွေ အဖမ်းခံခဲ့ရတယ်။

ဩဂုတ်လထဲမှာ ဗိုလ်ချုပ်ကော်နီလော့(ဖ်)က သူ့ကိုယ်ပိုင် ဖက်

ဆစ် အာဏာရှင်စနစ် ထူထောင်ဖို့ ကြိုးစားလာတယ်။ ကော်နီလော့(ဖ်)ရန်ကို ကြောက်ပြီး တပ်ကူ အသည်းအသန်လိုအပ်နေတဲ့ အစိုးရက ထရော့စကီးနဲ့ တခြားဘော်ရှီဗစ်တွေကို လွှတ်ပေးလိုက်တယ်။ ဘော်ရှီဗစ် အလုပ်သမားတွေနဲ့ စစ်သားတွေဟာ တိုက်ပွဲထဲ အစားထိုးဝင်ရောက်လာပြီး ကော်နီလော့(ဖ်)ရဲ့ တန်ပြန်တော်လှန်ရေးကို လမ်းခုလတ်မှာတင် ပွဲသိမ်း အနိုင်ယူပစ်ခဲ့တယ်။

ဒီအခါ ဘော်ရှီဗစ် ပါတီအပေါ် လူထု ထောက်ခံမှုက ဒီရေလို ထိုးတက်သွားခဲ့တယ်။ မော်စကိုနဲ့ ပီထရိုဂရက် ဆိုဗီယက်တွေမှာ ဘော်ရှီဗစ်တွေက အများစုကြီး ဖြစ်သွားခဲ့ပြီ။ ပီထရိုဂရက် ဆိုဗီယက် ရွေးကောက်ပွဲတွေနဲ့ ပတ်သက်ပြီး ထရော့စကီးက " ငါတို့ဟာ အောင်ပွဲရသူတွေ ဖြစ်ခဲ့ပြီ"လို့ ကြေငြာခဲ့တယ်။ ဒီအောင်ပွဲက အဆုံးအဖြတ်သဘော ဖြစ်ခဲ့တယ်၊ ဒီနောက် ဖြစ်လာမယ့် အောက်တိုဘာ တော်လှန်ရေး အောင်ပွဲအတွက် အလွန်အရေးကြီးသော လှေကားထစ်တခု ဖြစ်ခဲ့တယ်။

အဲဒီအချိန် ဖင်လန်(ဒ်)နိုင်ငံမှာ ပုန်းအောင်းနေရတဲ့ လီနင်က ဘော်ရှီဗစ် ခေါင်းဆောင်တွေကို စိတ်မရှည် ဖြစ်လာခဲ့တယ်။ ဒီလူတွေ အချိန်ဆွဲနေမှာကို လီနင် စိုးရိမ်ခဲ့တယ်။ "လက်တွေ့ဖြစ်ရပ်တွေက ငါတို့လုပ်ရမယ့် တာဝန်ကို ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းပေးထားတယ်၊ ဒီအချိန်မှာ ဖင့်နွှေးနေခြင်းဟာ သေလောက်တဲ့ အမှားကို ကျူးလွန်တာပဲ"လို့ ဗဟိုကော်မတီထံ ပေးစာတစောင်မှာ လီနင် ရှင်းပြခဲ့တယ်။ "ထပ်စောင့်နေရင် တော်လှန်ရေးအပေါ် ပြစ်မှုကျူးလွန်ရာ ရောက်သွားမယ်" လို့ ဆိုထားတယ်။ အောက်တိုဘာမှာတော့ ဗဟိုကော်မတီက ဇီနိုဗီယက်ဖ်နဲ့ ကာမီညက်ဖ်တို့ရဲ့ ကန့်ကွက်မဲတွေကို ဆန့်ကျင်ပြီး အာဏာအရယူဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ ဇီနိုဗီယက်ဖ်နဲ့ ကာမီညက်ဖ်တို့ နှစ်ယောက်က ကြေညာချက် တစောင်ထုတ်ပြီး ဘယ်လို သူပုန်မှုမျိုးကိုမှ လက်မခံကြောင်း၊ ပါတီအနေနဲ့ တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေးကိုပဲ ရှေးရှုသင့်ကြောင်း လူသိရှင်ကြား ထကြေငြာခဲ့တယ်။

၁၉၁၇ အောက်တိုဘာ(၂၅)မှာ ပီထရိုဂရက် ဆိုဗီယက်ရဲ့ တော်လှန်ရေး စစ်ကော်မတီ ခေါင်းဆောင်ဖြစ်တဲ့ ထရော့စကီးက အာဏာလွှဲပြောင်းရေး ချောချောမွေ့မွေ့ ပြီးသွားအောင် အလျင်အမြန် ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးဟာ သွေးမြေမကျဘဲ အေးအေးသက်သာ အောင်ပွဲရခဲ့ပါတယ်။ နောက်တနေ့ အောက်တိုဘာ (၂၆)မှာ ကျင်းပသော ရုပ်ရှားနိုင်ငံလုံးဆိုင်ရာ ဆိုဗီယက်များရဲ့ ဒုတိယအကြိမ် ညီလာခံမှာ တော်လှန်ရေး ရလဒ်တွေကို ကြေငြာခဲ့တယ်။ ဒီတကြိမ် ညီလာခံမှာ ကိုယ်စားလှယ် ၆၅၀ ရှိတဲ့အနက် ဘော်ရှီဗစ် ကိုယ်စားလှယ် ၃၉၀ ရှိနေလို့ လူများစု ဖြစ်နေပြီဆိုတာ ရှင်းတယ်။ မင်ရှီဗစ်တွေနဲ့ လက်ယာဆိုရှယ်လစ် ရီဗော်လူရှင်နရီတွေက ကွန်ဂရက်ကို သပိတ်မှောက်ထွက်ခွာသွားကြတယ်။ ညီလာခံမှာ တက်ရောက်မိန့်ခွန်းပြောတဲ့ လီနင်က အောင်ပွဲရ ကိုယ်စားလှယ်တွေ ရှေ့မှောက်မှာ "ဆိုရှယ်လစ် စနစ် တည်ဆောက်ဖို့ ကျနော်တို့တတွေ ရှေ့ဆက်ချီတက်ရလိမ့်မယ်" လို့ ရိုးရှင်းစွာ ကြေညာခဲ့တယ်။ ဒီနောက်မှာတော့ ကွန်ဂရက်က ဆိုဗီယက် အစိုးရသစ်တရပ် ဖွဲ့စည်းပေးလိုက်တယ်၊ လီနင့်ကို အစိုးရသစ် ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့တယ်။ ပြီးခဲ့တဲ့ လေးလလောက်က အထင်အမြင်သေးခံခဲ့ရတဲ့ ဘော်ရှီဗစ်တွေဟာ အခုဆိုရင် တော်လှန်သော အလုပ်သမားထုရဲ့ ဂုဏ်ပြုခြင်းကို ခံယူခဲ့ရပြီ။

ရက်ပိုင်းအတွင်းမှာပဲ၊ လီနင့်အစိုးရက အမိန့်ဒီဂရီတွေ ထုတ်လိုက်တယ်။ လျှို့ဝှက် သံတမန်ဆက်သွယ်ရေးကို ဖျက်သိမ်းခြင်းနှင့် ငြိမ်းချမ်းရေး ကမ်းလှမ်းချက်များ၊ လယ်ယာမြေ ဝေခြမ်းရေး၊ လူမျိုးစုများရဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ အလုပ်သမားထု ကိုယ်တိုင် ထိန်းချုပ်မောင်းနှင်ခြင်းနဲ့ ရွေးကောက်ခံ ကိုယ်စားလှယ်တွေကို ပြန်ရုပ်သိမ်းခွင့်၊ ယောက်ျား မိန်းမအားလုံး အပြည့်အဝ တန်းတူညီရေး၊ နိုင်ငံတော်နဲ့ ဘုရားကျောင်းသာသနာကို သီးခြားခွဲထုတ်ခြင်း အစရှိတဲ့ လုပ်ငန်းစဉ်တွေကို အမိန့်ကြေညာချက်တွေ တခုပြီးတခု ထုတ်ပြန်ပြီး စတင်အကောင်အထည်ဖော်ခဲ့တယ်။

၁၉၁၈၊ ဇန်နဝါရီလ တတိယအကြိမ် ဆိုဗီယက်များ ညီလာခံမှာ ရုပ်ရှား ဖက်ဒရယ် ပြည်ထောင်စု ဆိုဗီယက် သမ္မတနိုင်ငံတော်

(Russian Federated Soviet Republic) တည်ထောင်လိုက်ကြောင်း ကြေညာခဲ့တယ်။ သို့သော် အဲဒီအချိန်မှာ ရပ်ရှား ပိုင်နက်နယ်မြေ အတော်များများကို ဂျာမန် အရင်းရှင် နယ်ချဲ့ပါဝါ၊ ဘူဇွာ အမျိုးသားရေးဝါဒီတွေနဲ့ တပ်ဖြူဗိုလ်ချုပ်တွေက သိမ်းထားဆဲဖြစ်တယ်။

တော်လှန်ရေးအပြီး ငါးရက်မြောက်မှာ အစိုးရသစ်ကို ဗိုလ်ချုပ်ကရာ့စ်နော့ဖ် ဦးဆောင်တဲ့ ကော့ဆက်တပ်တွေက တိုက်ခိုက်ခဲ့တယ်။ ဒီတိုက်ခိုက်မှုကို တွန်းလှန်နိုင်ခဲ့ပါတယ်။ ကရာ့စ်နော့ဖ်ကို သူ့လူတွေကိုယ်တိုင် ဖမ်းပြီး အစိုးရလက်အပ်ခဲ့တယ်။ ဒါပေမဲ့ နောက်တကြိမ် လက်နက်မကိုင်ပါဘူးလို့ ကတိပေးတဲ့အခါ ဆိုဗီယက် အစိုးရက လွှတ်ပေးလိုက်တယ်။ အမှန်ပဲ၊ သူကတိ ချိုးဖောက်ခဲ့တယ်။ ကော့ဆက် တပ်ဖြူတွေကို ဦးဆောင်ဖို့ တောင်ပိုင်းကို ထွက်သွားခဲ့တယ်။ အလားတူပဲ၊ ဆောင်းရာသီ နန်းတော် အစောင့်စစ်တပ်ကို လွှတ်ပေးလိုက်တော့လဲ တန်ပြန်ပုန်ကန်ခဲ့တာပဲ။

## တော်လှန်ရေးအပြီး ပထမနှစ်

အောင်ပွဲရပြီးစ ကနဦးရက်များမှာ တော်လှန်ရေးက သဘောထားကြီးလွန်းပြီး ယုံကြည်မှုလည်း ထားပေးခဲ့တယ်။ "ကျနော်တို့ကို အကြမ်းဖက်မှုကို အားထားတယ်ဆိုပြီး စွပ်စွဲခံခဲ့ရတယ်။ ဒါပေမဲ့ ကျနော်တို့ အားမထားခဲ့ပါဘူး။ ပြင်သစ်တော်လှန်ရေးသမားတွေက လက်နက်မဲ့လူတွေကို ခေါင်းဖြတ်စက်တင်သတ်ခဲ့သလို အကြမ်းဖက်မှုမျိုးကို မကျင့်သုံးရဖို့လည်း ကျနော်မျှော်လင့်ပါတယ်"လို့ လီနင်က နိုဝင်ဘာလထဲမှာ ပြောခဲ့တယ်။ "ကျနော်တို့ဘက်မှာ အင်အားလဲ ရှိနေပြီမို့ ဒီလို အကြမ်းဖက်မှုကို အားပြုမလာရဖို့ ကျနော်မျှော်လင့်ပါတယ်။ တယောက်ယောက်ကို ဖမ်းပြီးတဲ့ အချိန်တိုင်းမှာ အဖျက်လုပ်ငန်းတွေ မလုပ်ပါဘူး ဆိုတဲ့ ခံဝန်တခုခုသာ ရေးပေး၊ ခင်ဗျားကို လွှတ်ပေးပါ့မယ်လို့ အမြဲပြောခဲ့တယ်။ ဒါမျိုး ခံဝန်တွေလည်း ပေးခဲ့ကြတာပဲ"လို့ လီနင်က ပြောခဲ့တယ်။

အနန်နာ့ခစ်(စ်)ကနေ ဘော်ရှီဗစ်တယောက် ဖြစ်လာသူ Victor Serge က (တော်လှန်ရေးရဲ့) ဖြူစင်ရိုးသား အပြစ်ကင်းစင်မှုကို သူ့ရဲ့ "ရပ်ရှားတော်လှန်ရေး ပထမနှစ်" စာအုပ်ထဲမှာ အသိအမှတ်ပြု ထုတ်ဖော် ရေးသားခဲ့တယ်။

"အာဆင်နယ်နဲ့ ခရင်မ်လင်မှာ တပ်ဖြူတွေက အလုပ်သမားထုကို အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် သတ်ခဲ့တယ်။ တပ်နီတွေကတော့ သူတို့ရဲ့ ကမ္ဘာ့ရန် ဗိုလ်ချုပ် ကရာ့စ်နော့(ဗ်)ကို ခံဝန်လေးထိုးရုံနဲ့ လွှတ်ပေးခဲ့တယ်။ ကော့ဆက် ပုန်ကန်မှုခေါင်းဆောင်ကို သဘောထားကြီးပေးခဲ့တာဟာ တော်လှန်ရေးဘက်က အမှားကျူးလွန်မိတာပဲ။ သူ့ကို ပစ်သတ်ခဲ့သင့်တာ။ ဒါပေမဲ့ အဲဒီအစား လွှတ်ပေးလိုက်တော့ ကရာ့စ်နော့(ဗ်)ဟာ ဒွန်ဒေသကို မီးလောင်တိုက်သွင်း သတ်ဖြတ်ပစ်ခဲ့တယ်။

ဆိုဗီယက်အာဏာ ထူထောင်ပြီး သိပ်မကြာခင်မှာပဲ နယ်ချဲ့သမားတွေက တော်လှန်ရေးကို သွေးချောင်းစီး ချေမှုန်းပစ်ဖို့ လုပ်ခဲ့ကြတယ်။ ဂျာမန် တိုက်ခိုက်မှုအန္တရာယ်ကြောင့် ၁၉၁၈ မတ်လပိုင်းမှာ အစိုးရရုံးကို မော်စကို ရွှေ့ခဲ့ရတယ်။

သိပ်မကြာဘူး၊ ဗြိတိန်တပ်တွေ Murmansk မြို့ကို ဝင်ရောက်လာခဲ့တယ်၊ သူတို့နဲ့အတူ အမေရိကန်နဲ့ ကနေဒါတပ်တွေလဲ အားဖြည့်လိုက်လာခဲ့တယ်။ ဂျပန်ကလဲ ဗြိတိန်၊ အမေရိကန်တပ်မကြီးတွေနဲ့အပြိုင် ရုရှား အရှေ့ဖျားက Vladivostok မြို့ကို ကျူးကျော်လာတယ်။ လောင်စာဆီတွေ ထိန်းချုပ်ဖို့ ဗြိတိန်က ဘာကူ ဆိပ်ကမ်းကိုပါ သိမ်းခဲ့တယ်။ အိုဒက်ဆာနဲ့ ဆီဗက်စတိုပေါ(လ်) ဒေသတွေက ပင်လယ်နက် ဆိပ်ကမ်းတွေကို ပြင်သစ်၊ ဂရိနဲ့ ပိုလန်တပ်တွေ ကျူးကျော်ဝင်ရောက်လာပြီး တပ်ဖြူတွေနဲ့ ပူးပေါင်းသွားတယ်။ ယူကရိန်းကို ဂျာမန်တွေက သိမ်းထားတယ်။ ဆိုဗီယက်အစိုးရ တပ်တွေဟာ နိုင်ငံပေါင်း (၂၁) နိုင်ငံက ကျူးကျော်ရေး တပ်တွေကို စစ်မြေပြင်ပေါင်းစုံမှာ ရင်ဆိုင်တိုက်ခဲ့ရတယ်။ တော်လှန်ရေးဟာ အသက်ဆက်နိုင်ဖို့ တိုက်ပွဲဝင်ခဲ့ရတယ်။ တော်လှန်ရေး အောင်ထားကာစ ဆိုဗီယက် အစိုးရကို ဝိုင်းပတ်ချေမှုန်းဖို့ နည်းမျိုးစုံသုံးပြီး ကြိုးပမ်းခဲ့ကြတယ်။



## ရောင်ဖြူအကြမ်းဖက်မှု

ဆိုရှယ်လစ် ရီဗော်လူရှင်နရီပါတီ ခေါင်းဆောင်ပိုင်းက ပြည်ပကြားဝင်စွက်ဖက်မှုကို “ဒီမိုကရေစီ ပြန်လည်ရရှိရေး”အတွက် ဆိုပြီး ထောက်ခံကြိုဆိုခဲ့တယ်။ ဒီလို တန်ပြန်တော်လှန်ရေး ရပ်တည်ချက်ကို မင်ရှီဗစ်တွေလဲ ကိုင်စွဲခဲ့တယ်။ ဒါ့ကြောင့်ပဲ မင်ရှီဗစ်တွေလဲ ရန်သူနဲ့ တလှေတည်းစီး တခရီးတည်းသွား ဖြစ်ခဲ့ရတယ်။ မင်ရှီဗစ်တွေဟာ တပ်ဖြူတွေနဲ့ ပေါင်းသွားပြီး ပြင်သစ်အစိုးရဆီက ငွေကြေးအထောက်အပံ့ ယူခဲ့တယ်။

၁၉၁၈ နွေရာသီမှာ လီနင်နဲ့ ထရော့စကီးကို လုပ်ကြံဖို့ ကြိုးပမ်းမှုတွေ ရှိခဲ့တယ်။ ဩဂုတ်လ (၃၀)ရက်နေ့မှာ လီနင် အပစ်ခံရတယ်။ ဒါပေမဲ့ အသက်အန္တရာယ်တော့ မထိခိုက်ခဲ့ဘူး။ တရက်တည်းမှာပဲ ဂျာမန် သံအမတ်ကြီး လုပ်ကြံခံခဲ့ရသလို (ဘော်ရှီဗစ် တော်လှန်ရေး ခေါင်းဆောင်တဦးဖြစ်သော) Uritsky လုပ်ကြံခံခဲ့ရတယ်။ (၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေးနောက်ပိုင်းမှာ ဘော်ရှီဗစ်ပါတီထဲ ဝင်ရောက်လာသူ) Volodarsky လည်း လုပ်ကြံခံလိုက်ရတယ်။ ထရော့စကီးရဲ့ ရထားကို ဖောက်ခွဲမယ့် အကြံအစည်ကတော့ ကံကောင်းထောက်မစွာနဲ့ပဲ အလုပ်မဖြစ်ခဲ့ဘူး။ အခုလို ရောင်ဖြူ အကြမ်းဖက်မှုတွေကြောင့်ပဲ တော်လှန်ရေးကို ခုခံကာကွယ်ဖို့ အနီလှိုင်း ပေါက်ဖွားလာခဲ့တယ် ။

ဖြစ်သမျှ တပ်နီတွေကိုချည်း အပြစ်ပုံချခဲ့တဲ့ အရင်းရှင်တွေဟာ ရောင်ဖြူ အကြမ်းဖက်မှုကိုတော့ လျှောချလေ့ရှိတယ်။ တပ်ဖြူတွေ ကျူးလွန်တဲ့ ရက်စက်မှုတွေဟာ “မြုံပြောရရင် တပ်ဖြူဗိုလ်ချုပ်တွေ၊ စစ်ဘုရင်တွေထဲက တဦးချင်းတယောက်ချင်း လက်လွန်တဲ့ကိစ္စတွေပါ၊ စနစ်တကျ ဒါမှမဟုတ် တရားဝင်ပေါ်လစီချပြီး လုပ်တဲ့ကိစ္စတွေ မဟုတ်ပါဘူး” လို့ အန်ထော်နီ ရိ(ဒ်)က ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးဖို့ရာ လျှောက်လဲချက်ပေးခဲ့တယ်။ “ဒါပေမဲ့ ရောင်ဖြူ အကြမ်းဖက်မှုဟာ မကြာမကြာဆိုသလို (အကြမ်းဖက်မှုမှာ) တပ်နီတွေနဲ့ တန်းတူဖြစ်ခဲ့ပြီး တခါတ

လေမှာတော့ တပ်နီထက် ပိုဆိုးခဲ့တယ်”လို့ ဆိုပြန်တယ်။ တကယ့် အဖြစ်မှန်က တပ်ဖြူတွေဟာ ရက်စက်ကြမ်းကြုတ်မှုတွေကို ပေါ်လစီချပြီး ကျူးလွန်ခဲ့ကြခြင်း ဖြစ်တယ်။ ရက်စက်တဲ့နေရာမှာ တပ်နီတွေထက် အမြဲသာလွန်ခဲ့တယ်။ ဒါသည်ပင် တန်ပြန်တော်လှန်ရေး အင်အားစုတွေရဲ့ သဘာဝပါပဲ။

စိတ်ဝင်စားဖို့ကောင်းတာက ရိ(ဒ်)ဟာ ဗိုလ်ချုပ်ကြီး Baron Roman von Ungern-Sternberg ရဲ့ လုပ်နည်းလုပ်ဟန်တွေကို ထုတ်ဖော်ရေးခဲ့တာပဲ။ “ဥပမာပြောရရင် (အကြမ်းဖက်မှုနဲ့ ရက်စက်မှုမှာ) ဘယ်ဘော်ရှီဗစ်မှ တပ်ဖြူဗိုလ်ချုပ်ကြီး Baron Roman von Ungern-Sternberg ကို မမီပါဘူး။ သူက အက်(စ်)တိုးနီးယား နိုင်ငံဖွား German Balt လူမျိုးတယောက်။ သူ့ကို ယာယီအစိုးရ (၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေးအပြီး ပေါ်လာတဲ့ ဘူဇွာအစိုးရ) က ရပ်ရှားရဲ့ အရှေ့စွန်းဒေသတွေဆီ စေလွှတ်ခဲ့တယ်။ အဲဒီမှာပဲ သူက မွန်ဂိုဘုရင် ဂျင်ဂျစ်ခန် ဝင်စားပါတယ်လို့ ကြေညာခဲ့တယ်၊ ရက်စက်တဲ့နေရာမှာ မွန်ဂိုအင်ပိုင်ယာ အရှင်ထက် သာအောင် သူကြမ်းပြခဲ့တယ်။ အတော်အယူသီးတဲ့ ဂျူးမုန်းတီးရေးသမားတယောက်လဲ ဖြစ်တယ်၊ ရပ်ရှားက ကော်မစ်ဆာတွေနဲ့ ဂျူးအားလုံးကို အကုန်မျိုးဖြုတ်ပစ်ချင်တယ်လို့ ၁၉၁၈မှာ သူကြေညာခဲ့တယ်။ အဲဒါ စိတ်အားထက်ထက်သန်သန်နဲ့ အကောင်အထည်ဖော်ဖို့ သူကြိုးစားခဲ့တဲ့ အလုပ်ပဲ။ သူ့လူတွေက တွေ့သမျှ ဂျူးလူမျိုးတိုင်းကို လူမဆန်ဆုံး နည်းလမ်းပေါင်းစုံနဲ့ အဆုံးစီရင်ခဲ့တယ်။ အရှင်လတ်လတ် အရေခွံခွာတာမျိုးအထိ လုပ်ခဲ့တယ်။ သူ့တပ်ဖွဲ့တွေကို ဦးဆောင်ပြီး ညပိုင်းအကြမ်းဖက်စီးနင်းမှုတွေမှာ အလောင်းကိုမီးရှို့၊ မြင်းနဲ့ တရွတ်တိုက်ဆွဲပြီး မြက်ခင်းပြင်ပေါ် ဇက်ကုန်ဖွင့် မောင်းတဲ့ ကိစ္စတွေ၊ ‘အာရှကနေ ဥရောပကို ဖြတ်ပြီး ကြိုးစင်တွေနဲ့ လမ်းဖောက်ပစ်မယ်’လို့ ပြောခဲ့တာတွေကြောင့်လဲ သူဟာ ထင်ရှားတယ်။”

အဲဒါ တန်ပြန်တော်လှန်ရေးသာ အောင်ပွဲခံသွားခဲ့ရင် ရပ်ရှားအလုပ်သမားထုနဲ့ လယ်သမားတွေ ကြုံတွေ့ရမယ့် ကြမ္မာပဲ။ ကျေးကျွန်စနစ် ရောမနိုင်ငံတော်ရဲ့ ကြမ်းကြုတ်သော လက်ထဲမှာ မွစာကြေသွားခဲ့ရတဲ့ စပါတာကပ်စ်နဲ့ သူ့ရဲ့ ကျွန်စစ်တပ်ကြီး ကြုံခဲ့ရတဲ့ ကြမ္မာဆိုးလည်း ဖြစ်တယ်။ ဆိုဗီယက်အာဏာ မထူထောင်နိုင်ရင် အစားထိုးလာမယ့်အရာက “ဒီမိုကရေစီ” မဟုတ်ဘူး။ သွေးဆာနေသော အရက်စက်ဆုံး အကြမ်းကြုတ်ဆုံး ဖက်ဆစ် ဘာဘရစ်ဇင်ပဲ။ တပ်နီတော်နဲ့ ရဲနီတပ်ဖွဲ့ (Cheka) ပေါင်းပြီး ရေကုန်ရေခမ်း ကြိုးစားခဲ့လို့သာ ပြည်တွင်းစစ်မှာ အနိုင်ရပြီး တန်ပြန်တော်လှန်ရေးကို ချေမှုန်းနိုင်ခဲ့တာ ဖြစ်တယ်။

ဆိုဗီယက်အစိုးရမှာ တခြားရွေးချယ်စရာ မရှိခဲ့ဘူး။ ဓားကိုဓားချင်း၊ လှံကိုလှံချင်း ပြန်တုံ့နှင်းရုံ၊ ကျူးကျော်ဝင်ရောက်လာတဲ့ ပြည်ပ စစ်တပ်တွေကို တော်လှန်ရေးဘက်က ရပ်တည်ဖို့ ဆော်ဩရုံသာ ရှိတော့တယ်။ ဗစ်တာဆာ့(ဂ်)က အခုလို ရေးသား ရှင်းပြခဲ့တယ်။

“လူ့အဖွဲ့အစည်းထဲက အနည်းငယ်မျှသာ ဖြစ်သော လူတန်းစားတွေကို ဆန့်ကျင်ဖို့အတွက် လုပ်သားထုကြီးဟာ အကြမ်းဖက်မှုကို မလွဲမရှောင်သာ သုံးခဲ့ရတယ်။ ဒါဟာ အသစ်ပေါ်ထွက်လာတဲ့ စီးပွားရေးနဲ့ နိုင်ငံရေး စွမ်းအားစုတွေ ကိုယ့်အလုပ်ကိုယ် ပြီးမြောက်အောင် လုပ်သွားခြင်းဆိုတာထက် မပိုပါဘူး။ တိုးတက်သော လုပ်ငန်းတွေက သန်းနဲ့ချီတဲ့ အလုပ်သမားထုကြီးကို တော်လှန်ရေးကိစ္စမှာ စုစည်းပေးလိုက်တဲ့ အချိန်မှာ ဒီအခွင့်ထူးခံ လူနည်းစုရဲ့ ခုခံမှုကို ချိုးဖျက်ဖို့ မခက်ခဲတော့ဘူး။ တဖက်မှာတော့ ဒီအခွင့်ထူးခံ လူနည်းစုက လုပ်သားထုကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ချေမှုန်းပစ်ဖို့ ရောင်ဖြူအကြမ်းဖက်မှုကို ကျူးလွန်ခဲ့ကြတယ်။ ဆိုဗီယက် ရဲနီတပ်ဖွဲ့က ရပ်ရှားနိုင်ငံတဝှမ်းမှာ သုံးနှစ်တာကာလပတ်လုံး ကွပ်မျက်ခဲ့ရတဲ့ ပမာဏကို ပေါင်းလိုက်ရင်တောင် ဗာဆိုင်းမြို့သားများ (Versaillais – ပါရီကွန်မြူးန်ကို ဖြုတ်ချဖို့ ကြိုးစားတဲ့ တန်ပြန်တော်လှန်ရေးတပ်တွေကို ခေါ်တဲ့နာမည်) ပါရီမှာ တပတ်အတွင်း သတ်ဖြတ်ခဲ့တဲ့ လူအရေအတွက်ကို မမီပါဘူး”။

မတတ်သာတဲ့အဆုံး “စစ်အတွင်း ကွန်မြူနစ်စနစ်”ကို ဘော်ရှီဗစ်တွေ ယာယီကျင့်သုံးခဲ့ရတယ်။ အဲဒီကာလမှာ အလုပ်သမားနဲ့ စစ်သားတွေကို ကျွေးစရာ ဘာမှမရှိတော့လို့ လယ်သမားတွေ

ဆီက သီးနှံတွေ ချောဆွဲခဲ့ရတယ်။ တန်ပြန်တော်လှန်ရေး အဖျက်သမားတွေကြောင့်ရော၊ ကျူးကျော်စစ်ပွဲကြောင့်ရော၊ အခုပြည်တွင်းစစ်ကြောင့်ပါ စက်မှုလုပ်ငန်းတခုလုံး ပြိုလဲသွားခဲ့တယ်။ နယ်ချဲ့နိုင်ငံတွေ ဝိုင်းဝန်းပိတ်ဆို့ထားတာကြောင့် တိုင်းပြည်က လိပ်ပက်လက် အနေအထားပဲ။ ၁၉၁၇ တုန်းက ပီထရိုဂရက်မှာ လူဦးရေ (၂၄)သိန်း ရှိရာကနေ ၁၉၂၀ ဩဂုတ်စ်လရောက်တော့ လူဦးရေ ၅၇၄,၀၀၀ ပဲ ရှိတော့တယ်။ တိုက်ဖွိုက်နဲ့ ကာလဝမ်းရောဂါကြောင့် သန်းနဲ့ချီပြီး သေဆုံးခဲ့ရတယ်။ ဒီအခြေအနေကို လီနင်က "ရန်သူပတ်လည် အဝိုင်းခံထားရတဲ့ ခံတပ်ထဲ ကျရောက်နေသော ကွန်မြူနစ်ဝါဒ"လို့ မှတ်ချက်ပြုခဲ့တယ်။

၁၉၁၉ ဩဂုတ်စ်(၂၄)မှာ လီနင်က "စက်မှုလုပ်ငန်းဟာ ရပ်တန့်နေတုန်းပဲ။ စားစရာလည်း မရှိတော့ဘူး။ လောင်စာလည်း မရှိတော့ဘူး။ စက်မှုလုပ်ငန်းလည်း မရှိတော့ဘူး"လို့ ရေးခဲ့တယ်။ ဒီလို ကပ်ဆိုးနဲ့ ရင်ဆိုင်နေရချိန် ဆိုဗီယက်တွေဟာ အလုပ်သမား လူတန်းစားရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ ရဲစွမ်းသတ္တိနဲ့ စိတ်ဓါတ်ကြံ့ခိုင်မှုကို အားကိုးပြီး တော်လှန်ရေး ပြိုလဲမသွားအောင် လုံးပမ်းခဲ့ရတယ်။ "အလုပ်သမား လူတန်းစားရဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်၊ 'အရှုံးပေးမယ့်အစား သေရတာမြတ်တယ်' ဆိုတဲ့ ဆောင်ပုဒ်ကို မယိမ်းမယိုင် စွဲမြဲကျင့်ကြံမှုဟာ သမိုင်းဆိုင်ရာ အကြောင်းခံတခု ဖြစ်ခဲ့ရုံသာမက၊ အနိုင်အရှုံး အဆုံးအဖြတ်ပေးသော အောင်ပွဲရစေခဲ့သော အကြောင်းတရားလဲ ဖြစ်ခဲ့တယ်"လို့ လီနင်က ၁၉၂၀ မတ်လမှာ ကြူးရင့်ခဲ့တယ်။

## ပြည်တွင်းစစ်ရဲ့ နောက်ဆက်တွဲ

ဘာမှမရှိတဲ့ အခြေကနေ တပ်နီတော်ကို စုစည်းတည်ထောင်ခဲ့ရသူ ထရော့စကီးနဲ့ လီနင်တို့ရဲ့ ဦးဆောင်မှု အောက်မှာ ဆိုဗီယက်တွေ အောင်ပွဲရခဲ့တယ်။ သို့သော် အရင်းအနှီး ကြီး ကြီးမားမား ပေးဆပ်ခဲ့ရတယ်။ သတ္တန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်တွေကြောင့် ပြည်သူတွေ သေဆုံးခဲ့ကြရတဲ့အပြင် စီးပွားရေး ပျက်စီးယိုယွင်းမှုပါ ထပ်လောင်းဖိစီးခဲ့တယ်။

ပြည်တွင်းစစ်အပြီးမှာ ဘော်ရှီဗစ် အစိုးရအနေနဲ့ နောက်တလှမ်းဆုတ်ပြီး စီးပွားရေးပေါ်လစီသစ် (New Economic Policy) ကို စသုံးရမယ့် အခြေဆိုက်သွားခဲ့တယ်။ ဒီပေါ်လစီကို အသက်သွင်းလိုက်တဲ့အခါ လယ်သမားတွေအနေနဲ့ ပိုလျှံသီးနှံတွေကို လွတ်လွတ်လပ်လပ် ရောင်းဝယ်ဖောက်ကားခွင့် ရသွားသလို အရင်းရှင်စနစ် တိမ်းညွတ်မှု အစို့အညှောင့်တွေလဲ ကြီးထွားလာခဲ့တယ်။ ရလဒ်အနေနဲ့ NEPmen စီးပွားရေးသမားတွေနဲ့ Kulak ချမ်းသာလယ်သမားတွေ ထွက်ပေါ်လာခဲ့တယ်။ ဒါက ဆိုဗီယက်အာဏာကို နည်းနည်းတော့ အသက်ရှူချောင်စေခဲ့တယ်။

လူဦးရေရဲ့ ၇၀ရာခိုင်နှုန်းက စာရေးစာဖတ်တတ်ခြင်း မရှိတဲ့ အခြေအနေ၊ ဒီလို ယဉ်ကျေးမှုအဆင့်အတန်း နိမ့်ကျနေတဲ့ အတွက် ဆိုဗီယက် အစိုးရယန္တရားဟာ ဇာဘုရင်ခေတ်က အမှုထမ်းဟောင်းတွေ၊ အရာရှိဟောင်းတွေနဲ့ အုပ်ချုပ်ရေးသမားဟောင်းတွေကို ဆွဲသုံးခဲ့ရတယ်။ စင်စစ် သူတို့ဟာ တော်လှန်ရေးကို ဆန့်ကျင်ခဲ့သူတွေ။ "ဆိုဗီယက် နိုင်ငံတော်ရဲ့ ကြိုက်တဲ့နေရာကို အရေခွံ ခွာကြည့်လိုက်၊ အဲဒီ အရေခွံအောက်မှာ ဇာဘုရင့်နိုင်ငံတော်ယန္တရားဟောင်းကို ပြန်တွေ့ရလိမ့်မယ်"လို့ လီနင်က ပွင့်ပွင့်လင်းလင်း ဝေဖန်ခဲ့တယ်။ ရပ်ရှားတော်လှန်ရေး တခုပဲ အောင်ပွဲရပြီး အထီးတည်းဖြစ်နေချိန် ဒီအခြေအနေကို ရင်ဆိုင်ရခြင်းဟာ တော်လှန်ရေးတခုလုံး ဗျူရိုကရက်တစ် ယိုယွင်းပျက်စီးမှု ဖြစ်ပြီး ပြိုလဲသေဆုံးသွားလောက်အောင် အန္တရယ်ကြီးတယ်။ ဆက်တိုက်ကြုံခဲ့ရတဲ့ အကျပ်အတည်းတွေကြောင့် အလုပ်သမား လူတန်းစား အင်အားချိနဲ့လာတယ်။ ဒီအခါ ဆိုဗီယက်တွေ အသက်မဝင်တော့ဘဲ လုပ်စားသမားတွေနဲ့ ဗျူရိုကရက်တွေက နေရာဝင်ယူသွားတယ်။

ဒီဗျူရိုကရက် အန္တရာယ်ကို တိုက်ဖျက်ဖို့ အစီအမံတွေ ချမှတ်

ခဲ့ပေမယ့် တကယ်တမ်း ကမ္ဘာ့တော်လှန်ရေး အောင်မြင်မှသာ ရုရှား တော်လှန်ရေးကို ကယ်တင်နိုင်လိမ့်မယ်။ အဲဒီအခါမှပဲ တော်လှန်ရေး အောင်ထားသော အနောက်ကမ္ဘာက ဆိုဗီယက် ရပ်ရှားကို အခိုင်အမာ အထောက်အကူ ပေးလာနိုင်မယ်။

၁၉၁၉ အစောပိုင်းမှာ လီနင်က နိုင်ငံတကာမှာ တော်လှန်ရေး တွေ ပြန့်နှံ့သွားစေဖို့ ရည်ရွယ်ချက်နဲ့ တတိယ အင်တာနေရှင် နယ်ကို တည်ထောင်ခဲ့တယ်။ တတိယ အင်တာနေရှင်နယ်ဟာ ဘော်ရှီဗစ်ဝါဒ ကျောင်းတော်ကြီးပဲ။ သိပ်မကြာခင်မှာပဲ ဂျာမနီ၊ ပြင်သစ်၊ ချက်ကိုစလိုဗေးကီးယားနဲ့ တခြားနိုင်ငံတွေမှာ လူထု အခြေခံရှိတဲ့ ကွန်မြူနစ်ပါတီတွေ ပေါ်ထွက်လာတယ်။

ကံမကောင်းစွာနဲ့ပဲ၊ ပထမ ကမ္ဘာစစ်နောက်ပိုင်း ဖြစ်ပေါ်လာတဲ့ တော်လှန်ရေး လှိုင်းဟာ ကျရှုံးသွားခဲ့တယ်။ ၁၉၁၈ ဂျာမနီမှာ တော်လှန်ရေးဖြစ်တော့ ဂျာမန် ဆိုရှယ် ဒီမိုကရက်တွေက တော်လှန်ရေးကို သစ္စာဖောက်သွားတယ်။ ဘာဗေးရီးယားနဲ့ ဟန်ဂေရီ နိုင်ငံတွေက ပေါ်ထွက်လာစ ဆိုဗီယက် သမ္မတနိုင်ငံ တွေဟာ တန်ပြန် တော်လှန်ရေးရဲ့ သွေးချောင်းစီး ချေမှုန်းခြင်း ခံလိုက်ရတယ်။ ၁၉၂၀ အီတလီနိုင်ငံက တော်လှန်သော စက်ရုံ သိမ်းတိုက်ပွဲတွေလည်း ကျရှုံးသွားခဲ့တယ်။ ၁၉၂၃ မှာလဲ နောက် တချီ တော်လှန်ရေး မိုးထဲရေထဲ ရောက်နေတဲ့ ဂျာမနီကို အားလုံး က သတိထား စောင့်ကြည့်နေခဲ့တယ်။ ဒါပေမဲ့ ဇီနိုဗီယက်ဖ်နဲ့ စ တာလင်တို့ ရမ်းသန်းပေးလိုက်တဲ့ အကြံမှား ဥာဏ်မှားတွေ ကြောင့် ဂျာမန်တော်လှန်ရေး မရှုမလှ ထပ်ရှုံးသွားခဲ့တယ်။

ဂျာမန် တော်လှန်ရေး ကျရှုံးသွားခြင်းဟာ နဂိုတည်းက မသေ ရုံတမယ် တောင့်ခံထားရတဲ့ ရပ်ရှား အလုပ်သမားထုကို စိတ်ဓာတ်ပိုင်းအရ ပြိုလဲသွားစေခဲ့တယ်။ တချိန်တည်းမှာပဲ ဒီ ရှုံးနိမ့်မှုဟာ နိုင်ငံတော် ယန္တရားနဲ့ ပါတီအတွင်း ကြီးထွားလာနေ တဲ့ ဗျူရိုကရက်တစ် ဖောက်ပြန်မှုကို တန်ခိုးထွားသွားစေခဲ့ တယ်။ လေဖြတ်ဝေဒနာ တောက်လျှောက်ခံစားလာရတဲ့ လီနင့် ကျန်းမာရေး ချွတ်ခြုံကျသွားပြီး အလုပ်မလုပ်နိုင်တော့တဲ့ အချိန် မှာ စတာလင်က ဗျူရိုကရေစီရဲ့ ခေါင်းဆောင်အနေနဲ့ ထွက် ပေါ်လာတယ်။ တကယ်တော့ လီနင်ရဲ့ နောက်ဆုံးတိုက်ပွဲက ထ ရော့စကီးနဲ့ လက်တွဲပြီး စတာလင်နဲ့ ဗျူရိုကရေစီ အင်အားစုကို တိုက်ခဲ့တဲ့ တိုက်ပွဲပဲ။ စတာလင် နောက်ပြန်ဆုတ်ခဲ့ရတယ်။ ဒါပေမဲ့ နောက်ဆုံးတခေါက် လေဖြတ်အပြီး လီနင် သွက်ချာပါဒ လိုက်သွားခဲ့တယ်၊ စကားပါ မပြောနိုင်တော့ဘူး။

ဒီဖြစ်ရပ် မတိုင်ခင်ကတည်းက လီနင်ဟာ သေတမ်းစာတ စောင် ရေးထားခဲ့တယ်။ ဒီသေတမ်းစာထဲမှာ "စတာလင်ဟာ ပါတီ အထွေထွေအတွင်းရေးမှူး ဖြစ်လာပြီး (ဒါကို လီနင် ဆန့်ကျင်ခဲ့တယ် - စာရေးသူ RS) သူ့လက်ထဲ အာဏာတွေ အကန့်အသတ်မရှိ စုပြုံနေတယ်။ ဒီအခွင့်အာဏာတွေကို အမြဲတမ်း သတိတရားရှိရှိနဲ့ သုံးနိုင်ပါ့မလားဆိုတာ ကျနော် သံသယရှိတယ်"လို့ လီနင် ရေးထားခဲ့တယ်။ "တခြားတဖက်မှာ တော့ ရဲဘော် ထရော့စကီးဟာ ထက်မြက်တဲ့ အရည်အချင်းတွေ ကြောင့်တင် ထင်ရှားနေတာ မဟုတ်ဘူး။ ပြောရမယ်ဆိုရင် လက်ရှိ ဗဟိုကော်မတီဝင်တွေထဲ အရည်အချင်း အရှိဆုံးသူလို့ တောင် ဆိုနိုင်တယ်"။ ပါတီတွင်း အကွဲအပြဲ ဖြစ်လာနိုင်တဲ့ အန္တရာယ်ကိုလည်း လီနင် သတိပေးထားခဲ့တယ်။

## စတာလင်ဝါဒ

ထရော့စကီးနဲ့ အခြားရဲဘော်တွေကို လီနင်နဲ့ ကူညီဆက်သွယ် ပေးလို့ဆိုပြီး (လီနင့် ဇနီး) ကရပ်စ်ကားယာကို စတာလင်က ဆဲဆို ကြိမ်းမောင်းခဲ့တယ်။ ဒီနောက် နှစ်ပတ်အကြာမှာ လီနင်က သူ့ သေတမ်းစာထဲ ဖြည့်စွက်ချက်တခု ထပ်ထည့်ခဲ့တယ်။ စတာလင် နဲ့ ပုဂ္ဂိုလ်ရေး ဆက်ဆံမှုအားလုံး ဖြတ်ပစ်လိုက်တယ်။ "စတာလင် က အလွန် ရိုင်းစိုင်းတယ်။ ဒီပြစ်ချက်ဟာ ကျနော်တို့ အချင်း ချင်း၊ ကွန်မြူနစ်တွေအချင်းချင်း ဆက်ဆံရေးမှာ အတန်အသင့် သည်းခံလို့ရသော်ငြား ပါတီ အထွေထွေ အတွင်းရေးမှူး တ ယောက်အနေနဲ့ဆိုရင် လုံးဝ သည်းခံနိုင်စရာ မရှိတော့ဘူး။" လို့ လီနင် ရေးခဲ့တယ်။ သစ္စာမဲ့ခြင်း၊ အာဏာ အလွဲသုံးစား လုပ်လို ခြင်းကြောင့် စတာလင်ကို အထွေထွေ အတွင်းရေးမှူး တာဝန် ကနေ ထုတ်ပစ်ဖို့ လီနင် တိုက်တွန်းခဲ့တယ်။

ဒါပေမဲ့ ၁၉၂၃၊ မတ်လ(၇)ရက်မှာ လီနင် နောက်ဆုံးတကြိမ် လေဖြတ်သွားခဲ့ပြီး ဘာမှ မလုပ်နိုင်တော့ဘူး။ ၁၉၂၄၊ ဇန်နဝါရီ (၂၁)ရက် သူကွယ်လွန်သွားတဲ့ အချိန်အထိ အဲဒီအခြေအနေမှာပဲ ရှိနေခဲ့တယ်။ နိုင်ငံရေးဘဝကနေ လီနင် အနားယူသွားရတဲ့အခါ စတာလင့် အာဏာ ပိုကြီးထွားလာခဲ့တယ်။ စတာလင်ကလည်း ဒီအာဏာကို အပြည့်အဝ အသုံးချခဲ့တယ်။ အထူးသဖြင့် လီနင့်ရဲ့ သေတမ်းစာကို ဖုံးဖိထားတဲ့ နေရာမှာပေါ့။

စတာလင် သစ္စာဖောက်သွားခဲ့ပြီဖြစ်တဲ့ လီနင့် တော်လှန်ရေး အမွေအနှစ်ကို ဆက်ကာကွယ်ဖို့ တာဝန်ဟာ ထရော့စကီးပုခုံးပေါ် ကျရောက်လာခဲ့တယ်။ စတာလင်ဝါဒ အောင်ပွဲခံသွားတာဟာ အခြေခံအားဖြင့် ပကတိဘာဝ အကြောင်းအချက်တွေကြောင့်ပဲ။ အထူးသဖြင့် ရုပ်ရှားနိုင်ငံရဲ့ လူမှုစီးပွားဘဝ ဆိုးဆိုးရွားရွား နောက်ကျကျန်နေခြင်းနဲ့ ရုပ်ရှားတော်လှန်ရေး အထီးတည်း ဖြစ်နေခြင်းဆိုတဲ့ အချက်နှစ်ချက်ကြောင့်ပဲ။

တဆက်တည်းလိုလို ဗြိတိန်နဲ့ (အထူးသဖြင့်) တရုတ်နိုင်ငံက တော်လှန်ရေးတွေ ရှုံးနိမ့်သွားခြင်းဟာ နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ရင်း ခြေကုန်လက်ပန်းကျနေတဲ့ ရုပ်ရှား အလုပ်သမားထုကို အကြီးအကျယ် စိတ်ဓါတ်ကျစေခဲ့တယ်။ ဒီလို အလုပ်သမားထု အားအင်ကုန်ခမ်းပြီး စိတ်အားလျော့သွားတဲ့ အခြေအနေမှာ စတာလင် ခေါင်းဆောင်တဲ့ ဗျူရိုကရေစီက အာဏာကို အလုံးစုံ ထိန်းချုပ်သွားခဲ့တယ်။ ကွယ်လွန်သူ လီနင်ရဲ့ ဇနီးသည် ကရု(ပ်)စကာယာ အပြင်းအထန် ကန့်ကွက်နေတဲ့ကြားက လီနင့် ရုပ်အလောင်းကို ဂူဗိမာန်ထဲ ဆေးစိမ်ပြီး ထည့်ထားလိုက်ကြတယ်။

အရင်းရှင်စနစ် ဘက်တော်သားတွေ ပြောကြသလို စတာလင်ဝါဒဟာ လီနင် ဦးဆောင်သော ဒီမိုကရက်တစ် အစိုးရစနစ်ရဲ့ နောက်ဆက်တွဲပဲလို့ ပြောခြင်းဟာ စက်ဆုပ်ဖွယ် မုသားစကားပဲ ။ အမှန်ကိုပြောရရင် လီနင်ဝါဒနဲ့ စတာလင်ဝါဒကြား သွေးမြစ်ကြီး ခြားလျက်ရှိတယ်။ လီနင်က အောက်တိုဘာ တော်လှန်ရေးရဲ့ ဗိသုကာ၊ စတာလင်က အောက်တိုဘာ တော်လှန်ရေးကို မြေမြှုပ်သင်္ဂြိုဟ်သူ။ ဘာမှ မဆိုင်ချေ။

ဒီဂုဏ်ပြုဆောင်းပါးရဲ့ နိဂုံးကို သင့်တင့်လျောက်ပတ်လှတဲ့ ရိုဆာ လူဇင်ဘာ့ဂ် ပြောစကားတွေနဲ့ပဲ အဆုံးသတ်လိုက်ပါမယ်။


“သမိုင်းဝင် အချိန်တခုမှာ ပါတီတရပ်အနေနဲ့ ပေးစွမ်းနိုင်သမျှ ရဲစွမ်းသတ္တိ၊ တော်လှန်ရေး အမြင်ကျယ်မှုနဲ့ ရှေ့နောက် ညီညွတ်မှုတို့ကို လီနင်၊ ထရော့စကီးနဲ့ တခြား ဘော်ရှီဗစ် ရဲဘော်တွေက ကောင်းကောင်းကြီး ပေးစွမ်းနိုင်ခဲ့တယ်။ အနောက်တိုင်း ဆိုရှယ်ဒီမိုကရေစီမှာ ဆိတ်သုဉ်းနေတဲ့ တော်လှန်ရေး ဂုဏ်သိက္ခာနဲ့ စွမ်းဆောင်ရည်တွေကို ဘော်ရှီဗစ် ရဲဘော်တွေက ပုံဖော်နိုင်ခဲ့တယ် ။ ဘော်ရှီဗစ် ရဲဘော်တွေရဲ့ အောက်တိုဘာ အုံကြွမှုဟာ ရုပ်ရှား တော်လှန်ရေးကိုပဲ ကယ်တင်ပေးခဲ့တာ မဟုတ်ဘူး၊ နိုင်ငံတကာ ဆိုရှယ်လစ်ဝါဒရဲ့ ဂုဏ်သိက္ခာကိုပါ အဖတ်ဆည်ပေးနိုင်ခဲ့တယ်။”

သူကွယ်လွန်ပြီး နှစ်ပေါင်းတရာကြာတဲ့အထိ ကျနော်တို့ဟာ ဒီမဟာလူသား၊ သူ့အတွေးအမြင်နဲ့ ရဲစွမ်းသတ္တိကို အလေးပြုဦးညွှတ်နေရဆဲ ဖြစ်တယ်။ လီနင်ဟာ သဘောတရားနဲ့ လက်တွေ့ကို ပေါင်းစပ်ပေးခဲ့သူ ဖြစ်သလို၊ အောက်တိုဘာ တော်လှန်ရေးကို လူပုဂ္ဂိုလ်အသွင်နဲ့ ကိုယ်စားပြုထားသူ ဖြစ်တယ်။ လီနင်နဲ့ ဘော်ရှီဗစ်တွေဟာ ကမ္ဘာကြီးကို ပြောင်းလဲခဲ့ကြတယ်။ ဒီကနေ့ အရင်းရှင်စနစ် အကျပ်အတည်းဆိုက်နေတဲ့ ကာလမှာ ကျနော်တို့ရဲ့ တာဝန်က ဒီအလုပ်ကို ပြီးမြောက်အောင် ဆက်လုပ်ဖို့ပဲ။

နိုင်း(လ်)မွန် မြန်မာပြန်ပြီး လင်းလက် တည်းဖြတ်သည်

(၂၀၁၄ ခုနှစ်က Socialist Appeal စာစောင်ရဲ့ အယ်ဒီတာ Rob Sewell ရေးခဲ့သော In Defence of Lenin ဆောင်းပါးကို မြန်မာလို ဆီလျော်အောင် ဘာသာပြန်ထားခြင်း ဖြစ်ပါတယ်)

# ဘော်ရှီဗစ်ဇင် စာအုပ်
# မြန်မာပြန် အခန်းဆက်




## လင်းလက်မြန်မာပြန်သည်


### *အလုပ်သမား လွတ်မြောက်ရေး အင်အားစု*[1]

ရုရှားပြည်က တော်လှန်ရေး လှုပ်ရှားမှုဟာ အလုပ်သမားထုရဲ့ တော်လှန်ရေး လှုပ်ရှားမှုအနေနဲ့ပဲ အောင်ပွဲရနိုင်မယ်။ ငါတို့အတွက် တခြားထွက်ရပ်လမ်း မရှိ၊ ရှိလဲမရှိနိုင်။ (Plekhanov – speech to the International Socialist Congress, Paris 1889.)

"အကိုင်းအခတ်၊ အရွက်တွေ ဝေဆာနေတဲ့ ကိုယ်ထည်ပြည့်ပြည့် ဝက်သစ်ချပင်ကို အလိုရှိချိန်မှာ ဝက်သစ်ချသီးလောက်နဲ့ ငါတို့မကျေနပ်နိုင်ဘူး"လို့ ဟေဂယ်က မှတ်ချက်ပြုခဲ့ဖူးတယ်။ (G.W.F. Hegel, The Phenomenology of Mind, p. 75.) သို့သော် သစ်တပင် (သို့) တိရစ္ဆာန်တကောင်ကောင်ရဲ့ မျိုးစေ့ထဲမှာ နောင်အခါကြီးထွားဖွံ့ဖြိုးလာဖို့ လိုအပ်သော ဗီဇအစိတ်အပိုင်းတွေ အားလုံး ပါဝင်နေပြီးသား ဖြစ်တယ်။ တော်လှန်ရေး အင်အားစု တရပ် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှာလဲ ဒီသဘောပဲ။ ဒီနေရာမှာ 'ဗီဇအစိတ်အပိုင်း' ဆိုတာ သီအိုရီပဲ၊ အတိတ်သမိုင်း အတွေ့အကြုံမှာ အခြေတည်ပြီး အနှစ်အသားကို ဆွဲထုတ်ထားတဲ့ ယေဘုယျ သဘောတရားတွေ အလျှံပယ် ကိန်းအောင်းနေတာ သီအိုရီပဲ။ သီအိုရီဟာ အဓိကဖြစ်တယ်၊ နောက်ပိုင်း ဖွံ့ဖြိုးမှုအားလုံးက သီအိုရီမှာ မြစ်ဖျားခံလာခြင်း ဖြစ်တယ်။ သူတို့လူစုအရေအတွက် အလွန်နည်းတယ်၊ အဖွဲ့အစည်း သက်တမ်းနုသေးသလို လုပ်နည်းလုပ်ဟန်လဲ မရင့်ကျက်သေးဘူး၊ သို့သော် လေဘာ လှုပ်ရှားမှုအတွက် သီအိုရီ အုတ်မြစ် ချပေးနိုင်ခဲ့တာ အလုပ်သမား လွတ်မြောက်ရေး အင်အားစုရဲ့ မဟာအကျိုးပြုချက်ပဲ။ အဲဒီကာလ လိုအပ်ချက်အရ ဒီအင်အားစုရဲ့ ဦးစားပေးအလုပ်ဟာ တယောက်ရ တယောက်၊ နှစ်ယောက်ရ နှစ်ယောက် စည်းရုံးပြီး ကေဒါဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးရေး၊ မာ့(က်စ်)ဝါဒအခြေခံမူတွေကို ရေရေလည်လည် ဖမ်းဆုပ်မိအောင် ပျိုးထောင်ရေး ဖြစ်ခဲ့တယ်။

"အလုပ်သမား-လယ်သမား လူထုကြီးတရပ်လုံး နားလည်နိုင်စေမယ့် စာပေတရပ် ဖန်တီးရေး ကျနော်တို့ အသည်းအသန် ကြိုးပမ်းကြတယ်။ သို့သော်လဲ ကျနော်တို့ရဲ့ အများနားလည်လွယ်သော စာပေ ထွက်ပေါ်လာရေး ကြိုးပမ်းချက်တွေဟာ အလုပ်သမား လူတန်းစားထဲက 'ပညာတတ်' ခေါင်းဆောင်ပိုင်းကြားမှာပဲ အချိန်တခုအထိ ရှိနေခဲ့တယ်" လို့ ပလက်ခနော့(ဗ်) ရေးခဲ့တယ်။ (Quoted in Istoriya KPSS, vol. 1, p. 132, my em-

1 - The Emancipation of Labour Group




phasis.)

ဒီကာလ ပလက်ခနော့(ဗ်)ရဲ့ စာပေလက်ရာတွေဟာ ပါတီတည်ဆောက်ရေးအတွက် သီအိုရီ အုတ်မြစ် ဖြစ်လာခဲ့တယ်။ အဲဒီအရေးအသား အများစုဟာ ဒီကနေ့အထိ ဂန္တဝင် လက်ရာတွေဖြစ်နေတုန်းပဲ၊ ဒါပေမယ့် မာ့(က်စ်)ဝါဒလေ့လာသူ အတော်များများ သိပ်အလေးမထားမိကြဘူး။ တော်လှန်ရေး အောင်ပြီးတော့ ပလက်ခနော့(ဗ်)ရဲ့ ဒဿနိကဗေဒဆိုင်ရာ စာပေလက်ရာတွေကို ပြန်ထုတ်ဝေဖို့ လီနင် အလေးအနက် တိုက်တွန်းခဲ့တယ်။ တကယ်တော့ အဲဒီအချိန်မှာ သူတို့နှစ်ဦး နိုင်ငံရေးအရ ရန်ဖက်တွေ ဖြစ်နေတာ ကြာခဲ့ပြီ။ ဆိုရှယ်လစ်ဝါဒနဲ့ နိုင်ငံရေး တိုက်ပွဲ၊ ငါတို့ရဲ့ ခြားနားချက်များ၊ အစရှိတဲ့ စာအုပ်တွေအပြင် ပလက်ခနော့(ဗ်)ရဲ့ အပြောင်မြောက်ဆုံး လက်ရာတခုဖြစ်တဲ့ 'On the Development of the Monist View of History' စာအုပ်။ ဒီစာအုပ်တွေထဲမှာ ဒိုင်ယာလက်တစ် ရုပ်ဝါဒနဲ့ သမိုင်းရေး ရုပ်ဝါဒရဲ့ အခြေခံ သဘောတရားတွေကို ကျွမ်းကျင်ပိုင်နိုင်စွာ ရှင်းလင်းတင်ပြထားတာ တွေ့ရလိမ့်မယ်။

ပလက်ခနော့(ဗ်)ရဲ့ တရစပ် ထိုးနှက်ချက်ကြောင့် နရော့နစ်(ခ်) ခေါင်းဆောင်တွေ ကစင့်ကလျား ဖြစ်သွားခဲ့တယ်။ မာ့(က်စ်)ဝါဒီရဲ့ ဝေဖန်ချက်ကို ကြောင်းကျိုးဆီလျော်အောင် ပြန်မချေပနိုင်တဲ့အခါ မကျေမနပ်ဖြစ်ပြီး မလိုတမာ စွပ်စွဲချက်တွေ ထုတ်လွှင့်လာကြတယ်။ (၁၈၈၄ ခုနှစ်ထုတ်၊ အမှတ် ၂) Vestnik Narodnoi Voli စာစောင်က အခုလို စွဲချက်တင်ထားတယ်၊ "သူတို့ [မာ့က်စ်ဝါဒီတွေ] အဖို့ ရုရှား ပြည်သူတွေအပေါ် သွေးစုပ် ခြယ်လှယ်နေသူတွေနဲ့ ရုရှား အစိုးရကို တိုက်ပွဲဝင်ရေးထက် လူထုဆန္ဒ အဖွဲ့နဲ့ စကားစစ်ထိုးရေး ကိစ္စက ရှေ့တန်းရောက်နေတယ်။ (Ibid., p. 136.)

အဲသလို စွပ်စွဲချက်တွေကို သမိုင်းတလျှောက်မှာ မာ့(က်စ်)ဝါဒီတွေ ဘယ့်လောက်တောင် ကြားခဲ့ရပြီလဲ။ သဘောတရားရေး ရှင်းလင်းပြတ်သားမှုကို အခိုင်အမာ တောင်းဆိုခြင်းဆိုတဲ့ ရာဇဝတ်မှုကို ကျူးလွန်ခဲ့လို့၊ မာ့(က်စ်)ဝါဒနဲ့ တခြားသော နိုင်ငံရေး တိမ်းညွတ်မှု ရေစီးကြောင်းတွေကြား နယ်နိမိတ်မျဉ်းကို ရှင်းရှင်းလင်းလင်း ပိုင်းခြားထားလို့ မာ့(က်စ်)ဝါဒကို ဂိုဏ်းဂဏစွဲဝါဒ၊ 'လက်ဝဲ ညီညွတ်ရေး' ဆန့်ကျင်တဲ့ ဝါဒရယ်လို့ အမျိုးမျိုး စွပ်စွဲလေ့ရှိတယ်။ ပလက်ခနော့(ဗ်)တို့ အစုကို တော်လှန်ရေး ညီညွတ်မှု ဖျက်စီးသူတွေ၊ 'အရင်း' ထမ်းပိုးအောက် ပြားပြားဝပ်ငြိမ်ခံသူတွေလို့ စွပ်စွဲပြီး အပြင်းအထန် ဝေဖန်လေ့ရှိတဲ့ နရော့နစ်(ခ်) တီခိုမစ်ရော့(ဗ်)ဟာ နောင်အခါ သက်ဦးဆံပိုင် ဘုရင်စနစ်လိုလားတဲ့ ဖောက်ပြန်ရေး အုပ်စုဆီ ဘက်ပြောင်းသွားခဲ့တယ်။ သေသပ်လှန်းတဲ့ သမိုင်းရဲ့ လှည့်ကွက်တခုပါပဲ။ မူမဲ့'ညီညွတ်ရေး'ကို ထောက်ခံအားပေးသူတွေ အဆုံးသတ်ကျ အလုပ်သမားထု ရန်သူတွေနဲ့ ပေါင်းသွားကြတာ ဒီတကြိမ် ပထမဆုံး မဟုတ်သလို နောက်ဆုံးလဲ မဟုတ်ပေ။

သို့သော်လဲ ရုရှားပြည်တွင်းက လှုပ်ရှားမှုကို ထိုးဖောက်ဝင်ရောက်ရေးဟာ အလွန်ခက်ခဲခဲ့တယ်။ စာအုပ်စာတမ်းတွေ ခိုးသွင်းရတဲ့ ကိစ္စကလဲ အတော်အန္တရာယ်များပါတယ်။ ပြည်ပမှာ ပညာသင်နေတဲ့ ကျောင်းသားတွေ၊ ပရော်ဖက်ရှင်နယ် ပုဂ္ဂိုလ်တွေ အားလပ်ရက် အလည်ပြန်ကြတဲ့အခါ တရားမဝင် စာအုပ်စာတမ်းတွေ ထည့်ပေးလိုက်ရတယ်။ ပြည်တွင်းနဲ့ အချိတ်အဆက်

2 - Rafail Soloveichik

ရဖို့ ပလက်ခနော့(ဗ်) အဖွဲ့သားတွေကို လွှတ်လိုက်ရတဲ့ အခေါက်တွေလဲ ရှိတယ်။ အဲဒီခရီးတွေဟာ အလွန်အန္တရာယ်ကြီးပါတယ်။ အဖမ်းခံရတာက ခပ်များများပါပဲ။ ရုရှား ပြည်တွင်းမှာနေပြီး သူတို့လူစုနဲ့ တိုက်ရိုက်ချိတ်ဆက်မိသူ အလွန်ရှားလာတယ်၊ အဆက်အသွယ်လဲ အတော်ကျဲပါတယ်။ ဒီလို ရှားရှားပါးပါး အချိတ်လေးတွေဟာ ခက်ခက်ခဲခဲ တူးဖော်ယူရတဲ့ ရွှေတုံးလေးတွေလိုပါပဲ။ ၁၈၈၇-၈၈ ခုနှစ်က ပြည်ပရောက် ရုရှား ဆိုရှယ် ဒီမိုကရက် သမဂ္ဂတခုဖွဲ့ဖို့ ကြိုးပမ်းခဲ့သေးတယ်။ ၁၈၈၄ မှာ ရုရှားက ထွက်လာခဲ့တဲ့ ကျောင်းသား ရာဖေး(လ်) ဆိုလိုဗေးချစ်(ခ်)[2] ဦးဆောင်ဖွဲ့ဖို့ လုပ်ခဲ့တာ။ ဒါပေမယ့် ရာဖေး(လ်)က ပလက်ခနော့(ဗ်)တို့ အုပ်စုနဲ့ ပဋိပက္ခဖြစ်ပြီး ရုရှားကို ပြန်သွားခဲ့တယ်။ ၁၈၈၉ ခုနှစ်မှာ ရာဖေး(လ်) အဖမ်းခံရပြီး ထောင်နှစ်ရှည်ကျသွားခဲ့တယ်။ ထောင်ထဲမှာ စိတ်ကျန်းမာရေး ယိုယွင်းပျက်စီးပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တယ်။ ဗူးရစ်(ချ်)က ကျောင်းသားလူငယ် ဂရစ်ဂေါ ဂူကော့စကီး[3] ဆိုတဲ့ အဖွဲ့ဝင် နောက်တဦးလဲ အားခင်မြို့[4]မှာအဖမ်းခံခဲ့ရတယ်။ ဇာဘုရင့် အစိုးရဆီ လွှဲအပ်ခံရပြီး သူလဲ အကျဉ်းထောင်ထဲမှာ သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တယ်။ ဒီလို ဖြစ်ရပ်တွေ မနည်းမနော ရှိခဲ့တယ်။ ဇာဘုရင့် အာဏာပိုင်တွေရဲ့ လက်တံက ရှည်လျားပါတယ်။ အလုပ်သမား လွတ်မြောက်ရေးအင်အားစုအတွင်း သတင်းပေးတွေ၊ အစိုးရဘက်တော်သား သူလျှိုတွေ ထိုးဖောက်ဝင်ရောက်တဲ့ အန္တရာယ်ကို မပြတ်ရင်ဆိုင်ခဲ့ရတယ်။ ခရစ်ရှန် ဟွတ်[5] ဆိုတဲ့ အလုပ်သမားက အဲလို စပိုင်မျိုးပဲ။ ပြည်ပရောက် ရုရှား ဆိုရှယ် ဒီမိုကရက် အဖွဲ့အစည်းတွေထဲ တိုးဝင်သူလျှိုလုပ်ဖို့ ဇာဘုရင့် ရဲတပ်ဖွဲ့က လွှတ်ထားတဲ့သူ။ ဂျာမန် ဆိုရှယ် ဒီမိုကရက်တွေက ဟွတ်ကို ရဲသတင်းပေးမှန်း သိသွားတဲ့အခါ ဆွစ်ဇာလန်ကနေ မောင်းထုတ်လိုက်တယ်။

အဆိုးဆုံးက နိုင်ငံရေးအရ လုံးဝ ထီးတည်းဖြစ်နေတဲ့ ခံစားမှုပဲ။ ဒီကြားထဲ ပြည်ပရောက် နိုင်ငံရေးသမားတွေ တကျက်ကျက် စကားများ ငြင်းခုန်နေကြတော့ ပိုဆိုးပါတယ်။ ပလက်ခနော့(ဗ်) ဝေဖန်ချက်ကြောင့် စပ်ဖျဉ်းဖျဉ်း ဖြစ်နေသော ပြည်ပရောက် နရော့နစ်(ခ်)တွေက သူတို့ကို ‘ဘာကူနင်ဝါဒီတွေ’လို့ ခေါ်ရပါ့မလားဆိုပြီး ဒေါသပေါက်ကွဲကြတယ်၊ လူသိရှင်ကြား ဝန်ချတောင်းပန်ခိုင်းတယ်။ ပြည်ပရောက် နိုင်ငံရေးသမားတွေထဲ အများစုက နရော့နစ်(ခ်)တွေ။ သူတို့က ပလက်ခနော့(ဗ်)တို့ လူစုကို သစ္စာဖောက်တွေ၊ ခွဲထွက်သူတွေလို့ သတ်မှတ်ပြီး မကျေချမ်းနိုင်လောက်အောင် ရန်လိုမုန်းတီးနေကြတယ်။ နောင်အခါ ပလက်ခနော့(ဗ်) ဇနီးက အခုလို ပြန်ပြောခဲ့တယ်၊ “လူထု ဆန္ဒပါတီက လူတွေနဲ့ မစ်ခေးလော့စကီး[6] တို့က အဲဒီကာလ ဂျနီဗာမှာ ခိုလှုံနေတဲ့ နိုင်ငံရေး အသိုင်းအဝိုင်းနဲ့ ရုရှား ကျောင်းသားတွေကြား အတော် ဩဇာညောင်းခဲ့တယ်။” (G.V. Plekhanov, Perepiska GV Plekhanova i PB Aksel’roda, p. 87.)

(ဇာဘုရင်) အလက်ဇန်းဒါး - ၂ အသတ်ခံရပြီးနောက် ရုရှား တပြည်လုံးမှာ မျှော်လင့်ချက် ဆိတ်သုဉ်းနေသော ကာလတခု ကျရောက်လာခဲ့တယ်။ အလက်ဇန်းဒါး - ၃ အစိုးရဲ့ ရဲ့ ခဲကွပ်ထားသော ခေါင်မိုးတွေ [အကျဉ်းထောင်တွေ] မှာ မရဏရဲ့ တိတ်ဆိတ်မှုမျိုး ခိုအောင်းနေခဲ့တယ်။ ငြိမ်းငြိမ်းချမ်းချမ်းနည်းနဲ့ ပြုပြင်ပြောင်းလဲရေး မျှော်လင့်ချက်အားလုံး ပျက်သုဉ်းသွားသလို တော်လှန်ရေး လှုပ်ရှားမှုအားလုံးလဲ အရာမထင် ဖြစ်နေတယ်၊ ဒီတော့ ရုရှား လူ့အဖွဲ့အစည်းအတွင်း စိတ်ပျက်အားငယ်ပြီး လက်လျှော့လိုစိတ်တွေပဲ ကြီးစိုးမင်းမူနေခဲ့တယ်။ ဒီလို ရပ်ဝန်းမှာ ရုပ်လွန်၊ စိတ်တန်ခိုးဆိုင်ရာ တိမ်းညွတ်မှုတွေပဲ ထွက်ပေါ်လာနိုင်တယ်။ (J.P. Nettl, Rosa Luxemburg, vol. 1, p. 44.)

ဒါကတော့ စိတ်ဓာတ်ကျဆင်းဖွယ် ဖောက်ပြန်ရေး ဆယ်စုနှစ်ကို ရိုဆာ လူဇင်ဘတ် ပြန်ပြောင်းအမှတ်ရခဲ့ပုံ ဖြစ်ပါတယ်။ ဇာဘုရင်အသစ် အလက်ဇန်းဒါး - ၃ ဟာ ဧရာမ လူထွားကြီးတယောက်ပါ၊ မြင်းသံခွာကို ကွေးသွားအောင် လက်နဲ့ဖြစ်နိုင်တဲ့သူ၊ သို့သော် အသိဉာဏ်ပညာပိုင်းမှာတော့ လူပုလေးတယောက်ပါပဲ။ တကယ်တော့ ဇာဘုရင်ရဲ့ ကျူတာဟောင်း ပိုဘီဒိုနော့(စ်)ဆက်(ဗ်)[7] ဆိုသူက ရုရှားကို မင်းမူနေတာပါ။ သူဟာ ရုရှား အော်သိုဒေါ့(ခ်စ်) ခရစ်ယာန် ကျောင်းတော်ရဲ့ အမြင့်ဆုံး အာဏာပိုင် အဖွဲ့အစည်း ဖြစ်သော the Holy Synod ရဲ့ ဂိုဏ်းချုပ်ရာထူးကို

3 - Grigor Gukovsky

4- Aachen အနောက်ဂျာမနီက မြို့တမြို့အမည်

5 - Christian Haupt

6 - N.K. Mikhailovsky

7 - Pobedonostsev

ရရှိထားတယ်။ ပိုဘီဒိုနော့(စ်)ဆက်(ဗ်)က အနောက်တိုင်း ဒီမိုက ရေစီဟာ ဟောင်းမြင်းပုပ်သိုးနေပြီ၊ ရုရှား ပေထရီအာခီ စနစ်က သာကောင်းတယ်၊ မီဒီယာတွေကို နှိပ်ကွပ်ရမယ်၊ စာသင်ကျောင်း တွေကို ဘာသာရေးကျောင်းတော်ရဲ့ အထိန်းအကွပ်အောက်မှာ ပဲ ထားရမယ်၊ ဇာဘုရင် အုပ်စိုးမှုဟာ အကြွင်းမဲ့ဖြစ်ရမယ်လို့ စွဲမြဲ ယုံကြည်ထားတယ်။ ကျေးလက်က ခရစ်ယာန် ဘုန်းတော်ကြီး တွေအနေနဲ့ သူတို့အသင်းတော်ပိုင်နက်အတွင်း နေထိုင်သူတွေ ထဲမှာ နိုင်ငံရေးအရ သံသယရှိသူ တယောက်ယောက် တွေ့ခဲ့ရင် ရဲဘက်ကို သတင်းပို့ပေးရတယ်။ သူတို့ဟောကြားမယ့် ဒေသနာ တွေကိုတောင် ဆင်ဆာတင်ရတာမျိုး ရှိခဲ့တယ်။ အော်သိုဒေါ့ (ခ်စ်) မဟုတ်သော၊ ခရစ်ယာန်မဟုတ်သော ဘာသာရေးအားလုံး ကို နှိပ်ကွပ်ပစ်ခဲ့တယ်။ တော်စတွိုင်းဂိုဏ်းသားတွေကို နိုင်ငံတော် နဲ့ ခရစ်ယာန် ကျောင်းတော်အတွက် အန္တရာယ်လို့ သဘောထား ခဲ့တယ်။ တော်စတွိုင်းကို ခရစ်ယာန် အသိုင်းအဝိုင်းကနေ ကြဉ် ထားခဲ့တယ်။ ကျောင်းသား ဆန္ဒပြပွဲ မှန်သမျှကို ရက်ရက်စက်စက် ချေမှုန်းပစ်ခဲ့တယ်။

ခက်ခဲကြမ်းတမ်းတဲ့ ကာလတွေ ဖြစ်ပါတယ်။ မျက်နှာစာ အသီးသီးမှာ ခွာစစ်ကို ကြုံနေရတယ်၊ သဘောတရားရေးဆိုင်ရာ ဒုံရင်းပြန်ဆိုက်မှုနဲ့ နိုင်ငံရေး ရပ်တည်ချက်ကို သရဲဘောကြောင် စွာ စွန့်ခွာမှုတွေ အတော်များခဲ့တယ်။ အရင် နရော့နစ်(ခ်) လမ်းကြောင်းမှာ ထွက်ပေါက်မရှိတော့ဘူး။ အကြမ်းဖက် လုပ်ကြံ ရေးဝါဒကို မဆင်မခြင် သွားလုပ်ပြီး အထိနာထားတဲ့ 'ရဲရဲတောက် တော်လှန်ရေးသမားကြီးတွေ'ဟာ ၁၈၈၀ ဒီဂရီ ကျွမ်းပစ်ပြီး လစ် ဘရယ် ဒုံးဝေးသူများဘက်ကို ရောက်သွားခဲ့တယ်။ အခုတော့ ' အလုပ် သေးသေးလေးတွေ' နဲ့ ယဉ်ကျေးမှု-ပညာရေးဆိုင်ရာ အလုပ်တွေ နိုင်သလောက် လုပ်ကြဖို့ပဲ သူရဲဘောကြောင်စွာ ဆွယ် တရားဟောနေကြပြီ။ နရော့နစ် လှုပ်ရှားမှု ယိုယွင်းပျက်စီးပုံကို မှတ်ချက်ပြုရင်း မားတော့(ဗ်)က အခုလို ရေးခဲ့တယ် -

တော်လှန်သော ပြည်သူ့လွတ်လပ်ရေး[8] အဖွဲ့ ပြိုလဲသွားခြင်း ဟာ ပေါ်ပြူလစ်ဇင် တခုလုံး ပြိုလဲသွားခြင်းလဲ ဖြစ်တယ်။ ဒီမို ကရက်တစ် ပညာတတ် လူတန်းစား အသိုင်းအဝိုင်းမှာ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားပြီး 'နိုင်ငံရေး' ဆိုသော အရာနဲ့ သူတို့ရဲ့ သူရဲကောင်းဝါဒ မစ်ရှင်ကို စိတ်ကုန်သွားကြ တယ်။ ခေနရှင်လူတန်းစားထဲက လစ်ဘရယ် အစိတ်အပိုင်း အကျိုးငှာ အသင့်အတင့် ပျိုးထောင်ပေးခြင်း တမျိုးပါပဲ၊ ဒါဟာ ပေါ်ပြူလစ်ဇင်ကို သစ္စာရှိနေသေးတဲ့ ပညာတတ် အစိတ်အပိုင်း တချို့ ၁၈၈၀ ခုနှစ်များရဲ့ ငြီးငွေ့ဖွယ် ခေတ်ကို ချဉ်းနင်းဝင် ရောက်သွားခဲ့ပြီ ဆိုတဲ့ လက္ခဏာပဲ။ (Quoted in F. Dan, The Origins of Bolshevism, p. 141.)

အလုပ်သမား လွတ်မြောက်ရေး အင်အားစု စတင်ထူထောင် ပြီး ဆယ်နှစ်လောက်ကြာတဲ့အထိ လက်ပန်းလုနီးပါး ပင်မရေစီး ကို ဆန်တက်ခဲ့ရတယ်။ လူငယ်မျိုးဆက်ဆီ လမ်းဖောက်ဖို့ရာ ပ လက်ခနော့(ဗ်)အနေနဲ့ နရော့နစ်(ခ်) အယူအဆတွေ မကင်းစင် သေးသော၊ ရှင်းရှင်းလင်းလင်း တွေးခေါ်နိုင်စွမ်း မရှိသော လူတွေ နဲ့ လက်တွဲလုပ်ခဲ့ရတယ်။ အဲဒီလို အုပ်စုတစုက **ရုရှား လွတ်လပ်ရေး**[9] အမည်ရ ဂျာနယ်လေးတစောင် ထုတ်ခဲ့တယ်။ အဲဒီဂျာနယ် အမှတ်စဉ် ၁ ရဲ့ ခေါင်းကြီးပိုင်းမှာ "အလုပ်သမားနဲ့ လယ်သမားများကို တော်လှန်ရေး လှုပ်ရှားမှု အခြေခံပြီး စည်းရုံး လို့ မဖြစ်နိုင်ကြောင်း"၊ ဒါ့အပြင် မိမိတို့ကို ထောက်ခံအားပေးနေ သူ လစ်ဘရယ်များ နောက်တွန့်သွားစေနိုင်သော အယူအဆတွေ ထုတ်ဖော်တင်ပြခြင်းကိုလဲ ကန့်ကွက်ကြောင်း ရေးထားတယ်။ ရုရှားနဲ့ လှမ်းဆက်သွယ်ရတာကလဲ ပုန်းစလုတ်တောက်တဲ့ ကစားနည်းလိုပါပဲ။ ပြည်ပရောက် အုပ်စုတွေရဲ့ အခြေအနေဟာ ဆိုးသထက်ဆိုးလာခဲ့တယ်။ သူတို့လူစုရဲ့ ခံပြင်းစိတ်ပျက်မှုတွေ ကို ပလက်ခနော့(ဗ်)နဲ့ သူ့လုပ်ဖော်ကိုင်ဖက်တွေကြား ပေးစာ ပြန်စာတွေမှာ တွေ့ရမယ်။ သူတို့လူစုရဲ့ စာပေ ထုတ်ဝေရေး အလုပ်မှာကို အခက်အခဲတွေက တင်းကျမ်းပဲ။ အလုပ်သမား လွတ်မြောက်ရေး အင်အားစုဟာ ငွေကြေး အကျပ်အတည်းကို တောက်လျှောက်ရင်ဆိုင်ခဲ့ရတယ်။ အုပ်စုဝင် အရေအတွက်ကလဲ နည်းသလို ရန်ပုံငွေ ရှာနိုင်စွမ်းလဲ သိပ်မရှိ။ ဒီတော့ သူတို့စာပေ လက်ရာတွေ ထုတ်နိုင်အောင် အမေရိကန် ပြဇာတ်လောကမှာ 'အိန်ဂျယ်တွေ'လို့ ခေါ်လေ့ရှိတဲ့ စာနာထောက်ခံသူ လူချမ်းသာ

8 - People's Freedom

9 - Svobodnaya Rossiya (Free Russia)



တွေရဲ့ ငွေကြေးအထောက်အပံ့ကို မှီခိုခဲ့ရတယ်။ တချို့ဆိုရင် ဆိုရှယ်လစ်လို့တောင် ခံယူမထားသူတွေ။ ဥပမာ၊ 'သုံးလတကြိမ်ထုတ်' Sotsial Demokrat စာစောင်အတွက် ငွေကြေးစိုက်ထုတ်ပေးဖူးတဲ့ ဂူရီယက်(ဗ်)။ များသောအားဖြင့် စာစောင်စာတမ်းတွေကို ပုံမှန်မထုတ်နိုင်ခဲ့ဘူး။ လုပ်သာလုပ်နေရတယ်၊ မျှော်လင့်ချက်မဲ့သလို ဖြစ်သွားတာလဲ မကြာခဏ။ ၁၈၈၅ နွေရာသီမှာ ပလက်ခနော့(ဗ်)က အေဇယ်ရော့(ဒ်)ဆီ အသည်းအသန်ဖြစ်ကာနီး အခြေအနေကို စာလှမ်းရေးတယ် - "အခုဆို ငါတို့တတွေ အသူတရာနက်တဲ့ ကြွေးမြီချောက်နဖူးပေါ် ရောက်နေပြီ၊ ပြုတ်ကျမသွားအောင် ဘာကို လှမ်းဆွဲထားရမလဲ မသိဘူး၊ တွေးလဲ မတွေးနိုင်တော့ဘူး။ အခြေအနေက ဆိုးရွားလွန်းတယ်။" (Perepiska GV Plekhanova i PB Aksel'roda, p. 66 and p. 21.)

၁၈၈ဝ ပြည့်နှစ်တွေရဲ့ အမှောင်နေ့ရက်များမှာ ပလက်ခနော့(ဗ်)နဲ့ သူ့မိသားစု အလွန်ဆင်းရဲကျပ်တည်းခဲ့တယ်။ တခါတလေ လစာလေး မဆိုစလောက်ရဖို့ ရုရှား စာပေကို သီးသန့် သင်ကြားပေးတာမျိုး ပလက်ခနော့(ဗ်) လုပ်ခဲ့ရတယ်။ သားသတ်သမားတဦးပိုင်တဲ့ ဈေးပေါပေါ အဆောင်ကလေးမှာ ပလက်ခနော့(ဗ်) ငှားနေခဲ့တယ်။ အဆောင်ရှင် သားသတ်သမားက အသားပြုတ်နဲ့ ဟင်းချိုချည်း နေ့တိုင်းချက်ကျွေးခဲ့တယ်။ အစားဆင်းရဲ၊ အနေဆင်းရဲမို့ ပလက်ခနော့(ဗ်) ကျန်းမာရေး ယိုယွင်းလာတယ်။ အချိန်အတော်ကြာအောင် အဆုတ်အမြှေးရောင် ရောဂါကြောင့် အသည်းအသန် နာမကျန်း ဖြစ်ခဲ့သေးတယ်။ အဲဒီဒဏ်ကို သူ့တသက်လုံး ခံစားသွားခဲ့ရတယ်။ အလုပ်သမား လွတ်မြောက်ရေး အစုဟာ ဘက်ပေါင်းစုံကလာတဲ့ အညှာအတာကင်းမဲ့လှသော ဖိအားတွေကို ခံခဲ့ရတယ်၊ အလွန်ကြီးမားလှတဲ့ အခက်အခဲတွေကို ရင်ဆိုင်ခဲ့ရတယ်။ ဒါတောင် ပြိုကွဲမသွားခဲ့ဘူး။ အဲသလို ပြိုကွဲမသွားတာဟာ သူတို့စွဲကိုင်ထားတဲ့ အတွေးအခေါ် အယူအဆတွေကို အခိုင်အမာ ယုံကြည်လို့ ဖြစ်သလို ပလက်ခနော့(ဗ်)ရဲ့ နိုင်ငံရေး ဩဇာ၊ အကျင့်သိက္ခာပိုင်း ဩဇာ အလွန်ကြီးမားလို့လဲ ဖြစ်တယ်။ သူတို့အုပ်စုအတွင်း ပလက်ခနော့(ဗ်)က အချုပ်အခြာပဲ။ နိုင်ငံရပ်ခြားမှာ အထီးတည်း ရပ်တည်နေရတာမို့ သူတို့ချင်း နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေး ချည်နှောင်မှု အလွန်အားကောင်းခဲ့တယ်။ ဒီတော့ အလွန်ကျစ်လစ်သိပ်သည်းတဲ့ အသိုင်းအဝိုင်းလေးတခု ဖြစ်လာခဲ့တယ်။ သူတို့လူစုကို 'မိသားစု' လို့ ချစ်စနိုးနဲ့ နာမည်ပြောင်ပေးထားကြတာ အလကား မဟုတ်ဘူး။ ပလက်ခနော့(ဗ်)က အဲဒီ 'အိမ်ထောင်'ရဲ့ ဦးစီး တယောက် ဖြစ်ခဲ့တယ်။ အသိဉာဏ်ပညာပိုင်းမှာ ပလက်ခနော့(ဗ်)က ကျန်လူအားလုံးကို လွှမ်းမိုးထားခဲ့တယ်၊ သို့သော် အရေးတော်ပုံ တခုအတွက် နှစ်ပေါင်းများစွာ ပေးဆပ်ရင်း၊ အတူလက်တွဲ တိုက်ပွဲဝင်ရင်း ပေါက်ဖွားလာတဲ့ အပြန်အလှန် အမှီသဟဲပြုမှု သူတို့ကြားမှာ အခိုင်အမာ အမြစ်တွယ်နေတယ်။ ဒီလို အခြေအနေမှာ ပုဂ္ဂိုလ်ရေးနဲ့ နိုင်ငံရေး ပြဿနာတွေ ရောထွေးကုန်တာ မထူးဆန်းတော့။ အဖွဲ့ဝင်အားလုံး အရေးအကြောင်းရှိလာရင် အားထားရသူဟာ ပလက်ခနော့(ဗ်)ပဲ။ သူတို့တတွေ တွေ့ဝေလာတဲ့အခါ၊ ပုဂ္ဂိုလ်ရေး ဘဝ အကျပ်အတည်း ဆိုက်လာတဲ့အခါ ပလက်ခနော့(ဗ်)ကပဲ စိတ်ဓာတ်ရေးရာ အကူအညီပေးပြီး ဆွဲခေါ်ခဲ့တယ်။

အေဇယ်ရော့(ဒ်)နဲ့ ဇာဆူးလစ်(ဂျ်)တို့ရဲ့ ဘဝအဖြစ်ဆိုးကို ကြည့်ရင် ဝိသေသ နှစ်မျိုးတွေ့ရမယ်။ ပင်ကိုယ်စွမ်းရည်ရှိတဲ့ သူတို့လို

လူတွေဟာ တခြားသော သမိုင်း အခြေအနေတွေမှာဆို ဖြစ်ရပ်တွေကို ပုံဖော်ရာမှာ အလွန်ကြီးမားသော ကဏ္ဍကနေ ပါဝင်လှုပ်ရှားနိုင်ခဲ့လိမ့်မယ်။ နှစ်ပေါင်းများစွာ ပြည်ပမှာပဲ ထီးတည်းနေရခြင်းဟာ သူတို့ရဲ့ စိတ်ပိုင်း၊ အသိဉာဏ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုအပေါ် ဆိုးဆိုးဝါးဝါး သက်ရောက်မှုရှိခဲ့တယ်။ ပလက်ခနော့(ဗ်) အရိပ်အောက်မှာ အလုပ်လုပ်ရင်း သူတို့ရဲ့ တိုးတက်မှုဖြစ်စဉ်ဟာ ငြီးငွေ့စရာ ဖြစ်လာခဲ့တယ်၊ အတွေးသစ်တွေကို စိတ်မကူးနိုင်တော့ဘူး၊ အခြေအနေတွေ ပြောင်းလဲသွားပေမယ့် လိုက်ပါပြောင်းလဲနိုင်ခြင်းမရှိဘဲ တော်လှန်ရေးမှာ လမ်းပျောက်သွားခဲ့တယ်။ သူတို့လူစု ဆယ်စုနှစ်ချီ အလုပ်လုပ်ခဲ့ရတဲ့ အခြေအနေတွေကြောင့် သဘောတရား ဖြန့်ချိရေး အဝန်းအဝိုင်းကျဉ်းကျဉ်းလေးတွေမှာ ဖြစ်ပေါ်နေကျ စိတ်နေသဘောထားမျိုး မလွဲမရှောင်သာ ပေါ်ပေါက်လာလိမ့်မယ်။ လူနည်းနည်းနဲ့ သဘောတရားရေး ဖြန့်ချိမှုတွေ ဦးစားပေးလုပ်နေရတဲ့ ဖြေးဖြေးနှေးနှေး အစောပိုင်း နှစ်များမှာ အဲဒီလို အကြောင်းအချက်တွေက သိပ်အရေးမကြီးလှသေးဘူး။ ရုရှား မာ့(က်စ်)ဝါဒ လှုပ်ရှားမှုအနေနဲ့ ဝါဒဖြန့်ချိရေး အဆင့်ကိုကျော်ပြီး နောက်ထပ်ခြေလှမ်းအသစ်တွေ ထပ်လှမ်းဖို့ လိုအပ်လာချိန်မှာတော့ အလုပ်သမားလွတ်မြောက်ရေး အင်အားစုရဲ့ အပျက်သဘောဆောင်သော ဝိသေသတွေဟာ ထင်ရှားပေါ်ပေါက်လာတော့တယ်။

ဆယ်စုနှစ် နှစ်ခုကြာတဲ့အထိ သူတို့အဖွဲ့ဝင် အရေအတွက်က ဒီအတိုင်းပဲ။ ကနဦး တည်ထောင်သူ တဦးဖြစ်တဲ့ ဗွီအန် အစ်ညာတော့(ဗ်)က စောစောစီးစီး ကွယ်လွန်သွားတာမို့ စွဲထင်ကျန်ရစ်တဲ့အရာ သိပ်များများစားစား မရှိလှဘူး။ (ကနဦး တည်ထောင်သူ နောက်တဦးဖြစ်တဲ့) လီယို ဒူး(ချ်)က စည်းရုံးစီစဉ်ရတဲ့ အလုပ်တွေမှာ အလွန်အားကိုးရသူ ဖြစ်ပါတယ်၊ စာအုပ်စာတမ်း ထုတ်ဝေရေး၊ ဖြန့်ချိရေးဆို သူပဲ ဒိုင်ခံစီစဉ်သွားတယ်။ အေဇယ်ရော့(ဒ်)ဆိုရင် ပင်ကိုယ်အရည်အချင်းရှိတဲ့ ဝါဒဖြန့်ချိရေးသမားကောင်းတယောက်။ လူငယ်အရွယ် လီနင်နဲ့ ထရော့စကီးတို့ သူ့ကိုအထင်ကြီးခဲ့ရတယ်။ အချိန်အတော်ကြာတဲ့အထိ သူ့အမည်ကို ပလက်ခနော့(ဗ်)နာမည်နဲ့ တွဲမြင်ခဲ့ကြတယ်။ ဇာဆူးလစ်(ချ်)က ရိုးသားဖြူစင်သူ၊ ကြင်နာသနားတတ်သူ၊ စိတ်လိုက်မာန်ပါ လုပ်တတ်သူ၊ ပြည်ပြေးဘဝရဲ့ ထရော်မာကို အလူးအလဲ အခံစားရဆုံးသူ။ အလုပ်သမား လွတ်မြောက်ရေး အင်အားစုနဲ့ ရုရှားပြည်တွင်းက တော်လှန်ရေး မျိုးဆက်သစ်ကြားက ကွာဟချက်ကို အမြန်ဖြည့်လိုတဲ့ ဇာဆူးလစ်(ချ်)က လူငယ်တွေဘက်က အပြင်းအထန် ခုခံပြောဆိုပေးလေ့ရှိတယ်။ ပလက်ခနော့(ဗ်)ရဲ့ တင်းခံမှုကို ကျော်လွှားပြီး ပြည်ပရောက် လူငယ် အုပ်စုတွေနဲ့ ပဏာမခြေလှမ်း အသစ်တွေ စမ်းကြည့်ဖို့ အားပေးခဲ့သူလဲ ဖြစ်တယ်။ (သို့သော် မအောင်မြင်ခဲ့တာက ခပ်များများ)။

မာ့(က်စ်)ဝါဒီတွေ စိတ်ရှည်လက်ရှည် ကြိုးပမ်းခဲ့ခြင်းရဲ့ အသီးအပွင့်ကို နောက်ဆုံးမှာ မြင်လာရတယ်။ 'ဂိုဏ်းဂဏစွဲဝါဒ' နဲ့ 'သင်းခွဲရေးသမားတွေ'ဆိုပြီး နရော့နစ်(ခ်)တွေ တအီအီညည်းတွားနေရတဲ့ တကယ့် အကြောင်းရင်းက မာ့(က်စ်)ဝါဒ သဘောတရားတွေက သူတို့နောက်လိုက်တွေအပေါ် လွှမ်းမိုးမှု ရှိလာလို့ပဲ။ ချောင်ပိတ်မိနေသော နရော့နစ် လှုပ်ရှားမှုကနေ ထွက်ရပ်လမ်းရှာဖွေနေကြတဲ့ ရုရှား ပြည်တွင်းက လူငယ် တော်လှန်ရေးသမားတွေအပေါ် ကျွန်ုပ်တို့၏ ခြားနားချက်များ (၁၈၈၅) လို လက်ရာတွေရဲ့ ဩဇာသက်ရောက်မှု ဘယ့်လောက် ရှိခဲ့မလဲဆိုတာ သိဖို့ခက်ပါတယ်။ အဲဒီကာလမှာ နရော့နစ် လှုပ်ရှားမှုရဲ့ ယိုယွင်းပျက်စီးမှုကို အထင်အရှား မြင်နေရပြီ။ (နရော့နစ်(ခ်) ခေါင်းဆောင်တဦးဖြစ်သော) တစ်ခိုမစ်ရော့(ဗ်)က ၁၈၈၈ ခုနှစ်မှာ ***ကျွန်ုပ် ဘာ့ကြောင့် တော်လှန်ရေးသမား မဟုတ်တော့သလဲ***[10]ဆိုတဲ့ ခေါင်းစဉ်နဲ့ လက်ကမ်းစာစောင်တခု ရေးသားထုတ်ဝေခဲ့တယ်။ (ပလက်ခနော့ဗ် စကားထိုးစစ် အတော်များများရဲ့ ပစ်မှတ်ဖြစ်ခဲ့သော) တစ်ခိုမစ်ရော့(ဗ်)ရဲ့ ပြောင်ပြောင်တင်းတင်း သစ္စာဖောက်လုပ်ရပ်နဲ့အတူ နရော့နစ်(ခ်) ခေါင်းဆောင်တွေရဲ့ လက်ယာဘက် ကူးပြောင်းမှုဟာ အထွတ်အထိပ် ရောက်သွားခဲ့တယ်။

နရော့နစ် တော်လှန်ရေး လှုပ်ရှားမှုအဟောင်း ပြိုလဲသွားခြင်းဟာရုရှားပြည်တွင်းက လူငယ်တွေကြား အကြီးအကျယ် ရိုက်ခတ်မှုရှိခဲ့တယ်။ လစ်ဘရယ်ဘက်ယိမ်းသော ပြုပြင်ရေးဝါဒီတွေနဲ့

10 - Why I Ceased to Be a Revolutionary

တော်လှန်ရေး လမ်းကြောင်းသစ်ကို ရှာဖွေလိုသော အထက်မြက်ဆုံး လူငယ်တွေဆိုပြီး ပြတ်ပြတ်သားသား ကွဲထွက်သွားခဲ့တယ်။ ၁၈၈၇ နှစ်အကုန်လောက်မှာ ရုရှားက ပြန်ရောက်လာသော အက်(စ်)အန် ဂျင်း(စ်)ဘာ့(ဂ်)က နရော့နစ်(ခ်) ခေါင်းဆောင် လပ်(ဗ်)ရော့(ဗ်)ဆီ စိုးရိမ်မကင်း လေသံနဲ့ စာလှမ်းရေးခဲ့တယ်။

ကျွန်ုပ်တို့၏ နိုင်ငံရေး ခြားနားချက်များ နဲ့ ဆိုရှယ်လစ်ဝါဒနဲ့ နိုင်ငံရေးတိုက်ပွဲ စာအုပ်တွေက ဩဇာအတော်ရှိနေတယ်။ ကျနော်တို့ ပြတ်ပြတ်သားသား ရင်ဆိုင်ရလိမ့်မယ်။ လူပုဂ္ဂိုလ်တဦးချင်းရဲ့ အရေးပါမှု၊ တော်လှန်ရေးမှာ ပညာတတ် လူတန်းစားရဲ့ အရေးပါမှု၊ ဒါတွေအားလုံးကို အဲဒီစာအုပ်တွေက အပြီးတိုင် ဖျက်စီးပစ်လိုက်ပြီ။ သူ့သဘောတရားတွေနဲ့ ချေဖျက်ခံလိုက်ရသူတွေကို ကျနော်ကိုယ်တိုင် မြင်ခဲ့ရတယ်။ အဓိကက သူ့လေသံပဲ၊ သူ့သဘောတရားတွေ မှန်ကန်ကြောင်း တထစ်ကျ ယုံကြည်ပြီးရဲတင်းလှတယ်။ ရှေ့မျိုးဆက် လျှောက်ခဲ့တဲ့လမ်းနဲ့ သူတို့ရဲ့ သင်ကြားချက်အားလုံးကို ချေမှုန်းပစ်လိုက်တယ်။ သူ့သဘောတရားတွေ ဩဇာသက်ရောက်မှု ရှိနေတာတော့ အသေအချာပဲ။ (Ibid., p. 61.)

ဂျင်း(စ်)ဘာ့(ဂ်) စာမှာ တွေ့ရသလိုပဲ ပြည်ပရောက် မာ့(က်စ်)ဝါဒီတွေ မသိသေးသော်ငြား ရုရှား ပြည်တွင်းမှာ စုဖွဲ့မှုအသစ်တွေ အလျှိုလျှိုပေါ်ထွန်းနေပြီ၊ အဲဒီလူငယ်တွေဟာ အတိတ်က အရေးနိမ့်မှုတွေအကြောင်း ဆွေးနွေးပြီး နိဂုံးချုပ်ချက်ဆွဲကြတယ်၊ လမ်းကြောင်းအသစ်ကို ရှာဖွေကြတယ်။ အဲဒီမှာ ပလက်ခနော့(ဗ်)ရဲ့ အတွေးအခေါ်တွေ မြေဩဇာကောင်းသော မြေလွှာပေါ် ကျရောက်သွားခဲ့တယ်။ ၁၈၉၀ ခုနှစ်များလောက်မှာပဲ သူတို့ အင်အားစုရဲ့ ဩဇာဟာ တနေ့တခြား တိုးပွားလာသော မာ့(က်စ်)ဝါဒီ လူငယ်တွေကြား ကြီးထွားလာခဲ့တယ်။ ပလက်ခနော့(ဗ်)ရဲ့ နာမည်ကို သဘောတရား လေ့လာရေး ယူဂျီ အစုတိုင်းက သိလာသလို ရုရှားပြည်တွင်း ရဲစခန်းတိုင်းကလဲ သိခဲ့တယ်။

လင်းလက် မြန်မာပြန်သည်။ ဆက်လက်ဖော်ပြပါမည်။

Source - https://www.marxist.com/bolshevism-the-road-to-revolution.htm




# မာ့က်စ်ဝါဒ ဘောဂဗေဒ

**Rob Sewell**

သီအိုမြန်မာပြန်သည်

## မာ့က်စ်ဝါဒ ဘောဂဗေဒဆိုတာ ဘာလဲ

အရင်းရှင် စနစ်ဟာ သိမီသူများ မှတ်မိသလောက် ကာလအတွင်း အဆိုးဝါးဆုံး အကျပ်အတည်းကို ရင်ဆိုင်နေရတယ်၊ သမိုင်းတလျှောက် အဆိုးဝါးဆုံး အကျပ်အတည်းလို့ ပြောရင်လဲ ရလိမ့်မယ်။ အကျိုးဆက်အနေနဲ့ ဒီစနစ် အလုပ်လုပ်ပုံကို နားလည်လိုသူတွေ များလာတယ်၊ အထူးသဖြင့် မာ့က်စ်ဝါဒ ဘောဂဗေဒကို ပိုစိတ်ဝင်စားကြတယ်။

ရုတ်တရက် ကြည့်လိုက်ရင် မာ့က်စ်ဝါဒ ဘောဂဗေဒက နားလည်ဖို့ ခက်သလိုပဲ။ အစပိုင်းမှာ ဘာသာစကား အသုံးအနှုန်းတွေကိုက ခက်နေသလိုပဲ။ ဒါကတော့ သိပ္ပံပညာရပ် အားလုံး ဒီလိုပါပဲ။ ဘာသာရပ်အလိုက် သူ့ကိုယ်ပိုင် အတိုကောက် သုံးနှုန်းတဲ့ ဝေါဟာရဆိုတာ လိုအပ်မြဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အခြေခံ သဘောတရားတွေ နားလည်သွားပြီဆိုရင် အတော်လေး လွယ်ကူ ရှင်းလင်းသွားပါလိမ့်မယ်။ အားထုတ်ရကျိုးလဲ နပ်ပါလိမ့်မယ်။ ပြောရရင် ပြန်ရမယ့် အကျိုးကျေးဇူးတွေက တကယ့်ကို မယုံနိုင်စရာပါပဲ။ မသိ နားမလည်နိုင်ဘူးလို့ ထင်ရတဲ့ မေးခွန်း အမြောက်အများကို မာ့က်စ်ဝါဒက အဖြေပေးပါလိမ့်မယ်။ အထူးသဖြင့် အလုပ်သမားတွေ ဘယ်လို သွေးစုပ်ခံနေရသလဲ၊ အရင်းရှင်စနစ်ဟာ ဖွတ်ဖွတ်ညက်ညက် ကြေစေနိုင်တဲ့ အကျပ်အတည်းတွေ ဘာကြောင့် ပုံမှန် ဖြစ်နေရသလဲ၊ ဒီလို အရေးကြီး မေးခွန်းပေါင်း များစွာကို မာ့(က်စ်)ဝါဒက အဖြေပေးနိုင်တယ်။

မာ့က်စ်က စီးပွါးရေးစနစ်ကို ပုဂ္ဂလဓိဋ္ဌာန် ရှုထောင့်ကနေ ဘယ်တော့မှ မကြည့်ဘူး၊ ဓမ္မဓိဋ္ဌာန်ကျကျပဲ ရှုမြင်ခဲ့တယ်။ ပျားအုံတအုံ ဘယ်လို အလုပ်လုပ်သလဲ လေ့လာတဲ့ သဘာဝ သိပ္ပံပညာရှင်တွေရဲ့ ချဉ်းကပ်နည်းနဲ့ အတူတူပါပဲ။ ကျုပ်တို့နေတဲ့ လူ့အဖွဲ့အစည်းကို ကြည့်လိုက်မယ်ဆိုရင် အရာအားလုံးကို ငွေကြေးနဲ့ ကုန်ပစ္စည်း အရောင်းအဝယ် ဆက်ဆံရေးတွေက လွှမ်းမိုးထားသလိုပဲ။ ပိုက်ဆံရှာရေးဟာ အရာအားလုံးရဲ့ မောင်းနှင်အား ဖြစ်နေတယ်။

ငွေကြေး ဆက်ဆံရေးဟာ နေ့စဉ်ဘဝနဲ့ အသိစိတ်ထဲအထိ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်ထားတယ်။ လူကို ငွေနဲ့ တိုင်းတာ အကဲဖြတ်နေချိန် ငွေကြေးကို လူအဖြစ် ခိုင်းနှိုင်းတင်စား လာကြတယ်။ “ကနေ့ ငွေဈေးကွက်မှာ ပေါင်ဈေး ထူထူထောင်ထောင် ဖြစ်လာပြီ” ဆိုတာမျိုး ငွေကြေး သတင်းတွေမှာ ပြောတတ်ကြတယ်။ မသိရင် လူတယောက် ဖျားနေလို့

ကျန်းမာရေး အခြေအနေကို ပြောနေသလိုမျိုးပဲ။ တဘက်မှာတော့ သန်းကြွယ်သူဌေး မြေရှင် ဝက်စ်မင်စတာ မြို့စားကြီးကို သန်းပေါင်းများစွာ "တန်သူ" လို့ ပြောနေကြတယ်။ "ရောင်းကုန်ကိုးကွယ်မှု" လို့ မာ့က်စ် ပြောတဲ့ ဒီထူးထူးဆန်းဆန်း အခြင်းအရာက ဘာကြောင့် ဖြစ်ရတာလဲ။

ရိုးရိုးရှင်းရှင်း ပြောရရင် ဈေးကွက် စီးပွါးရေး စနစ်ကြောင့် ဒီလို ကြောင်တောင်တောင်နိုင်တဲ့ အယူအဆမျိုး ထွက်ပေါ်လာတာပဲ။ ဒီစနစ်အောက်မှာ လူမှု ဆက်ဆံရေးတွေ အားလုံး ပုံပျက်သွားပြီး ငွေပေးချေမှု ဆက်ဆံရေးတွေလို့ပဲ မြင်ကုန်ကြတယ်။ ဒီလို ဆက်ဆံရေးတွေ ကြီးစိုးမင်းမူနေတဲ့ လောကမှာ ရှင်သန်နေကြတာ ဖြစ်လို့ ကျုပ်တို့ရဲ့ အတွေးအခေါ်နဲ့ ရှုမြင်ပုံတွေထဲအထိ ဒီအရာတွေက စိမ့်ဝင်ပျံ့နှံ့နေတယ်။ နမူနာ ပြောရရင် ကျုပ်တို့ ကိုယ်တိုင် ပါဝင်လုပ်ကိုင်နေတဲ့ စီးပွါးရေး လုပ်ဆောင်ချက်တွေကိုပါ အမှန်အတိုင်း မမြင်နိုင်လောက်အောင် ဒီအမြင်က ဖုံးကွယ်ထားတယ်။ ကျုပ်တို့ရဲ့ နေ့စဉ် ဘဝတွေကို ဘာမှန်းမသိနိုင်တဲ့ စွမ်းအားတွေက ချုပ်ကိုင် ခြယ်လှယ်နေတယ်။ ကျုပ်တို့ နောက်ကွယ်မှာ ဖြစ်ပျက်နေတဲ့ ဒီအင်အားစုတွေကို ကောင်းကောင်း နားမလည်ကြဘူး။ သက်မဲ့ အရာဝတ္ထုတွေကို ကိုးကွယ်ပသခဲ့တဲ့ ရှေးဦး လူသားတွေနဲ့ သဘောချင်း အတူတူပဲ ။ ကျုပ်တို့ နေထိုင်တဲ့ လောကကို သဘာဝလွန် တန်ခိုးသိဒ္ဓိတွေ ရှိနေသယောင် ထင်ရတဲ့ ငွေကြေးနဲ့ ရောင်းကုန် ပစ္စည်းတွေက စိုးမိုးခြယ်လှယ်နေတယ်။ ဈေးကွက်ကို ချုပ်ကိုင်နိုင်သူ မရှိပေမယ့် ဈေးကွက်ကတော့ လူတိုင်းကို လွှမ်းမိုးထားတယ်။

ဒီလို အခြေအနေတွေက အမြဲတမ်း ရှိခဲ့တာတော့ မဟုတ်ဘူး။ ဥပမာ ဆိုကြပါစို့၊ မြေရှင်ပဒေသရာဇ် ခေတ်မှာဆိုရင် လူမှုဆက်ဆံရေးတွေဟာ ပြောင်ကျပြီး အတိုင်းသား ထင်ရှားတယ်။ သူတို့ခေတ်က လူမှု ဆက်ဆံရေးတွေဟာ လောကဝတ်တွေအပေါ် အခြေခံတယ်။ အဲဒီ လောကဝတ်တွေဆိုတာလည်း မြေယာပိုင်ဆိုင်မှု အထက်အောက် ဆက်ဆံရေးအပေါ် အခြေတည်ပြီး ထွက်ပေါ်လာတာပဲ။ ဘယ်သူက ဘယ်အဆင့်အတန်းဆိုတာ သတ်သတ်မှတ်မှတ် ရှိပြီးသား၊ ဒီတော့ ကိုယ့်အဆင့်က ဘယ်နေရာလဲဆိုတာ လူတိုင်း သိတယ်။ လူ့အဖွဲ့အစည်းက ပုံသေကားချပ် ဆန်တယ်။

ဒါပေမဲ့ အရင်းရှင်တွေက မြေရှင်ပဒေသရာဇ် စနစ်တခုလုံးကို ရက်ရက်စက်စက် ဖောက်သိမ်းပစ်လိုက်ပြီး အရင်းရှင် လူတန်းစား အုပ်စိုးမှုကို ထူထောင်ခဲ့ကြတယ်။

"ဓနရှင်တို့သည် ၎င်းတို့အသာစီးရသည့် နေရာတိုင်းတွင် ပဒေသရာဇ်ဆန်သော၊ ယောက်ျား ကြီးစိုးသော၊ ကျေးလက်ဆန်သော ဆက်ဆံရေး အားလုံးကို အဆုံးသတ်ပစ်လိုက်သည်။ 'သဘာဝ အရှင်သခင်များ' က တုပ်နှောင်ထားသည့် ပဒေသရာဇ် အနှောင်အဖွဲ့ အမျိုးမျိုးကို ရက်စက်စွာ ဖြတ်တောက်ပစ်လိုက်သည်။ ထိုအခါ ပြောင်ကျသော ကိုယ်ကျိုးစီးပွား၊ စာနာမှုကင်းမဲ့သော 'လက်ငင်း ငွေပေးချေမှု' တို့မှတပါး လူလူချင်း ဆက်ဆံရေးတွင် မည်သည့်အရာမှ မထားရှိတော့ပေ" လို့ မာ့က်စ်နဲ့ အန်ဂယ်(လ်စ်)က ကွန်မြူနစ် ကြေညာစာတမ်းမှာ ဆိုထားပါတယ်။

အတိတ်က လူ့အဖွဲ့အစည်းတွေနဲ့ ယှဉ်ကြည့်ရင် အရင်းရှင်စနစ်က ကုန်ထုတ် စွမ်းအားစုတွေကို တော်လှန်ပြောင်းလဲပစ်တယ်။ ဒါပေမယ့် အရင်းရှင်စနစ်မှာ သူ့ကိုယ်တွင်း ပဋိပက္ခတွေနဲ့ ကိုယ်ပိုင် နိယာမတွေ တသားတည်း ပါလာခဲ့တယ်။ အင်အားကြီးထွားလာတဲ့ အရင်းရှင် လူတန်းစားက လယ်သမားတွေကို လယ်မဲ့ယာမဲ့ ဖြစ်သွားအောင် လုပ်ပစ်လိုက်တယ်။ လယ်သမားတွေကို သူတို့ဘာသာ အမှီအခိုကင်းကင်း လုပ်ကိုင်စားသောက်နိုင်မယ့် ကုန်ထုတ် ပစ္စည်းတွေ ဆုံးရှုံးသွားအောင် အရင်လုပ်ပစ်ပြီး အခစား အလုပ်သမား ဘဝကို တွန်းပို့လိုက်တယ်။ အရင်းရှင်တွေက ကုန်ထုတ် ပစ္စည်းတွေကို လက်ဝါးကြီးအုပ် သိမ်းပိုက်ထားတယ်။ ဒီအခါ မြေကျွန် ဖြစ်ခဲ့ဖူးသူတွေ၊ ပစ္စည်းမဲ့ အလုပ်သမားတွေဟာ (ကုန်ထုတ် ပစ္စည်း) ပိုင်ဆိုင်မှုရှိတဲ့ ပိုင်ရှင်အသစ် (အရင်းရှင်) လက်အောက် အလုပ်ဝင်လုပ်ရတဲ့ ဘဝကို ရောက်ရှိသွားကြတယ်။ ဒီလို ပုံစံအသစ်နဲ့ လူတန်းစား ကွဲထွက်သွားခြင်းဟာ လူမှု စနစ်သစ်ကြောင့် ထွက်ပေါ်လာခြင်း ဖြစ်တယ်။ ဒါဟာ မာ့(က်စ်) ပြောခဲ့တဲ့ "ရှေးဦး အရင်း စုစည်းမှု" ကာလပါပဲ။ ဒီလို နည်းနဲ့ ပေါ်ထွန်းလာတဲ့ အရင်းရှင်စနစ် ကိုယ်ထည်ကြီးကို လက်

နဲ့ စမ်းကြည့်လိုက်မယ်ဆိုရင် "ရှိသမျှ ချွေးပေါက်တိုင်းက သွေးတွေ ယိုစီးနေတာ" တွေ့ရလိမ့်မယ်။ ဒီလို ရက်စက်ကြမ်းကြုတ်လှတဲ့ ဖြစ်စဉ်ကနေ အလုပ်သမား လူတန်းစားနဲ့ သူကြွယ်အသစ် အရင်းရှင် လူတန်းစားတို့ ပေါက်ဖွားလာခဲ့တယ်။ သူတို့မှာ သီးခြား လူတန်းစား အကျိုးစီးပွါးတွေ ရှိကြတယ်။ အင်အားကြီး လူတန်းစားဖြစ်တဲ့ အရင်းရှင်တွေက အလုပ်သမားထုကို မညှာမတာ သွေးစုပ်ခြယ်လှယ်ပြီး အစွန်းထွက် တန်ဖိုး၊ ခနဉစ္စာနဲ့ စီးပွါးရေး ဩဇာတို့ကို ရရှိသွားခဲ့တယ်။

လူတန်းစား လူ့အဖွဲ့အစည်းတိုင်းမှာ သွေးစုပ်သူ လူတန်းစားတွေ ရှိစမြဲ၊ နာမည်တပ် ပြောရရင် ကျွန်ပိုင်ရှင်တွေ၊ ပဒေသရာဇ် မြေရှင်ကြီးတွေနဲ့ အရင်းရှင်တွေ။ ကျေးပိုင်ကျွန်ပိုင် လူ့အဖွဲ့အစည်းမှာ ထုတ်လုပ်သူတွေ (ကျေးကျွန်တွေ) ဟာ ကျွန်ပိုင်ရှင်များရဲ့ ပိုင်ဆိုင်မှု ဖြစ်ခဲ့တယ်။ ပဒေသရာဇ် စနစ်မှာဆိုရင် လယ်ယာစိုက်ပျိုးရေး လူ့အဖွဲ့အစည်းအတွက် အရေးအကြီးဆုံး ကုန်ထုတ် ပစ္စည်းဖြစ်တဲ့ မြေယာကို ပဒေသရာဇ် မြေရှင်ကြီးတွေက ပိုင်ဆိုင်ထားကြတယ်၊ ဒီမြေယာတွေနဲ့ မြေကျွန်တွေကို ပူးချည်ထားခဲ့တယ်။ အရင်းရှင်စနစ်မှာကျ စက်ပစ္စည်း၊ စက်ရုံ အစရှိသော ကုန်ထုတ် ပစ္စည်းတွေကို အရင်းရှင်တွေက ပုဂ္ဂလိက ပစ္စည်းအဖြစ် ပိုင်ဆိုင်ကြတယ်။ အဲဒီလို ကုန်ထုတ် ပစ္စည်းတွေ မပိုင်တဲ့ အလုပ်သမားတွေကတော့ ဘဝရှင်သန်ရေးအတွက် သူတို့ ကိုယ်သူတို့ ရောင်းစားရတယ်၊ ဒီထက် တိတိကျကျ ပြောရရင် သူတို့ရဲ့ လုပ်အားကို ရောင်းစားရတယ်။

ဖလှယ်ဖို့သက်သက် ကုန်ထုတ်လုပ်တဲ့ စနစ် တွင်ကျယ်လာပြီး ကုန်ပစ္စည်း အမျိုးမျိုးကို ထုတ်လုပ်လာတဲ့အခါ အလုပ် ခွဲဝေမှု ပေါ်ပေါက်လာတယ်။ ကုန်ထုတ်လုပ်တယ် ဆိုတာ ဘယ်လူ့အဖွဲ့အစည်းမှာမဆို ပုံမှန်ရှိတဲ့အရာ ဆိုပေမယ့် ဖလှယ်ဖို့ ကုန်ထုတ်လုပ်တာကတော့ လူ့အဖွဲ့အစည်းတိုင်းမှာ ပုံမှန်လို ရှိနေတာ မဟုတ်ပါဘူး။ လယ်သမား လူ့အဖွဲ့အစည်းတွေမှာ ကိုယ်ထုတ်တဲ့ သီးနှံ ကိုယ့်ဘာသာ စားသုံးပြီး ရှင်သန်နေကြတာပဲ၊ ကုန်ဖလှယ်မှုဆိုတာ မရှိခဲ့ဘူး။ ပဒေသရာဇ် စနစ်မှာဆိုရင် ကံကျွေးချမြေယာတွေပေါ် မြေကျွန်တွေ အလုပ်လုပ်ရာက ထွက်လာတဲ့ ပိုလျှံထုတ်ကုန်တွေကို မြေရှင်ကြီးတွေက အသာလေး သိမ်းယူသွားတာပဲ၊ (ဖလှယ်မှု ဆိုတာ မရှိခဲ့ဘူး)။ အရင်းရှင် စနစ်ရောက်မှ ဖလှယ်ဖို့သက်သက် ထုတ်လုပ်ခြင်းဟာ အဓိက ပုံစံ ဖြစ်လာခဲ့တယ်။

မာ့က်စ်က ယေဘုယျသဘော ကုန်ထုတ်လုပ်ခြင်းနဲ့ ဖလှယ်ဖို့သက်သက် ကုန်ထုတ်လုပ်ခြင်းကြား ခြားနားချက်ကို ထင်ထင်ရှားရှားဖြစ်သွားအောင် အသုံးဝင် တန်ဖိုးနဲ့ ဖလှယ်ရ တန်ဖိုး ဆိုပြီး ဝေါဟာရတွေ သီးသန့် ခွဲသုံးခဲ့တယ်။ တန်ဖိုး ဆိုတဲ့ အသုံးအနှုန်းမှာ အဓိပ္ပါယ် နှစ်မျိုး ရှိပါတယ်။ တမျိုးက အသုံးဝင် တန်ဖိုး။ လူသားရဲ့ လိုအင်ဆန္ဒကို ပြည့်ဝစေတဲ့ အရာဖြစ်လို့ အသုံးဝင် တန်ဖိုးလို့ ခေါ်ပါတယ်။ သူ့မှာ အသုံးဝင်ခြင်းဆိုတဲ့ အရည်အသွေး ရှိပါတယ်။ မိုဘိုင်းဖုန်းဟာ ဖုန်းသုံးသူ အချင်းချင်း စကားပြောလို့ရအောင် ဆက်သွယ်ပေးနိုင်တဲ့ စက်ပစ္စည်းတခု ဖြစ်နေလို့ အသုံးဝင် တန်ဖိုးတခု ဖြစ်တယ်။ ဒါပေမဲ့လည်း အသုံးဝင် တန်ဖိုးဆိုတာ ရုပ်အကောင်အထည်အားဖြင့် ရှိနေဖို့ မလိုအပ်ဘူး။ သီဆိုခြင်းဟာ လူတယောက်ကို စိတ်ပျော်ရွှင်မှု ပေးနိုင်လို့ သူ့မှာ အသုံးဝင် တန်ဖိုး ရှိတယ်။ ဒါပေမဲ့ သီဆိုပြီးသွားရင် ကိုင်တွယ်ထိတွေ့နိုင်တဲ့ အရာဝတ္ထုရယ်လို့ မကျန်ခဲ့ဘူး။ တခါ အသုံးဝင် တန်ဖိုးရှိတဲ့ အရာတိုင်းဟာ လူ့အလုပ်နဲ့ ဖန်တီးထားတာ မဟုတ်ပါဘူး။ လေမှာ အသုံးဝင် တန်ဖိုး ရှိပါတယ်။ လေမရှူရရင် လူသားတွေ သေကုန်မှာပါ။ ဒါပေမဲ့ (သဘာဝ) လေရရှိဖို့ ဘာအလုပ်မှ မလိုပါဘူး။ ဒါပေမဲ့လည်း လူ့အလုပ်နဲ့ ဖန်တီးထားတဲ့ ထုတ်ကုန် အားလုံးနီးပါးဟာ အသုံးဝင် တန်ဖိုးတွေပါပဲ။

ဒုတိယ တမျိုးကတော့ ဖလှယ်ရ တန်ဖိုး ဖြစ်ပါတယ်။ ရောင်းကုန်တခုကို အခြား ရောင်းကုန်တခုနဲ့ ဖလှယ်တဲ့အခါ ထင်ဟပ်ပြတဲ့ အရာက ဖလှယ်ရ တန်ဖိုး ဖြစ်ပါတယ်။ ဖိနပ် အရံပေါင်းများစွာကို ဘောင်းဘီ အထည်ပေါင်း များစွာနဲ့ ဖလှယ်လို့ ရပါတယ်။ ရောင်းကုန်ဆိုတာ ရောင်းဖို့ ထုတ်လုပ်တဲ့ ပစ္စည်းတမျိုး ဖြစ်ပါတယ်။ အဲဒီအရာဟာ ဖလှယ်ရ တန်ဖိုး ရှိတဲ့ အသုံးဝင် တန်ဖိုး ဖြစ်ပါတယ်။ မြင်အောင်ပြောရရင် ဈေးကွက်မှာတင်ပြီး ရောင်းချလို့ရတဲ့ အရာတခုခုပေါ့ဗျာ။ ရောင်းကုန်ကို ရောင်းချတဲ့

သူဟာ ဖလှယ်ရ တန်ဖိုးကိုပဲ စိတ်ဝင်စားတယ်။ အဲဒီ ရောင်းကုန်ကနေ ရလာမယ့် ဈေးနှုန်းကလွဲပြီး အခြားဘာမှ စိတ်မဝင်စားဘူး။ ဝယ်သူဘက်ကတော့ အသုံးဝင် တန်ဖိုး (ဒီပစ္စည်း ဘယ်နေရာမှာ အသုံးတည့်မလဲ) နဲ့ ဘယ်လောက် ကျသင့်မလဲ ဆိုတာကိုပဲ စိတ်ဝင်စားတယ်။ ရောင်းကုန်တခုရဲ့ ဖလှယ်ရ တန်ဖိုးကို အဲ့ရောင်းကုန်ရဲ့ တန်ဖိုးက ဆုံးဖြတ်ပါတယ်။

ရောင်းကုန်တခုရဲ့ စရိုက်လက္ခဏာ နှစ်ခုဖြစ်တဲ့ အသုံးဝင် တန်ဖိုးနဲ့ ဖလှယ်ရ တန်ဖိုးတွေဟာ အချင်းချင်းလည်း ယှက်နွယ်နေပါတယ်။ ထုတ်လုပ်လိုက်တဲ့ ရောင်းကုန်တခုက ဘယ်သူ့အတွက်မှ အသုံးမဝင်ဘူးဆိုရင် ဘယ်သူမှ ဝယ်မှာ မဟုတ်လို့ ဖလှယ်လို့ မရနိုင်ပါဘူး။ အဲ့လို အခြေအနေမျိုးမှာ ဖလှယ်ရ တန်ဖိုးဟာလည်း အဓိပ္ပါယ် မရှိတော့ဘူး။ ဒါကြောင့် အဲဒီရောင်းကုန် ထုတ်လုပ်ရာမှာ ထည့်ဝင်ထားတဲ့ အလုပ်ကလည်း အသုံးမဝင်တဲ့ အလုပ် ဖြစ်သွားပါတယ်။

မာ့က်စ်ရဲ့ အလုပ်က ဒီဆက်နွယ်ချက်တွေကို နားလည်ဖို့ ဖြစ်တယ်။ ဒီလို နားလည်ထားလို့ အရင်းရှင် စနစ်အောက်မှာ အလုပ်သမား လူတန်းစားကို ဘယ်လို သွေးစုပ်ခြယ်လှယ်နေသလဲ ဆိုတာတွေ သူ ဖေါ်ထုတ်ပြနိုင်ခဲ့တယ်။ အလုပ် တန်ဖိုး သီအိုရီကို မာ့(က်စ်)က တိုးတက်ချဲ့ထွင်ခဲ့လို့သာ ဒီလို ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်တယ်။ အလုပ် တန်ဖိုး သီအိုရီဟာ အဒမ် စမစ်သ်နဲ့ ဒေးဗစ် ရီကာဒို တို့လို အစောပိုင်း ဘူဇွာ နိုင်ငံရေး ဘောဂဗေဒ ပညာရှင်တွေရဲ့ အုတ်မြစ် ဖြစ်ခဲ့သလို မာ့က်စ်ဝါဒ ဘောဂဗေဒရဲ့အုတ်မြစ်လဲ ဖြစ်လာခဲ့တယ်။

ဒီသီအိုရီရဲ့ အခြေခံ သဘောတရားက ရှင်းရှင်းလေးပါ။ ဒီသီအိုရီရဲ့ အဓိက ဆိုလိုရင်းက အလုပ်ဟာ တန်ဖိုး အားလုံးကို ဖန်တီးပေးတဲ့ ရင်းမြစ် ဖြစ်တယ်။ လုပ်အား စိုက်ထုတ်ပြီး အသုံးဝင် တန်ဖိုးတွေ ထုတ်လုပ်နိုင်မှသာ လူ့အခြေခံ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်မယ်၊ ဒီတော့မှသာ လူသားတွေ အသက်ရှင် ရပ်တည်နိုင်မယ်။ အသက်ရှင်ဖို့ အလုပ် လုပ်မှကို ရပါမယ်။ မှန်ပါတယ်၊ အရင်းရှင် စနစ်မှာလို ကိုယ်တိုင် အလုပ်မလုပ်ဘဲ တခြားသူရဲ့ လုပ်အား အသီးအပွင့်ကို ထိုင်စားနေတဲ့ သွေးစုပ်သူ လူတန်းစားမျိုးလဲ ရှိနိုင်ပါတယ်။ အဲ့ဒါကြောင့် အလုပ် မလုပ်ရင် ကျုပ်တို့ အားလုံး ပျက်သုဉ်းသွားလိမ့်မယ်။ “ဘယ်နိုင်ငံမဆို တနှစ် မပြောနဲ့၊ တပတ် နှစ်ပတ်လောက် အလုပ် မလုပ်ဘဲ နေလိုက်ရင် ပျက်သုဉ်းသွားနိုင်ကြောင်း ကလေးတွေတောင် သိတယ်” လို့ မာ့(က်စ်) ရေးခဲ့ဖူးတယ်။

အရင်းရှင်စနစ် မပေါ်ခင်က ထုတ်လုပ်မှုရဲ့ အများစုက ကိုယ်တိုင်စားသုံးဖို့ပဲ ဖြစ်ပါတယ်။ လယ်သမားတွေက ကောက်ပဲသီးနှံတွေ စိုက်ပျိုးပြီးတော့ သူတို့ လိုအပ်တဲ့ အရာတွေကို ထုတ်လုပ်တယ်။ ပိုလျှံ ထုတ်ကုန် အနည်းအကျဉ်းကိုပဲ ဒေသတွင်းက ဈေးကွက်တွေမှာ ရောင်းချတယ်။ ဒါပေမဲ့ အဲ့လို ရောင်းချတာက သာမညလောက်ပါပဲ။ ဒါပေမဲ့လည်း ဈေးကွက် ကြီးစိုးလာတဲ့အခါ ထုတ်လုပ်သူ အများစုက ရောင်းကုန်တွေကို သူတို့စားသုံးဖို့ ဆိုတာထက် သူများအတွက်၊ ပြောရရင် ဖလှယ်ဖို့သက်သက် ထုတ်လုပ်လာကြတယ်။ ခေတ်သစ် အရင်းရှင် ကုန်ထုတ် ဆက်ဆံရေးတွေက ဒီမှာ သန္ဓေတည်ခဲ့ခြင်း ဖြစ်တယ်။ လူ့အဖွဲ့အစည်း ဆိုင်ရာ အလုပ် ခွဲဝေမှုကြောင့် တဦးကိုတဦး အပြန်အလှန် မှီခိုလာရတယ်။ ဆိုလိုတာက လူတိုင်းက တခြားလူတွေ ထုတ်လုပ်ထားတဲ့ ကုန်ပစ္စည်းတွေကို လိုအပ်တယ်။ ကုန်ဖလှယ်ခြင်းဟာ လူတွေကြားက လူမှု နှောင်ကြိုးပါပဲ။ ဒါဟာ ဖလှယ်ရ တန်ဖိုးတွေ အလုံးအရင်းလိုက် ထုတ်လုပ်နေတဲ့ အထွေထွေ ရောင်းကုန်ထုတ် စနစ်ကြီးရဲ့ အခြေခံပါပဲ။

ရောင်းကုန် ဖလှယ်မှုကို တန်ဖိုးတူချင်း ဖလှယ်ခြင်းဆိုတဲ့ ယူဆချက်အပေါ် အခြေခံပါတယ်။ ပစ္စည်းတခုကို တန်ဖိုးတူ အခြားတခုနဲ့ လဲလှယ်တာပါ။ တချို့ကုန်သည်တွေက ဈေးပေါပေါနဲ့ ဝယ်ပြီး ဈေးကြီးကြီးနဲ့ ပြန်ရောင်းတာမျိုး ရှိပေမယ့် နောက်ဆုံးမှာ အရှုံးနဲ့အမြတ် ထေမိသွားတာပါပဲ။ ရောင်းသူဘက်က ရလိုက်တဲ့ အမြတ်ဟာ ဝယ်သူဘက်က ကြည့်ရင် အရှုံး ဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့် ရောင်းသူအနေနဲ့ ရလိုက်တဲ့ ဒီအမြတ်ဟာ ဝယ်သူနေရာ ရောက်သွားရင် အရှုံး ပြန်ဖြစ်သွားပါတယ်။ လူ့အဖွဲ့အစည်းအနေနဲ့ ကြည့်ရင် ဒီနည်းနဲ့ တန်ဖိုး အသစ် တိုးလာတာ မရှိဘူး၊ ဒါက ရှိပြီးသား (တန်ဖိုးတွေ)ကို ခွဲဝေနေတာ

သက်သက်ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ကုန်ပစ္စည်းချင်း တိုက်ရိုက်လဲလှယ်တဲ့ ဘာတာ ခေတ်ကစလို့ တန်ဖိုးတူ ကုန်ပစ္စည်းချင်း ဖလှယ်ဖို့သာ ရှေးရှုကြိုးပမ်းခဲ့ကြတယ်။

ကျုပ်တို့ ရှင်းပြခဲ့ပြီးသလိုပဲ ရောင်းကုန်ဆိုတာ ဖလှယ်ဖို့အတွက် ထုတ်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ အဲ့ဒီမှာ မေးခွန်းပေါ်လာတယ်။ "ဖလှယ်တယ်ဆိုတာ ဘာကို ဖလှယ်နေကြတာလဲ"။ အရာဝတ္ထုတွေက တခုနဲ့တခု များစွာ ကွဲပြားခြားနားသလို အသုံးဝင်တဲ့ အရာတွေကလည်း တခုနဲ့တခု မတူဘူး။ အဲ့တော့ သူတို့အချင်းချင်း ဘုံတူညီတာ ဘာရှိသလဲ။ တခုနဲ့တခုကို နှိုင်းယှဉ်လို့ရအောင် ဘယ်အရာက လုပ်ပေးနေသလဲ။

သိကြတဲ့အတိုင်းပဲ အဲဒီ ဘုံဝိသေသက အလေးချိန်၊ အရောင်၊ အရွယ်အစား၊ ဒါမှမဟုတ် အခြား ရုပ်ပိုင်းဆိုင်ရာ အရည်အသွေး တခုမှ မဟုတ်ပါဘူး။ အဲ့ဒါတွေက ရောင်းကုန် တခုနဲ့တခုကြား သိသိသာသာကို ကွဲပြားပါတယ်။ ဖိနပ်တရံဟာ ဘောင်းဘီတထည်နဲ့ဆို အများကြီး ကွာခြားပါတယ်။ သူတို့ချင်း ဖလှယ်တဲ့အခါ ဘုံတူတာဆိုလို့ သူတို့အားလုံး လူ့ အလုပ်ရဲ့ ထုတ်ကုန်တွေ ဖြစ်ကြတယ် ဆိုတဲ့ အချက်ပဲ ရှိတယ်။

"သဘာဝတရားသည် စက်ယန္တရား၊ မီးရထား စက်ခေါင်း၊ ရထားလမ်း၊ လျှပ်စစ်ကြေးနန်း၊ ချည်ငင်စက် အစရှိသည်တို့ကို တခုမျှ ဖန်တီးမပေး။ ယင်းတို့သည် လူအများ စုပေါင်းထုတ်လုပ်မှုမှ ထွက်လာသော ပစ္စည်းများ ဖြစ်ပေသည်" လို့ မာ့က်စ် ရှင်းပြခဲ့ဖူးတယ်။ ဒီအရာတွေ ဖန်တီးဖို့ လိုအပ်တဲ့ ကုန်ကြမ်းကို သဘာဝက ပေးထားတာ မှန်ပေမယ့် အဲဒီ ကုန်ကြမ်းတွေကို အသုံးဝင်တန်ဖိုးနဲ့ တန်ဖိုးတွေ ဖြစ်လာအောင် ပြောင်းလဲဖန်တီးပေးတာ အလုပ်ပဲ ဖြစ်ပါတယ်။ သဘာဝက အခမဲ့ ပေးထားတဲ့ ရုပ်ပစ္စည်းတွေမှာ ဘာတန်ဖိုးမှ မရှိသေးဘူး။ အချိန်နဲ့လူ့အားကို သုံးပြီး လူ့အလုပ်က ဖန်တီးလိုက်မှ တန်ဖိုး ထွက်ပေါ်လာခြင်း ဖြစ်တယ်။

ဒါ့ကြောင့်လဲ ကုန်ဖလှယ်တဲ့အခါ ရောင်းကုန်တခုမှာ ထည့်ဝင်ထားတဲ့ ယေဘုယျ အလုပ် ပမာဏကို အခြား ရောင်းကုန်တခုမှာ ထည့်ဝင်ထားတဲ့ ယေဘုယျ အလုပ် ပမာဏနဲ့ ချိန်ထိုးကြည့်နိုင်ခြင်း ဖြစ်တယ်။ လက်ပတ်နာရီ ဘယ်နှလုံးကို ရှူးဖိနပ် ဘယ်နှရံနဲ့ ဖလှယ်လို့ရမလဲ ဆိုရင် ဒီပစ္စည်းတွေ ထုတ်လုပ်ရာမှာ အလုပ်ချိန် ဘယ့်လောက်ကြာသလဲ ဆိုတဲ့ အချက်ပေါ် မူတည်တယ်။ ဒါ့ကြောင့် ဖလှယ်မှုပြုတဲ့အခါ ရောင်းကုန်တွေကို ပုံဆောင်ခဲဖွဲ့ထားတဲ့ အလုပ်ချိန် ပမာဏ တစုံတရာ ရှိသော ပစ္စည်းတွေအဖြစ် မှတ်ယူနိုင်တယ်။ လူ့ လုပ်အား စိုက်ထုတ်ရခြင်းဟာ ထုတ်လုပ်ရေးမှာ ပါဝင်တဲ့ အစစ်အမှန် ကုန်ကျစရိတ် ဖြစ်ပါတယ်။

အစောပိုင်းကာလ ဘူဇွာ ဘောဂဗေဒ ပညာရှင်တွေတောင် ဒီသဘောတရားကို လက်ခံကြပါတယ်။ တန်းဖိုးရဲ့ အများလက်ခံပြီးဖြစ်သော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အဒမ်စမစ်(သ်)ရေးတဲ့ Wealth of Nations (တိုင်းနိုင်ငံတို့၏ ဓနဥစ္စာ) ကျမ်းမှာ မာ့(က်စ်) ပထမဆုံး ဖတ်ခဲ့ရတယ်။ အဲဒီဖွင့်ဆိုချက် စာကြောင်းကို သူ့မှတ်စုစာအုပ်ထဲ အခုလို ကူးထားခဲ့တယ် - "လောကမှာ ရှိသမျှ ဓနဥစ္စာ အားလုံးကို ကနဦး ဆောင်ကျဉ်းပေးခဲ့တာ ရွှေလဲမဟုတ်၊ ငွေလဲမဟုတ်၊ အလုပ်သာ ဖြစ်တယ်။ ဓနဥစ္စာ ပိုင်ဆိုင်ထားသူအဖို့ ဓနရဲ့ တန်ဖိုးဆိုတာ သူရယူပိုင်ဆိုင်နိုင်သော အလုပ်ပမာဏနဲ့ ထပ်တူကျတယ်။"

သို့သော် တန်ဖိုးဟာ လူ့အဖွဲ့အစည်းဆိုင်ရာ ဆက်နွယ်မှုတခု၊ လူအချင်းချင်း ဆက်နွယ်မှုတခု ဖြစ်တယ်ဆိုတဲ့ အရေးကြီး အမှန်တရားကို မာ့(က်စ်) ဖော်ထုတ်ခဲ့ခြင်း ဖြစ်တယ်။ အရင်းရှင်စနစ်အောက်မှာတော့ ဒီဆက်နွယ်မှုက ရုပ်ပစ္စည်းတွေအချင်းချင်း ဆက်နွယ်မှု အဖြစ် " ဆန်းဆန်းပြားပြား အသွင် " ဆောင်နေတယ်။ လူတွေက ကိုယ့်အကျိုးစီးပွားနဲ့ကိုယ် သက်မဲ့ပစ္စည်းတွေကို ရောင်းရေးဝယ်မှု ပြုလုပ်နေကြခြင်း ဖြစ်တယ်။ သက်မဲ့ပစ္စည်းတွေက သူတို့ချင်း ထိစပ်ချင်လို့ လူတွေကို ကြားခံအဖြစ် သုံးနေတာ မဟုတ်ဘူး။ ရောင်းကုန်တွေ သူ့အလိုလို ခြေထောက်ပေါက်ပြီး ဈေးကွက်ထဲ ရောက်သွားတာလဲ မဟုတ်ဘူး။

ရုပ်ပစ္စည်းတွေရဲ့ ပြင်ပ အသွင်သဏ္ဍာန်ကို ကျော်မြင်နိုင်မှသာ မျက်နှာပြင်အောက် အမှန်တကယ် တည်ရှိနေတဲ့ ဆက်နွယ်ချက်တွေကို နားလည်နိုင်မယ်။ အရင်းရှင်စနစ်ကို ပဲ့ကိုင်ခြယ်လှယ်နေတဲ့ နိယာမတွေက လူ့အဖွဲ့အစည်း နောက်ကွယ်မှာ ထင်ရာစိုင်းနေတယ်။ သိပ္ပံပညာရပ် စစ်စစ်ဖြစ်သော မာ့(က်စ်)ဝါဒရဲ့

ရည်ရွယ်ချက်က အဲဒီ အောက်ခံ ဆက်နွယ်ချက်တွေနဲ့ နိယာမ တွေကို ရှာဖွေတူးဖော်ဖို့ ဖြစ်တယ်။

## လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန်

မာ့က်စ်ဝါဒ အနက်အဓိပ္ပါယ်နဲ့ ပြောတဲ့ တန်ဖိုးဆိုတာ တော်တော်ထူးဆန်းတဲ့ အရာတခုလို့ ထင်ရတယ်။ တန်ဖိုးဟာ ရောင်းကုန်တခုရဲ့ သဘာဝ ဒါမှမဟုတ် ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးတခု မဟုတ်ပါဘူး။ အဲ့ဒါကြောင့်ပဲ တန်ဖိုးဆိုတဲ့ အရာကို အားကောင်းလှတဲ့ မိုက်ခရိုစကုပ်တွေနဲ့တောင် မမြင်နိုင် ပါဘူး။ ထိတွေ့ကိုင်တွယ်လို့၊ အနံ့ခံကြည့်လို့လဲ မရပါဘူး၊ သူ့မှာ ရုပ်အသွင် မရှိလို့ပါ။ ဒါပေမဲ့ ဖလှယ်ရ တန်ဖိုး (ဒါမှမဟုတ် “တန်ဖိုး”) က ဒြပ်ဆွဲအားလိုပဲ အမှန်တကယ် ရှိတယ်။ စိတ်ကူး ပေါက်သလို ထင်ရာမြင်ရာ သတ်မှတ်လို့ ရတဲ့ အရာ မဟုတ် ဘူး။

မာ့(က်စ်) ရှင်းပြခဲ့သလိုပဲ တန်ဖိုးဆိုတာ တိကျတဲ့ လူမှု အရည်အသွေးတခု ဖြစ်ပြီး ရောင်းကုန်တွေ အချင်းချင်း ဖလှယ် မှု လုပ်မှသာ ထွက်ပေါ်လာတယ်။ တန်ဖိုးတွေ ဖလှယ်တဲ့အခါ တိကျသော ယေဘုယျ အလုပ် ပမာဏကို လက်ပြောင်းလက်လွှဲ လုပ်လိုက်တာပဲ။ ဆိုကြပါစို့၊ ဖလှယ်တဲ့အခါ စက်ချုပ်သမားတ ယောက်နဲ့ ဆောက်လုပ်ရေး သမားတယောက်ရဲ့ အလုပ်ကို အတူတူလို့ပဲ သဘောထားတယ်။ သူတို့နှစ်ဦးရဲ့ ခြားနားတဲ့ အလုပ် ပုံစံတွေကို ဘေးဖယ်ထားလိုက်ပြီး ဒီပစ္စည်းတွေဟာ ရိုး ရှင်းတဲ့ ယေဘုယျ အလုပ်ရဲ့ ထုတ်ကုန်တွေအဖြစ် သဘောထား လိုက်တယ်။ ဖလှယ်တဲ့အခါ (ရိုးရှင်း၊ မကျွမ်းကျင်၊ ကျွမ်းကျင်မှု မပြည့်စုံ ဒါမှမဟုတ် ကျွမ်းကျင်အလုပ်) အစရှိတဲ့ အလုပ် အမျိုး အစား အားလုံးကို ပျမ်းမျှ အလုပ် ပမာဏ အသီးသီးအဖြစ် လျှော့ချလိုက်တယ်။ ဒီအခါ ကျွမ်းကျင် အလုပ် ဆိုတာ မ ကျွမ်းကျင်သော အလုပ် ပမာဏကို ဆတိုး ပွားထားခြင်းသာ ဖြစ် သွားတယ်။ တန်ဖိုးဟာ လူမှု ဆက်ဆံရေး တခုအနေနဲ့ မတူ ကွဲပြားသော ကုန်ထုတ်လုပ်သူ အသီးသီးရဲ့ အလုပ်တွေကြားက ဆက်ဆံရေးအဖြစ် ထင်ဟပ်ဖော်ပြနေခြင်း ဖြစ်တယ်။ အဲ့ဒါ ကြောင့်ပဲ တန်ဖိုးဆိုတာ သီးခြား အလုပ် ပုံစံ တမျိုးမျိုးရဲ့ ရလဒ် မဟုတ်ဘဲ အကောင်အထည်မဲ့ လူ့အလုပ် (တနည်းအားဖြင့်) ယေဘုယျ အလုပ်ရဲ့ ရလဒ်သာ ဖြစ်တယ်။

အရင်းရှင်တွေက ကုန်ပစ္စည်းတွေကို သူတို့ရဲ့ ကျသင့်တဲ့ တန်ဖိုးအတိုင်း ရောင်းမှာ မဟုတ်ဘူး။ သူတို့က အမြတ်အစွန်း ရှာဖွေနေတာ။ ကုန်ထုတ်လုပ်မှု ဖြစ်စဉ်အတွင်း အလုပ်ကပဲ တန်ဖိုးကို ထုတ်လုပ်ပေးတယ်။ စက်ပစ္စည်းတွေက တန်ဖိုးကို ထုတ်လုပ်ပေးတာ မဟုတ်ဘူး။ သူတို့က ရောင်းကုန် အသစ်တွေ ထဲကို အပွန်းအပါးခံ၊ တနည်းဆိုရရင် တန်ဖိုး အကျခံပြီးတော့ သူ တို့ရဲ့ ကိုယ်ပိုင်တန်ဖိုး နည်းနည်းချင်းစီကို လွှဲပြောင်းပေးရုံပဲ လုပ် တယ်။ ဘယ်အခြေအနေမှာမဆို စက်ပစ္စည်းတွေကို အလုပ်သမား တွေက အသုံးပြုရပါတယ်။ မဟုတ်ရင် ဒီအတိုင်းချည်း ငုတ်တုတ် ထားလို့ကတော့ သူတို့လဲ ဘာမှ ထုတ်မပေးနိုင်ဘူး။ ဒီသဘောပဲ ၊ကုန်ကြမ်းတွေကို ထုတ်လုပ်ရေး ဖြစ်စဉ်အတွင်း သုံးစွဲလိုက်တဲ့ အခါ သူတို့ရဲ့ နဂိုရှိပြီးသား တန်ဖိုးကို ထုတ်ကုန် အသစ်တွေဆီ လွှဲပြောင်းပေးတာပဲ လုပ်နိုင်တယ်။ ဥပမာ၊ စက်ချုပ်သမားတ ယောက် ချုပ်လုပ်နေတဲ့ ကုန်ကြမ်းပစ္စည်းတွေ ရှိမယ်။ ဒီပစ္စည်း တွေက သူတို့မှာ နဂိုရှိပြီးသား တန်ဖိုးတွေကို ထုတ်ကုန်အသစ် ဆီ လွှဲပြောင်းပေးလိုက်တယ်။ အဲဒီလို လွှဲပြောင်းပေးထားတဲ့ တန်ဖိုးတွေထဲကို စက်ချုပ်သမား ဖြတ်/ညှပ်၊ ချုပ် လုပ်အား စိုက်ထုတ်လိုက်လို့ ထွက်ပေါ်လာတဲ့ တန်ဖိုးအသစ်တွေ ထပ် ပေါင်းထည့်ပေးလိုက်တယ်။

ဥပမာပေးရရင် အိမ်တလုံးရဲ့ ကုန်ကျစရိတ်ထဲမှာ အုတ်၊ ဘိလပ်မြေ၊ သစ်၊ ပလာစတာ အစရှိတဲ့ ဆောက်လုပ်ရေး လိုအပ်ချက် ပစ္စည်းတွေရဲ့ ကုန်ကျစရိတ်အပြင် ဆောက်လုပ်ရေး လုပ်သားတွေရဲ့ အလုပ်လည်း ပါတယ်။ သူတို့ရဲ့ စျေးနှုန်းကို ဘယ် အရာက သတ်မှတ်သလဲ။ အုတ်တွေ၊ သစ်တွေ၊ ဘိလပ်မြေ အစ ရှိတဲ့ အရာတွေ အားလုံးကို လူ့အလုပ်နဲ့ ထုတ်လုပ်ထားတာ ဖြစ် ပါတယ်။ အဲ့ဒါကြောင့် ကုန်ကျစရိတ်ဆိုတာ သူတို့ကို ထုတ်လုပ် ရာမှာ ထည့်သွင်းလိုက်ရတဲ့ အလုပ်ချိန် ပမာဏအဖြစ် လျှော့ချ

ပြီး ရှုမြင်လို့ ရပါတယ်။ ဒါ့ကြောင့် ထုတ်လုပ်မှု ကုန်ကျစရိတ်၊ အတိအကျပြောရရင် အဲ့ဒီအရာတွေကို ထုတ်လုပ်ဖို့ လိုအပ်တဲ့ အလုပ်ချိန်က ဈေးနှုန်းကို သတ်မှတ်ပြဋ္ဌာန်းပေးတယ်။ အဲ့ဒီအရာ ဟာ ပစ္စုပ္ပန်နဲ့ အတိတ် အလုပ် (မာ့က်စ် ပြောသလို ပြောရရင် အလုပ်သေနဲ့ အလုပ် အရှင်) တို့ရဲ့ ပေါင်းစပ်မှု ဖြစ်ပါတယ်။

ဒီထက် တိတိကျကျ ပြောရမယ်ဆိုရင် ရောင်းကုန်တခုရဲ့ တန်ဖိုးကို တဦးချင်း အလုပ်ချိန်နဲ့ တိုင်းတာတာ မဟုတ်ဘူး၊ အဲဒီ ကုန်ပစ္စည်း ထုတ်လုပ်ရာမှာ ထည့်ဝင်ထားရတဲ့ လူ့အဖွဲ့အစည်း ဆိုင်ရာ လိုအပ်သော အလုပ်ချိန်နဲ့ တိုင်းတာခြင်း ဖြစ်တယ်။ မာ့က်စ်က "အလုပ်ချိန်" နဲ့ "လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန်" တို့ရဲ့ အဓိက ခြားနားချက်ကို သေချာ ခွဲပြောခဲ့ တယ်။ တန်ဖိုးဆိုတာ ထုတ်လုပ်ရာမှာ ပါဝင်တဲ့ အလုပ် ပမာဏ သက်သက်ကိုပဲ ကြည့်လို့မရဘူး။ အဲ့လိုသာဆို အပျင်းထူတဲ့၊ အလုပ်ကို သွက်သွက်လက်လက် မလုပ်တတ်တဲ့ လုပ်သားတွေ က ကုန်ထုတ်လုပ်ရေးမှာ အချိန်ပိုကြာတာနဲ့ သူတို့ထုတ်ကုန်တွေ က တန်ဖိုး ပိုကြီးသွားလိမ့်မယ်။ ဒါကြီးက အမှားဆိုတာ ထင်ရှား ပါတယ်။ "လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်" က တန်ဖိုးကို ထုတ်လုပ်ပေးခြင်း ဖြစ်တယ်။ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း ရှိနေတဲ့ နည်းပညာ အဆင့်အတန်းနဲ့ ပျမ်းမျှ လူမှု အခြေအနေတွေအရ ကုန်ပစ္စည်း ထုတ်လုပ်ဖို့ ပျမ်းမျှ သုံးစွဲလိုက်ရတဲ့ အလုပ်ကို လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်လို့ ခေါ်ခြင်း ဖြစ်တယ်။ ရောင်းကုန်တခုမှာ လူ့အဖွဲ့အစည်း ဆိုင်ရာ လိုအပ်သော အလုပ် ပါ/မပါ ဆိုတာကိုတော့ ဈေးကွက် ထဲမှာ အဲ့ရောင်းကုန်တွေကို ရောင်းရလား၊ အပယ်ခံရလား ဆို တာက ဆုံးဖြတ်ပေးပါလိမ့်မယ်။

ရောင်းကုန်တခုကို ပျမ်းမျှ လိုအပ်သော အချိန်ထက် ပိုကြာ အောင် ထုတ်ရတယ်ဆိုရင် ပိုသုံးလိုက်ရတဲ့ အလုပ် ချိန်တွေဟာ အသုံးမဝင်တဲ့ အလုပ်ပါပဲ။ ဈေးကွက်ထဲမှာ အဲ့လို "တန်ဖိုးမြင့်" ( ပုံမှန်ထက် ဈေးပိုနေသော) ရောင်းကုန်တွေဆို ဝယ်သူ ရှိမှာ မဟုတ်ဘူး။ လူ့အဖွဲ့အစည်းဆိုင်ရာ ပျမ်းမျှ ကုန်ကျစရိတ်ထက် ပိုကျထားတဲ့ ရောင်းကုန်မှန်သမျှ ရောင်းမစွံ ဖြစ်သွားမယ်၊ မဟုတ် ရင်လဲ အရင်းရှင်ဘက်က အရှုံးခံ ရောင်းရလိမ့်မယ်။ ကုန်ထုတ် သတ္တိမဲ့ အလုပ်တွေ စေခိုင်းနေတဲ့ အရင်းရှင်တွေအနေနဲ့ သူတို့ ရဲ့ ထုတ်ကုန်တွေကို အများ "ပေါက်ဈေး" အတိုင်း လိုက်မရောင်း နိုင်ရင် မကြာခင် လွင့်ထွက်သွားမှာပဲ။ ဈေးနှုန်းတွေဟာ ထုတ်လုပ်ရေးမှာ သုံးလိုက်ရတဲ့ "လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ် သော" အလုပ်ချိန်ကို ထင်ဟပ် ဖော်ပြလေ့ရှိပါတယ်။

ဆက်လက်ဖော်ပြသွားမည်။

မြန်မာပြန်သူ သီအို

source - [https://www.marxist.com/what-is-marxism-book/3.-marxist-economics.htm](https://www.marxist.com/what-is-marxism-book/3.-marxist-economics.htm)


10 – 15 JUNE
2024
VOCÊ É COMUNISTA
你是共产主义者
ARE YOU A COMMUNIST?
COMUNISTA
КОММУНИСТ?
ÊTES-VOUS
WORLD SCHOOL OF COMMUNISM 2024
TOWARDS A REVOLUTIONARY COMMUNIST INTERNATIONAL